# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၃၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းများအား လိုက်နာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်နှင့် ကျေးလက်အထိ ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၆**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐



**ယနေ့ ဖတ်စရာ**

တစ်ဦးမေတ္တာ တစ်ဦးမှာ — ဆောင်းပါး | စာ ၆

စိတ်နဲ့တောင် မပစ်မှားကြနဲ့ — ဆောင်းပါး | စာ ၁၀

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့ ကာတာသို့ ထွက်ခွာ — နိုင်ငံတကာသတင်း | စာ ၁၂

ဗန်းမော်မြို့နယ်၌ တိုင်းရင်းသားတို့၏ ဓလေ့ ကနန်းရိုးရာ ဆွမ်းတော်ကြီး လောင်းလှူပွဲ ကျင်းပ — ပြည်တွင်းသတင်း | စာ ၂၂

# စည်းကမ်းကိုယ်စီ လိုက်နာပါမှ ကပ်ရောဂါဘေး ကင်းဝေးနိုင်မည်

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် များစွာကျဆင်းသွားပြီဖြစ်သည်။ သို့ရာတွင် ဒေသအလိုက် ခွဲခြားကြည့်ပါက ကူးစက်မှုနှုန်းမလျော့ဘဲ တန်းနေဆဲ၊ အချို့ဒေသတွင် ကူးစက်မှုမြင့်မားနေဆဲဖြစ်သည့်အတွက် သတိ၊ ဝီရိယ၊ လုံ့လ ဥဿာဟတို့ လျှော့၍မရသေးဟု ဆိုရမည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုအဖွဲ့ ဖွဲ့စည်း၍ ပြည်သူများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး၊ ပြည်ပမှ ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေး၊ ကာကွယ်ရေးပစ္စည်းများပြည့်စုံစွာ တစ်နိုင်ငံလုံးဖြန့်ကြက်နိုင်ရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပြည်သူများ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များ လိုက်နာစေရန် ဆောင်ရွက်ခဲ့မှု၊ ပြည်သူများ၏ လိုက်နာပူးပေါင်းဆောင်ရွက်မှုများကြောင့် ကူးစက်မှုနှုန်းများ ယခုကဲ့သို့ ကျဆင်းလာခဲ့ရခြင်းဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ် ခေတ်မီအဆင့်မြင့်မားပြီး ခနအင်အားကြီးမားသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးတွင် ဓာတ်ခွဲအတည်ပြုလူနာနှင့် သေဆုံးလူနာအရေအတွက်တို့ ကမ္ဘာ့ထိပ်ဆုံးရောက်နေရခြင်း၌ ယင်းနိုင်ငံရှိ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအားနည်းချက်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ငြင်းဆိုခြင်း၊ ပါးစပ်နှာခေါင်းစည်းတပ်ရန် ငြင်းဆိုခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း လမ်းညွှန်ချက်များအပေါ် လိုက်နာမှုအားနည်းခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုတို့ ကမ္ဘာပေါ်တွင် အများဆုံးအခြေအနေသို့ ရောက်ရှိစေခဲ့ခြင်းဖြစ်သည်။ စည်းမျဉ်း စည်းကမ်းများကို မလိုက်နာပါက ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးကိုပင် ကိုဗစ်-၁၉ က မျက်နှာသာမပေးသည်ကို မိမိတို့သင်ခန်းစာယူကြရန် လိုသည်။

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့များတွင် စည်းကမ်းလိုက်နာမှုများရှိပြီး နယ်များတွင် စည်းကမ်းလိုက်နာမှု အားနည်းနေသည့်အတွက် မြန်မာ့ရုပ်မြင်သံကြား၊ သတင်းဌာနများ၊ အသံလွှင့်ဌာနများမှ တိုင်းရင်းသားဘာသာများဖြင့်ပါ ပညာပေးမှုများ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းများပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူများ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး တိုက်တွန်းဆောင်ရွက်နေရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့ရာ ကူးစက်မှုနှုန်းများပြားနေဆဲဒေသများတွင် ပြည်သူများအား ပညာပေးမှုနှင့် စစ်ဆေးကြပ်မတ်မှုများကို ဖိဖိစီးစီး ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။

ကူးစက်မှုနှုန်း များပြားနေဆဲဖြစ်သည့် ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာများအလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေတို့ကို ဆန်းစစ်ကာ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ပြည်သူများအား အသိပညာပေးရေးနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ စည်းကမ်းများအား လိုက်နာရေးတို့ကို မျက်ခြည်မပြတ် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ စင်စစ်အားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လူတစ်ဦးချင်းစီ လိုက်နာရမည့်အချက်ကလေး အနည်းငယ်မျှမှာ လွန်စွာလွယ်ကူရိုးရှင်းလှပြီး မိမိနှင့်တကွ မိသားစု၊ ပတ်ဝန်းကျင်တို့ကိုပါ ကပ်ရောဂါ မကျရောက်စေရန် ကာကွယ်ပေးနိုင်သည်။ ကပ်ရောဂါ၏ လက်သည်ဗိုင်းရပ်စ်ပိုးမျိုးဗီဇ မည်သို့ပင်ပြောင်းစေကာမူ ရှောင်လွှဲပေးနိုင်သည်လည်းဖြစ်ရာ Mask တပ်၊ လက်ဆေး၊ လူစုလူဝေးရှောင်၊ တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေခွာနေကြခြင်းဖြင့် ကူးစက်မြန်ပြင်းထန်သည့် ကြောက်စရာကပ်ရောဂါဘေးမှ လွတ်ကင်းနိုင်ကြပါစေကြောင်း။ ။

## ရေကြောင်းကုန်စည်ပို့ဆောင်မှုဖြင့် ပို့ကုန်/သွင်းကုန် ကုန်စည်များ စီးဆင်းလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၆**

မြန်မာနိုင်ငံမှ ပြည်ပသို့ပို့ကုန်နှင့် သွင်းကုန်များကို ရေကြောင်းကုန်စည်ပို့ဆောင်မှုဖြင့် ကုန်စည်စီးဆင်းလျက်ရှိကြောင်း သိရသည်။

စက်မှုဇုန်များမှ ပို့ကုန်များ၊ ရေထွက်ကုန်များနှင့် ပြည်ပပို့ကုန်များကို ရေကြောင်းဖြင့် ပို့ဆောင်သည့်နည်းတူ ပြည်ပမှ ကုန်စည်များနှင့် ပြည်သူတို့အတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကိုလည်း တင်သွင်းလျက်ရှိရာ အဆိုပါပစ္စည်းများကို ဆိပ်ကမ်းမှ အမြန်ဆုံးပို့ဆောင်နိုင်ရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိတ်ရက်မရှိ ဆောင်ရွက်မှုဖြင့် ပို့ကုန်/သွင်းကုန်များ စီးဆင်းလျက်ရှိသည်။

နိုင်ငံတော်က ဖော်ဆောင်မှုဖြင့် မတ်လပိုင်းကစ၍ ရေကြောင်းလမ်းမှ ကုန်စည်ပို့ဆောင်မှုကဏ္ဍ ပြန်လည်မြှင့်တင်နိုင်ခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ဝင်/ထွက်သည့် နိုင်ငံတကာ ကုန်တင်သင်္ဘောများ မြန်ဆန်စွာ ဖြတ်သန်းဆိုက်ကပ်နိုင်ရန် တွန်း/ဆွဲ ရေယာဉ်သစ်နှစ်စင်းဖြင့် ဩဂုတ်လနောက်ဆုံးပတ်က ဖြည့်တင်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာလတွင် ကုန်တင်သင်္ဘော ၄၃ စင်းဖြင့် သွင်းကုန်/ထုတ်ကုန်များကို ပို့ဆောင်၊ တင်သွင်းသွားမည် ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ Container Vessel Schedule For September 2021 ထုတ်ပြန်မှုအရ သိရသည်။



ညိမ်းသူ (သတင်းစဉ်)

ဓာတ်ပုံ - ကနူး

## ဆီဆိုင်မြို့နယ်အတွင်းရှိ ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ဆီဆိုင် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ ဦးစားပေးအစီအစဉ်တွင် ပါဝင်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်က ဆီဆိုင်မြို့နယ်အတွင်းရှိ သတ်မှတ်ထားသည့် စုရပ်နေရာများ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ဆီဆိုင်မြို့နယ်တွင် ကာကွယ်ဆေးထိုးနှံခြင်းကို ဆီဆိုင်မြို့နယ်ခန်းမဆောင် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်စံပြကျေးရွာရှိ အုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ဇေတဝန်ကျောင်းတိုက် ဘန်းယဉ်ကျေးရွာအုပ်စု ဘန်းယဉ်ကျေးရွာရှိ ဘုရားကိုးဆူ ဓမ္မာရုံတို့၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မျိုးမြတ်(ဆီဆိုင်)

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၆-၉-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | Injection - Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 2 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 3 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 4 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 5 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 6 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 7 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 8 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 9 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| **Supportive** | | | | |
| 10 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ပင်လောင်းမြို့နယ်ဆေးရုံသို့ CP Auto သွေးစစ်ဆေးသည့် စက်နှင့်ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်း

**ပင်လောင်း စက်တင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်ဆေးရုံတွင် အသုံးပြုရန်အတွက် CP Auto သွေးစစ်ဆေးသည့် စက်နှင့်ဆက်စပ်ပစ္စည်းများကို ယနေ့ နံနက်ပိုင်းက လာရောက်လှူဒါန်းကြောင်း သိရသည်။

ပင်လောင်းမြို့ဈေးတန်းရပ်ကွက်နေ ဦးယုခင်-ဒေါ်တင်နု (ကုန်စုံဆိုင်) သားသမီးမြေးတစ်စုနှင့် ဆိုင်ဝန်ထမ်းများက ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ CP Auto သွေးစစ်ဆေးသည့် စက်နှင့်ဆက်စပ်ပစ္စည်းများကို လာရောက်လှူဒါန်းရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့် အတွင်းရေးမှူး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ခင်သိန်းထွေးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ထွန်းလင်း(ပင်လောင်း)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

**“ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုအချိန်ကာလ ကြာမြင့်လာပြီဖြစ်ကြောင်း၊ အခြားသောနိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်သေးကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ အရှိန်ပြင်းပြင်းဖြင့် ထိရောက်စွာ ဆောင်ရွက်၍ ကိုဗစ်-၁၉ ကပ်ရောဂါအား ထိထိမိမိဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်သည့် အဆင့်သို့ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် လက်ရှိသွားနေသည့် ဦးတည်ချက်များအတိုင်း အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များအား စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်ကြရန်လို”**

❒ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ တတိယလှိုင်းစတင်ဖြစ်ပွားသည့် ဇူလိုင်လမှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဗဟိုအဆင့်ဖွဲ့စည်း၍ အစည်းအဝေးများ ကျင်းပပြုလုပ်ပြီး ဖိဖိစီးစီး ထိထိမိမိဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်ကြောင်း၊ သို့သော် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ များစွာရှိနေသေးကြောင်း၊ စက်တင်ဘာ ၅ ရက်အထိ ကမ္ဘာပေါ်တွင် ကိုဗစ် -၁၉ ကူးစက်သူ ၂၂၁ သန်းကျော်၊ သေဆုံးသူ ၄ ဒသမ ၆ သန်းခန့်ရှိကြောင်း၊ ကူးစက်မှုအများဆုံးမှာ အမေရိကန်နိုင်ငံဖြစ်ပြီး သန်း ၄၀ ကျော်ခန့်ရှိကာ ဒုတိယအများဆုံးမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ၃၃ သန်းခန့်ရှိကြောင်း၊ အာဆီယံနိုင်ငံများထဲတွင် အင်ဒိုနီးရှားနိုင်ငံသည် ကူးစက်မှု ၄ သန်းကျော်ရှိပြီး သေဆုံးသူ ၁၃၆၀၀၀ ကျော်ခန့် သေဆုံးမှုရှိသဖြင့် ပထမအများဆုံးဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ဒုတိယအများဆုံးဖြစ်ပြီး ကူးစက်သူ ၂ သန်းကျော်နှင့် သေဆုံးသူ ၃၄၀၀၀ ကျော်ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဆဋ္ဌမအများဆုံးဖြစ်ပြီး ကူးစက်သူ ၄ သိန်းကျော်နှင့် သေဆုံးသူ ၁၅၈၀၀ ခန့် သေဆုံးသည်ကို တွေ့ရှိရကြောင်း။

### ထက်ဝက်ခန့်အထိ ကျဆင်း

ပြီးခဲ့သည့် ဇူလိုင်လမှစ၍ ကိုဗစ်-၁၉ တတိယလှိုင်း ကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် ထိထိမိမိကိုင်တွယ်၍ ဩဂုတ်လကုန်အတွင်း ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်ခန့်အထိ ကျဆင်းစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဇူလိုင် ၁၄ ရက်တွင် ၂၁၃၅၂ ဦးအား စစ်ဆေးခဲ့ရာ ၇၀၈၃ ဦး တွေ့ရှိခဲ့သဖြင့် စစ်ဆေးသူ၏ ၃၃ ရာခိုင်နှုန်း တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၂ ရက်တွင် ၁၇၂၃၅ ဦးအား စစ်ဆေးခဲ့ရာ ၆၇၀၁ ဦး တွေ့ရှိခဲ့သဖြင့် တွေ့ရှိမှုရာခိုင်နှုန်း ၃၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ အချို့ရက်များတွင်လည်း ၄၀ ရာခိုင်နှုန်းကျော်သည်များ ရှိခဲ့ကြောင်း၊ ထိုသို့ရောဂါကူးစက်မှုနှုန်း မြင့်တက်မှုများအား ထိန်းချုပ်နိုင်ရန်အတွက် ဗဟိုအဖွဲ့အနေဖြင့် ပြည်သူများ ကာကွယ်ဆေးများထိုးနှံနိုင်ရေး၊ ပြည်ပမှ ကာကွယ်ဆေးများဝယ်ယူရရှိနိုင်ရေး၊ ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကလည်း နိုင်ငံတော်အစိုးရကဆောင်ရွက်သည့် လုပ်ငန်းရပ်များအောင်မြင်စေရန်အတွက် ပြည်သူများ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များ လိုက်နာစေရန် ဆောင်ရွက်မှုများနှင့် ပြည်သူများ၏ လိုက်နာပူးပေါင်းဆောင်ရွက်မှုများကြောင့် ကူးစက်မှုနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း။

### ထည့်သွင်းစဉ်းစား

ယခုစက်တင်ဘာလဆန်း၌ ပျမ်းမျှပိုးတွေ့နှုန်းသည် ၁၀ ဒသမ ၃၇ ရာခိုင်နှုန်းသာရှိသဖြင့် ကူးစက်မှုနှုန်းများ များစွာကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အချို့ပြည်နယ်နှင့် တိုင်းများတွင် ကူးစက်မှုနှုန်း များပြားနေသေးသည်ကို တွေ့ရှိနေရသေးကြောင်း၊ ရောဂါကူးစက်မှုစစ်ဆေးရာတွင် နယ်ပယ်ပေါင်းစုံတွင် စစ်ဆေးနိုင်ရေး ဖြစ်နိုင်သမျှ နယ်ပယ်များတွင် စစ်ဆေးခဲ့ရာ တစ်ရက်လျှင် လူဦးရေ ၃ သောင်းကျော်ခန့်အထိ စစ်ဆေးနိုင်ခဲ့ကြောင်း၊ လူတစ်သိန်းတွင်ကူးစက်မှုအား အချိုးချ၍ တွက်ချက်ခဲ့ရာ ကယားပြည်နယ်၌ လူတစ်သိန်းတွင် ကူးစက်သူဦးရေ ၁၉၃ ဦးတွေ့ရှိပြီး ကူးစက်မှုနှုန်းအများဆုံး၊ ကချင်ပြည်နယ်၌ လူတစ်သိန်းတွင် ကူးစက်သူဦးရေ ၉၆ ဦးတွေ့ရှိပြီး ဒုတိယအများဆုံး၊ တနင်္သာရီတိုင်းဒေသကြီးတွင် လူတစ်သိန်းတွင် ကူးစက်သူဦးရေ ၈၄ ဦးတွေ့ရှိပြီး တတိယအများဆုံး၊ ရှမ်းပြည်နယ်တွင် ၈၁ ဦး၊ နေပြည်တော်တွင် ၇၆ ဦး၊ ပဲခူးတိုင်းတွင် ၇၂ ဦး တွေ့ရှိရသဖြင့် ၎င်းတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စစ်ဆေးတွေ့ရှိမှုနှုန်းအရ များပြားနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ကိန်းဂဏန်းများအားကြည့်၍ ဆောင်ရွက်ရန်လိုအပ်သည်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

### စဉ်ဆက်မပြတ် ထုတ်လွှင့်

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြို့များတွင် စည်းကမ်းလိုက်နာမှုများရှိပြီး နယ်များတွင် စည်းကမ်းလိုက်နာမှု အားနည်းနေသည့်အတွက် မြန်မာ့ရုပ်မြင်သံကြားသတင်းဌာနများ၊ အသံလွှင့်ဌာနများမှ တိုင်းရင်းသားဘာသာများဖြင့်ပါ ပညာပေးမှုများ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်း များပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူများ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး တိုက်တွန်းဆောင်ရွက်နေရန်လိုကြောင်း၊ ကာလကြာမြင့်လာချိန်တွင် ပြည်သူများအနေဖြင့် ပေါ့ပေါ့ဆဆဖြင့် သွားလာဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း၊ အချို့ပြည်သူများအနေဖြင့် Mask များ တပ်ဆင်မှုမရှိဘဲ သွားလာလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အချို့ဒေသများတွင် ကိုဗစ် -၁၉ ဆိုင်ရာ စည်းကမ်းများအား တိကျစွာ လိုက်နာကြသော်လည်း အချို့ဒေသများတွင် ကိုဗစ် -၁၉ ဆိုင်ရာ စည်းကမ်းများအား လိုက်နာမှု မရှိဘဲ သွားလာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

### စိစစ်မှုများအား ပြည့်ဝစွာမဆောင်ရွက်နိုင်

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ကိုဗစ် -၁၉ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ ပြည်ပပို့ကုန်များရှိမှသာ နိုင်ငံအတွက် ဝင်ငွေရရှိမည်ဖြစ်ကြောင်း၊ အလားတူ စားသောက်ကုန်များထုတ်လုပ်ရေးနှင့် ပတ်သက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စည်းကမ်းနှင့်အညီဆောင်ရွက်ရေး ခွင့်ပြုပေးထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများအား ကြိုးစားဆောင်ရွက်ခဲ့သဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုများ မြင့်မားစွာ မဖြစ်ပေါ်ခဲ့ကြောင်း၊ အချို့နိုင်ငံများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် အလုပ်သမားများ ရှားပါးမှုကြောင့် စားသောက်ကုန်များ ဈေးနှုန်းများ အလွန်မြင့်မားစွာ မြင့်တက်လျက်ရှိသည်ကို သတင်းများတွင် တွေ့ရှိရကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၌ စားသောက်ကုန်များ ဖူလုံစွာထုတ်လုပ်နိုင်ပါက နိုင်ငံအနေဖြင့် များစွာအဆင်ပြေမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များနှင့် သောကများ သက်သာရာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းများအား လိုက်နာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်နှင့် ကျေးလက်အထိ ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ လူစုလူဝေးဖြင့် ဆောင်ရွက်ခြင်းကိစ္စရပ်များကို ခွင့်ပြုမပေးထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၌ တတိယလှိုင်းစတင်ဖြစ်ပွားချိန်တွင် ပြည်သူများသိရှိစေရေး သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် အချို့သော အားနည်းချက်များကြောင့် စိစစ်မှုများအား ပြည့်ဝစွာမဆောင်ရွက်နိုင်ခဲ့သဖြင့် ကူးစက်မှုနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း။

### စေတနာထားပြီးလုပ်

ထို့နောက် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ခေါ်ယူနေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် **“အိမ်နီးနားချင်းနိုင်ငံတွေက ဝင်လာတာနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားတဲ့အခြေအနေလေး။ ကျွန်တော်တို့ ပြီးခဲ့တဲ့လဆန်းပိုင်းလောက်မှာ အိမ်နီးနားချင်းတိုင်းပြည်တွေမှာလည်း ကျွန်တော်တို့လူမျိုးတွေ၊ ကျွန်တော်တို့ တိုင်းရင်းသားတွေရှိနေတယ်၊ သူတို့လည်း ပြန်လာချင်ကြတယ်၊ ပြန်လာချင်ကြတော့ ကျွန်တော်ပြန်ခေါ်မယ်လို့ ကျွန်တော်ဆုံးဖြတ်ပြီးတော့ ပြန်ခေါ်ခိုင်းပါတယ်။ ကိုယ့်လူမျိုးတွေ အပြင်မှာသွားနေတာ ဒုက္ခသုက္ခနဲ့ ဒီလိုနေမယ့်အစား ကိုယ့်တိုင်းပြည်အတွင်းမှာ ဘယ်လိုပဲဖြစ်ဖြစ် အေးအတူပူအမျှပေ့ါဗျာ၊ အေးအတူပူအမျှ အားလုံး။ ကျွန်တော်တို့က၊ အစိုးရဆိုတာ အရိပ်ပါပဲ၊ နိုင်ငံတော်ကိုပေးထားတဲ့ အရိပ်တစ်ခုပါပဲ။ ဒီအရိပ်က ပြည်သူပြည်သားတွေအေးမြတဲ့ဟာကို ခံစားအောင်ဆိုပြီး ကျွန်တော် ဒါလည်း ကျွန်တော်ဆုံးဖြတ်ပြီးတော့ ခေါ်ခိုင်းတာပါ။ ခေါ်လိုက်ပါ သဘောတူပါတယ်။ အရင်က ပိတ်ပါတယ်၊ ခေါ်လို့မရပါဘူး။ ကျွန်တော့်လက်ထက်မှာ အခုအကုန်လုံးကို ပြန်ခေါ်ပါတယ်။ ပြန်ခေါ်တဲ့အခါကျတော့ တရုတ်နိုင်ငံကဆိုရင် ၁၁၃၁၅ ယောက် ပြန်ဝင်ပါတယ်။ ၅ ရက် ၆ လ ကနေစပြီးတော့ လက်ခံခဲ့တာ အခုနောက်ဆုံး ကျွန်တော့်ကိုတင်ပြတဲ့ Figure အထိပေ့ါ ၁၁၃၁၅ ယောက် ဝင်လာတယ်။ အဲဒီအထဲမှာတော့ ကိုဗစ်စစ်တဲ့အခါမှာ မတွေ့ဘူး။ နောက်တစ်ခါ လာအိုနိုင်ငံက ပြန်ဝင်လာတာ ၂၆၈၀ ရှိတယ်။ များသောအားဖြင့်တော့ တာချီလိတ်ပေ့ါလေ။ တာချီလိတ်၊ ကျိုင်းတုံဘက်ကိုဝင်တဲ့လူတွေဖြစ်ပါတယ်။ ကိုဗစ်စစ်တဲ့အခါကျတော့ ၁၂၃ ယောက် တွေ့တယ်၊ ၈ ဒသမ ၃၂ ရာခိုင်နှုန်း တွေ့ရှိချက်ဖြစ်ပါတယ်။ ထို့အတူပဲ ထိုင်းနိုင်ငံကနေပြီးတော့ ၁၈၅၃၄ ယောက် ပြန်ဝင်ပါတယ်။ ၂၇၁ ယောက် တွေ့တယ်၊ ၁ ဒသမ ၄၈ ရာခိုင်နှုန်း ဖြစ်ပါတယ်။ တကယ်လို့သာ သူတို့က ဟိုဘက်မှာနေခဲ့လို့ရှိရင်၊ ဒီလူတွေရဲ့ဘဝ မျှော်မှန်းချက်က တော်တော့်ကို မတွေးဝံ့စရာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြီးခဲ့တဲ့အပတ်က တချို့ဆိုရောက်လာတဲ့အချိန်မှာ၊ မြေကြီးကိုနမ်းတာတို့ လက်အုပ်ချီကန်တော့တာတို့၊ ဒီလိုဖြစ်ကြတယ်။

ကျွန်တော်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်တိုင်းရင်းသားတော့ ကိုယ့်မြန်မာပြည်ထဲ ရအောင်ပြန်ခေါ်မှာပဲ။ ပြန်လုပ်မှာပဲ။ မလေးရှားမှာလည်း ဒီလိုဖြစ်တာပဲ။ ပြီးခဲ့တဲ့နှစ်ပတ်ကျော်လောက်က Relief Flight နဲ့ ပြန်ခေါ်ဖို့ လုပ်တဲ့အချိန်မှာ စီစဉ်တဲ့တိုင်းရင်းသားတွေမှာပဲ မြန်မာအချင်းချင်း လိမ်သွားတယ်ဗျာ။ လိမ်သွားတော့ ၁၇ ယောက်က အလိမ်ခံပြီး ကျန်ခဲ့ရတယ်။ မလိုက်နိုင်ဘူး။ ကျွန်တော့်ဆီ သတင်းပို့တော့ နိုင်ငံတော်စရိတ်နဲ့ ပြန်ခေါ်ဖို့ပြောခဲ့ပါတယ်။ မနေ့က စစ်တဲ့အချိန်မှာ ဒီအထဲမှာ ၁၀ ယောက်လောက်လား မသိဘူး ပိုးသွားတွေ့တယ်။ Positive တွေ့တယ်။ ကျန်တဲ့သူတွေကကျန်တယ်။ Negative ပေ့ါ။ အဲဒါနဲ့ ကျွန်တော်၊ အစောဆုံး Flight နဲ့ဆို မနက်ဖြန်ပြန်လာမယ်လို့ပြောတယ်။ ကိုယ့်လူပဲ။ ကျန်တဲ့သူတွေလည်း ဆေးတွေရအောင်ကုခိုင်းထားပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေကို ပစ်မထားပါဘူး။ ခုနကပြောတဲ့ ကိုဗစ်နဲ့ပတ်သက်ပြီးတော့။ တခြားကိစ္စနဲ့ပတ်သက်ရင်လည်း ဒီလိုပဲ၊ အခက်အခဲရှိရင် ဆက်သွယ်။ မြန်မာသံရုံးတွေရှိတယ်။ မဖြစ်ဖြစ်အောင် ရအောင်စီစဉ်ပေးမယ်။ တိုင်းပြည်အတွင်းမှာလာခဲ့ဗျာ၊ ပြဿနာရှာလည်းရှာ ကိစ္စမရှိဘူး။ ကျွန်တော် အဲဒီလောက်ထိတော့ စိတ်ရှည်တယ်ဗျ။သူတို့အပေါ်မှာ။ တော်တော်လေးသည်းခံတာ။ တိုင်းရင်းသားနဲ့ ပတ်သက်ရင် ကျွန်တော်တို့က ဒီလိုစိတ်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်မှာရှိတဲ့ ကိုယ့်လူမျိုးတွေကလည်း စောစောကပြောတဲ့ သူ့ရဲ့ သက်ရှည်ကျန်းမာရေးအတွက် ကျွန်တော်တို့ အစိုးရများက စနစ်တကျ ကိုင်တွယ်ပြီးတော့မှ၊ ကိုယ့်ရဲ့သားချင်းလို သဘောထားပြီးတော့မှ မျှမျှတတ စီမံဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ စိတ်ရှည်ပေးပါလို့လည်း ပြောလိုပါတယ်။ စေတနာထားပြီးလုပ်မယ်ဆိုလို့ရှိရင် ဖြစ်နိုင်ပါတယ်”** ဟု ပြောကြားသည်။

### စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်

ယင်းနောက် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုအချိန်ကာလကြာမြင့်လာပြီဖြစ်ကြောင်း၊ အခြားသောနိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် လိုအပ်သေးကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ အရှိန်ပြင်းပြင်းဖြင့် ထိရောက်စွာ ဆောင်ရွက်၍ ကိုဗစ်-၁၉ ကပ်ရောဂါအား ထိထိမိမိဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်သည့်အဆင့်သို့ ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် လက်ရှိသွားနေသည့် ဦးတည်ချက်များအတိုင်း အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များအား စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

*စာမျက်နှာ ၄ သို့*

## ❒ ကိုဗစ် - ၁၉ ရောဂါသည် အတူယှဉ်တွဲနေထိုင်သွားရမည့် သဘောတွင်ရှိသည့်အတွက် ပြည်တွင်းမှ တိုင်းရင်းဆေးဖြင့် ကုသဆေးထုတ်လုပ်ရန် ဆောင်ရွက်နေမှုများကို စနစ်တကျ သုတေသနပြုလုပ်

## ❒ တိုင်းရင်းဆေးနှင့်ပတ်သက်၍ မြန်မာ့ဆေးကျမ်းပါ ဆေးခါးကြီး၊ ဆင်တုံးမနွယ်၊ နံ့သာဖြူ ချင်း တို့ဖြင့် စမ်းသပ်သုတေသနပြုလုပ်ရာတွင် ကာကွယ်ဆေးအပြင် ကုသဆေးအတွက်ပါ နှစ်မျိုးလုံး ထုတ်လုပ်နိုင်အောင် လုပ်ဆောင်

## ❒ အစိုးရ၊ တပ်မတော်အပြင် ပုဂ္ဂလိကဆေးထုတ်လုပ်ရေးစက်ရုံများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် FDA အသိအမှတ်ပြုရေးနှင့် အောင်မြင်မှုအခြေအနေပေါ်မူတည်၍ နိုင်ငံတကာမှ သိရှိနိုင်ရေး ကြေညာလုပ်ဆောင်ရမည်

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ် - ၁၉ ရောဂါ တတိယလှိုင်း ကာလအတွင်း ရောဂါပိုးစစ်ဆေးမှု၊ တွေ့ရှိမှုနှင့် ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာမှု၊ စစ်ဆေးမှုပမာဏကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပိုးကူးစက်မှုနှုန်း မြင့်မားနေဆဲဖြစ်သည့် ဒေသများတွင် အထူးမြို့နယ်များသတ်မှတ်၍ ခတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နေမှု၊ နယ်စပ်ဂိတ်အသီးသီး၌ စနစ်တကျစစ်ဆေး၍ ရောဂါပိုးတွေ့ရှိသူများအား စောင့်ကြည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရောဂါပိုးမတွေ့ရှိသူများကို ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေများ၊ ထိုသို့ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများကို ပိုမိုတိုးမြှင့်စစ်ဆေးနိုင်ရေး RT-PCR Test စက်များ ဖြန့်ခွဲဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဆေးရုံများအလိုက် ICU အခန်းများ အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရောဂါကုသရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများပို့ချပေးနေမှု အခြေအနေများ၊ လက်ရှိအချိန်အထိ ဦးစားပေး သတ်မှတ်ချက်များအလိုက် ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမှုအား IDP Camp များ၊ EAOs များအပါအဝင် မသန်စွမ်းသူများ၊ ရောဂါအခံရှိသူများကိုပါ ဦးတည်အုပ်စုသတ်မှတ်၍ ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများ ထိုးနှံရာတွင် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ထိုးနှံပေးရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်ဆေးများ ရောက်ရှိမှု၊ ထပ်မံမှာယူထားရှိမှု အခြေအနေများနှင့် ထပ်မံဝယ်ယူရရှိနိုင်ရေး ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေများ။

### ပေါင်းစပ်ဆောင်ရွက်ပေးနေ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို အာဆီယံအပါအဝင် ဆွေးနွေးဖက်နိုင်ငံအသီးသီးမှ ပေးပို့လှူဒါန်းရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ Relief Flight များ ပြေးဆွဲပျံသန်း၍ နိုင်ငံသားများကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည့် အခြေအနေများနှင့် ဆက်လက်ပြေးဆွဲသွားမည့် အခြေအနေများ၊ ရောဂါကာကွယ်ကုသထိန်းချုပ်ရေးဆိုင်ရာနှင့် ဆက်စပ်ဆေးဝါးများ၊ စက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခဲ့သည့် အခြေအနေများ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီမံဆောင်ရွက်ပေးထားမှုနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ FDA ၏ ထောက်ခံချက်ဖြင့် ကုန်စည်များ စိစစ်ထုတ်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးနေမှု အခြေအနေများ။

### ဗီဇပြောင်းမျိုးရိုးဗီဇကွဲ ပိုးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ အသိပညာပေးလျက်ရှိသည့် အခြေအနေများ၊ ဗီဇပြောင်းမျိုးရိုးဗီဇကွဲ ပိုးတွေ့ရှိမှုနှင့် သတိပြုနိုင်ရေး ထုတ်လွှင့်ပြသလျက်ရှိသည့် အခြေအနေများ၊ ရောဂါပိုး ကူးစက်ခံခဲ့ရပြီး ပြန်လည်သက်သာလာသူများ၊ ကျန်းမာရေးဝန်ထမ်းများ၏ ကိုယ်တွေ့ခံစားခဲ့ရသည့် အဖြစ်အပျက်များကို ကျန်းမာရေးဆိုင်ရာ ဗဟုသုတရရှိစေရေး အင်တာဗျူးများဖြင့် ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိသည့် အခြေအနေများ၊ နေအိမ်တွင်နေထိုင်ရေး (Stay at Home) ကာလအတွင်း ပြည်သူများ စိတ်ချမ်းမြေ့မှုရရှိစေရေး၊ အသိပညာရရှိရေး၊ စိတ်ဖိစီးမှုများလျော့ကျစေရေး သီချင်းနှင့် ဇာတ်လမ်းတိုများ၊ အင်တာဗျူးအစီအစဉ်များ၊ အငြိမ့်များအပြင် အခြားအစီအစဉ်များစွာကို တင်ဆက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့်ကာလအတွင်း ပရိသတ်များမှ တောင်းဆိုသည့် အစီအစဉ်များကို ဦးစားပေး ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ တိုင်းရင်းသားဘာသာအစီအစဉ်မှ ကိုဗစ်ပညာပေးထုတ်လွှင့်မှုနှင့် တိုင်းရင်းသားနယ်မြေမှ ပရိသတ်များ၏ တုံ့ပြန်မှုအခြေအနေများ။

### ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ

နေအိမ်တွင်နေထိုင်ရေး(Stay at Home) မြို့နယ် ၁၁၉ မြို့နယ်အပြင် နယ်စပ်ဒေသရှိ မြို့ပေါင်း ၆၆ မြို့ကို Spot Check ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စားရေးအခက်အခဲမရှိစေရန်အတွက် အခြေခံစားကုန်များကို ရွေ့လျားဈေးကားများဖြင့် လှည့်လည်ရောင်းချပေးနေမှုနှင့် အခြေခံအိမ်သုံးဆေးဝါးများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများ၊ တပ်မတော်ဆေးရုံများ၊ စင်တာများတွင် စောင့်ကြည့်ကုသမှုများ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ Oxygen Plant များ တည်ဆောက်ပြီးစီးမှု၊ ဆက်လက်တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးပါက ထွက်ရှိလာမည့် အခြေအနေများ၊ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုများတွင် ဗီဇပြောင်းရောဂါမျိုးကွဲများဖြင့် ကူးစက်ပြန့်ပွားခဲ့မှု အခြေအနေများ၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ၊ အောက်ဆီဂျင်များ၊ တစ်ခါသုံးဆေးထိုးအပ်နှင့် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများ။

နိုင်ငံအတွင်း နေ့အလိုက် ရောဂါပိုးစစ်ဆေးမှု၊ ပိုးတွေ့ရှိမှု၊ သေဆုံးမှုဖြစ်စဉ်များအပေါ် သုတေသနပြုလုပ်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မှု အခြေအနေများ၊ တိုင်းရင်းဆေးကို ကုသဆေးအဖြစ် အသုံးပြုနိုင်ရေး သုတေသနပြုလုပ်ဆောင်ရွက်လျက်ရှိရာတွင် တွေ့ရှိမှုများနှင့် အောင်မြင်မှုရရှိနေသည့် အခြေအနေများ။

### လွယ်ကူလျင်မြန်စွာ ပို့ဆောင်

ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေများ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပို့ကုန်၊ သွင်းကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးဂိတ်အချို့အား ကိုဗစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည့် အခြေအနေများ၊ အများပြည်သူအသုံးပြုလျက်ရှိသည့် ဆေးနှင့် ဆေးပစ္စည်းဈေးနှုန်းများ တည်ငြိမ်ကျဆင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်ရောဂါဖြစ်ပေါ်နေသည့် ကာလအတွင်း ရေထွက်ကုန်လုပ်ငန်းမှတစ်ဆင့် ပြည်ပပို့ကုန်လုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ပို့ကုန်၊ သွင်းကုန်များ တင်ပို့ရာတွင် ၎င်းတို့မှတစ်ဆင့် ပိုးကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ထိန်းချုပ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းအရှိန်အဟုန်မပြတ်စေရေးအတွက် ရေလုပ်သားများအား ကာကွယ်ဆေးထိုးနှံပေးရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

### ကြိုတင်လုပ်ဆောင်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုဗစ် - ၁၉ ရောဂါသည် အတူယှဉ်တွဲနေထိုင်သွားရမည့်သဘောတွင်ရှိသည့်အတွက် ပြည်တွင်းမှ တိုင်းရင်းဆေးဖြင့် ကုသဆေးထုတ်လုပ်ရန် ဆောင်ရွက်နေမှုများကို စနစ်တကျ သုတေသနပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးနှင့်ပတ်သက်၍ မြန်မာ့ဆေးကျမ်းပါ ဆေးခါးကြီး၊ ဆင်တုံးမနွယ်၊ နံ့သာဖြူ ချင်း တို့ဖြင့် စမ်းသပ်သုတေသနပြုလုပ်ရာတွင် ကာကွယ်ဆေးအပြင် ကုသဆေးအတွက်ပါ နှစ်မျိုးလုံး ထုတ်လုပ်နိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အစိုးရ၊ တပ်မတော်အပြင် ပုဂ္ဂလိကဆေးထုတ်လုပ်ရေးစက်ရုံများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် FDA အသိအမှတ်ပြုရေးနှင့် အောင်မြင်မှုအခြေအနေပေါ်မူတည်၍ နိုင်ငံတကာမှသိရှိနိုင်ရေး ကြေညာလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်မှုရှိသည့် ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက်လည်း ကြိုတင်လုပ်ဆောင်ထားရန်လိုကြောင်း၊ ရေထွက်ပို့ကုန်များနှင့်ပတ်သက်၍ ကုန်သွယ်ရေးဂိတ်တစ်ခုတည်း သတ်မှတ်မထားဘဲ အလျင်မြန်ဆုံးနှင့် အလွယ်ကူဆုံး ရောက်ရှိပို့ဆောင်နိုင်မည့် အခြားကုန်သွယ်ရေးဂိတ်များကိုလည်း ထည့်သွင်းစဉ်းစားထားရမည်ဖြစ်ကြောင်းနှင့် ပို့ကုန်လုပ်ငန်းသည်လည်း အရေးကြီးသည့်အတွက် ရေလုပ်သားများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စနစ်တကျ စာရင်းပြုစု လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

### ပြည့်ပြည့်စုံစုံလုပ်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း များကို အဓိကတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ "ဒီရောဂါနဲ့ ပတ်သက်ပြီးတော့ ဒါတင်မဟုတ်ဘူး ရေရှည်အတွက်ပါ။ စဉ်းစားဖို့လိုတဲ့ဟာလေးပါ။ အဓိက ကတော့ ကျန်းမာရေးပေါ့။ လူကျန်းမာမှ အသက်ရှည်မယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်။ ကျန်းမာမှ ပညာသင်ကြားနိုင်မယ်။ ကျန်းမာမှဆိုတော့ အခု ရောဂါကင်းစင်မှသာ။ အလုပ်အကိုင် အခွင့်အလမ်းက ဖွင့်ပေးလို့ရမယ်။ အခု ရောဂါကင်းစင်မှလည်း ပညာရေးက။ ကျောင်းက ဖွင့်ပေးလို့ရမယ်။ ဒီဟာကတော့ ကျွန်တော်တို့အတွက် ကိုဗစ်သည် ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုပဲ။ ဒါ တကယ့်ကို။ ထိပ်တန်းလုပ်ငန်း။ တကယ့်ကို ဦးစားပေးလုပ်ငန်းပေါ့။ တိုင်းပြည်က အဓိက ဦးစားပေးလုပ်ငန်းတွေထက် ဦးစားပေး ဆောင်ရွက်ဖို့ ပြောလိုပါတယ်။ ဝန်ကြီးဌာနတွေရော။ ပြည်နယ်နှင့် တိုင်းအစိုးရတွေရော။ ကိုဗစ်ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး။ ဒါကို တကယ့်ထိပ်တန်း တာဝန်တစ်ရပ်အနေနဲ့ လုပ်ကြပါလို့ ကျွန်တော် ပြောလိုပါတယ်။ အဲ့ဒီတော့၊ ဘက်ပေါင်းစုံကနေ၊ လုပ်ရတာတွေရှိတယ်။ အဓိက ကတော့။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြီးတော့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး။ ဒီနှစ်ခုကတော့ တကယ့်ကို ရှေ့တန်းကျကျလုပ်ရမယ့် အဖွဲ့အစည်းတွေ ဖြစ်လာတာပေ့ါ။ လုံးဝလည်း ဒါတွေက အလျှော့ပေးလို့မရပါဘူး။ လိုအပ်တဲ့ Facility လည်း ကျွန်တော်က အပြည့်ဖြစ်အောင် ဥပမာအားဖြင့်- ဆေးလိုရင် ဆေးရအောင်ပေးရမယ်။ ဆေး၊ ဆေးပစ္စည်း ဒါတွေ ရအောင်လုပ်ပေးရမယ်။ အဲ့ဒီတော့ ကျန်းမာရေးဝန်ထမ်းတွေကို ကောင်းကောင်းမွန်မွန် တာဝန်ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရမယ်။ လိုအပ်တဲ့ အုပ်ချုပ်မှု၊ ထောက်ပံ့မှုကိစ္စတွေ ပြည့်ပြည့်စုံစုံလုပ်ပေးရမယ်။ ပြည်သူတွေ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ ဖြစ်သလို။ ကျန်းမာရေးဝန်ထမ်းတွေလည်း ကျန်းမာမှ၊ သူတို့လည်း ရောဂါစောင့်ရှောက်ရေးကို လုပ်နိုင်မှာဖြစ်တယ်။ ရောဂါ ကာကွယ်ဆေးထိုးနိုင်မှာဖြစ်တယ်။ ဒါ့ကြောင့် အစိုးရအသီးသီးများ၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ။ ကျန်းမာရေးအဖွဲ့အစည်းတွေရဲ့ တာဝန်ထမ်းဆောင်နိုင်မှုအပေါ်မှာ အလေးထားပေးဖို့၊ ဆောင်ရွက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်" ဟု ပြောကြားသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဆက်လက်ပြောကြားရာတွင် ကျန်းမာရေးကောင်းမွန်စေရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်ကောင်းမွန်သည့် နေထိုင်မှုဓလေ့စရိုက်များအပြင် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လေကောင်းလေသန့်ရရှိရေး၊ မိမိတို့၏ နေအိမ်၊ ရုံးဌာနများ၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အမှိုက်များကိုလည်း စနစ်တကျစွန့်ပစ်နိုင်ရေး လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပေးမည်ဆိုပါက ကျန်းမာရေးကောင်းမွန်မှုအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ အားနည်းမှုရှိပြီး လွဲမှားစွာဖြင့် နားလည်နေမှုများလည်း ရှိကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

**အဓိကထား လုပ်ဆောင်**

ကာကွယ်ဆေးနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ဆေးထိုးနှံပေးမှုများရှိပြီး ပုဂ္ဂလိကဆေးရုံ၊ ကုမ္ပဏီများမှ လှူဒါန်းမှုများလည်း ရှိကြောင်း၊ ထို့ပြင် မိမိအစီအစဉ်ဖြင့် ထိုးနေမှုများကိုလည်း တွေ့ရှိရကြောင်း၊ သို့ရာတွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများအား ကျန်းမာရေးဝန်ကြီးဌာနကသာလျှင် အဓိကထား လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဆေးထိုးနှံမှုများ စနစ်တကျရှိစေရန်နှင့် အန္တရာယ်မရှိစေရေးအတွက် အတိအကျလိုက်နာမှုရှိစေရေး မြို့နယ်များအလိုက် ထိန်းချုပ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးသိုလှောင်မှုနှင့်ပတ်သက်၍ စနစ်တကျ နည်းလမ်းတကျသိုလှောင်မှုမရှိပါက ဆေးအာနိသင်များ လျော့နည်းခြင်း၊ အာနိသင်မရှိခြင်းများ ဖြစ်နိုင်သဖြင့် စနစ်တကျသိုလှောင်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိဘပြည်သူများ သုံးစွဲလျက်ရှိသည့် အိမ်သုံးအခြေခံဆေးဝါးများကို ဈေးနှုန်းအမှန်ဖြင့် သက်သာလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် ဆေးနှင့် ဆေးပစ္စည်းကုန်သည်ကြီးများအသင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးဝယ်ယူသုံးစွဲနိုင်မှုမရှိသဖြင့် အသက်ဆုံးရှုံးသည်အထိဖြစ်မည့်ဖြစ်စဉ်များ မဖြစ်စေလိုကြောင်း၊ လိုအပ်ချက်များကြောင့် တင်သွင်းထားသည့်ဆေးဝါးများကို ဂိုဒေါင်များနှင့် ရုံးလုပ်ငန်းများတွင် ကြန့်ကြာနေမှုမရှိစေဘဲ သုံးစွဲသူများထံ အမြန်ဆုံးရောက်ရှိနိုင်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ဆေးဝါးများသာမက အခြား ကင်ဆာရောဂါနှင့် နှလုံးရောဂါကဲ့သို့ ရောဂါများအတွက် လိုအပ်သည့် အရေးပေါ်လိုအပ်ချက်ရှိသည့် ဆေးဝါးများကိုလည်း အမြန်ဆုံး တင်သွင်းရရှိနိုင်ရေး လုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

**လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်**

အောက်ဆီဂျင်နှင့်ပတ်သက်၍ ပိုလျှံမှုရှိအောင် ထုတ်လုပ်နိုင်ပြီဖြစ်သော်လည်း သန့်ရှင်းသည့် ဆေးရုံသုံး အောက်ဆီဂျင်များဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံများ ရပ်ထား၍မရဘဲ အမြဲတမ်းလည်ပတ်၍ စက်မှုလုပ်ငန်းသုံးနှင့် ဆေးရုံသုံးအောက်ဆီဂျင်များ ထုတ်လုပ်နိုင်အောင် အမြဲပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ မြို့နယ်၊ ခရိုင်များရှိ ဆေးရုံများတွင်လည်း အောက်ဆီဂျင်လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ပေးထားရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ အသက်အရွယ်ကြီးမြင့်သူများနှင့် ရောဂါအခံရှိသူများ ကျန်ရှိမှုမရှိအောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့သော ရောဂါအခံရှိသူများသည် ဆေးဝါးထိုးနှံရန် ကြောက်ရွံ့ခြင်းများနှင့် သတင်းအမှားများကို ယုံကြည်နေခြင်းများကြောင့် ဆေးထိုးနှံမှုမရှိကြသည်ဟု သိရှိရသောကြောင့် ရောဂါအခံရှိသူများသည် ရောဂါဖြစ်ပွားနိုင်ခြေ ပိုမိုများပြားသဖြင့် ဆေးထိုးနှံမှုရှိစေရေး နားလည်သဘောပေါက်အောင် ရှင်းလင်းပြောဆိုပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

**ကြိုးပမ်းလုပ်ဆောင်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများသည် အဓိကအကျဆုံးသော လုပ်ငန်းများဖြစ်သဖြင့် စနစ်တကျဖြင့် လုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မှသာလျှင် စီးပွားရေး၊ ပညာရေးနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းများကိုကြည့်၍ ဖြေလျှော့မှုများကို လုပ်ဆောင်ပေး၍ ရနိုင်မည်မဟုတ်ဘဲ ကူးစက်ဖြစ်ပွားမှုနှုန်း အမှန်တကယ် လျော့ကျမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ နယ်မြေများအတွင်း ကူးစက်မှုနှုန်း အမှန်တကယ် လျော့ကျမှုရှိစေရေး ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေး လူဦးရေ ၄၄၇ ဦး အသုံးပြုလျက်ရှိသည့် စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းနှင့် လူထုဗဟိုပြု စီမံကိန်းဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဆောင်ရွက်ခဲ့သည့် ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ ငါးတဲစုကျေးရွာတွင် လူထုဗဟိုပြု စီမံကိန်းဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ပိုင်ရှင်စိတ် (Ownership) ဖြင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

**ဦးစားပေးဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ငါးတဲစုကျေးရွာ ငွေမြိုင်သစ်တောထွက်ပစ္စည်းထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းသို့ ရောက်ရှိပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများအပြင် သမဝါယမကဏ္ဍမြှင့်တင်ရေးနှင့် အသေးစားအလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ကာ ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝါးနှင့်ဝါးထုတ်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဝါးလက်မှုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ခတ်ဆီအင်ဂျင်၊ မော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းများကိုလည်း ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် သက်နှင်းအင်းကျေးရွာတွင် ဒေသခံတောင်သူများ၊ သမဝါယမအသင်းသားများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး တောင်သူ လိုအပ်ချက်ဖြစ်သည့် အရင်းအနှီး၊ မျိုး၊ သွင်းအားစုများ၊ စက်ကိရိယာများနှင့် နည်းပညာများအား မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာနေလူဦးရေ ဖ၄၆ ဦး အကျိုးပြုမည့် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၄၇ ခု၊ ကျေးလက်ကုန်ထုတ်လမ်း ၁၈ မိုင် ၂ ဖာလုံ၊ ကျေးလက်ကုန်ထုတ် တံတား ၄၂ စင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ခုနစ်ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၆ ရွာနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း (၃၄)ကြိမ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်မြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်သည့် အနိမ့်ပိုင်းရပ်ကွက်များရှိ အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများထောက်ပံ့



**ပြည် စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြည်မြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်သည့် အနိမ့်ပိုင်းရပ်ကွက်များရှိ အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီက နဝင်းရပ်ကွက် ရွှေပလ္လင်မော်ဓမ္မာရုံနှင့် ပြည်သာယာရပ်ကွက် ကိုးသောင်း (မူလွန်)ကျောင်းတို့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက မြစ်ရေဝင်ရောက်သည့် နဝင်းရပ်ကွက် ကမ်းနားလမ်း ရွှေပလ္လင်မော်အောက်ချိုင့်ရှိ အိမ်ထောင်စု ၁၁၉ စု၊ လူဦးရေ ၅၄၀ နှင့် ပြည်သာယာရပ်ကွက် ခရမ်းကုန်း(၁) တာရိုးလမ်းရှိ အိမ်ထောင်စု ၃၇ စု၊ လူဦးရေ ၁၆၇ ဦးတို့အတွက် တစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်းဖြင့် စုစုပေါင်း ဆန်အိတ် ၅၇ အိတ်နှင့် နှာခေါင်းစည်းများကို အိမ်ထောင်စုဝင်များထံ လက်ဝယ်အရောက် အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အဆိုပါအိမ်ထောင်စုဝင်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တစ်ဦးမေတ္တာ တစ်ဦးမှာ

သိုက်စိုးထွန်း(နတ်ရွာ)

**"ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်၊ ပင်လယ်ကူးတတ်တယ်" တဲ့။ ကိုယ်ခန္ဓာသေးသေးမွှားမွှားကလေး ဖြစ်ပေမယ့် ဒီပုစွန်ဆိတ်ကလေးတွေက တဝေါဝေါတဝုန်းဝုန်းနဲ့ လှိုင်းလုံးကြီးတွေရိုက်ခတ်နေတဲ့ ပင်လယ်ပြင်ကျယ်ကြီးထဲမှာ လက်ပစ်ကူးနိုင်ကြသတဲ့။**

> **"သူတို့ထမ်းဆောင်ရတဲ့တာဝန်တွေက တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေ၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းတွေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ။ ဒီလုပ်ငန်းတွေ လုပ်မယ့်သူတစ်ယောက်က ဒီတာဝန်တွေကို မထမ်းဆောင်နိုင်တော့ရင် ဒီရပ်ဒီရွာအတွက်နစ်နာတာပါပဲ။ ရပ်ကျိုးရွာကျိုးသယ်ပိုးနေတဲ့ စာရေးဝန်ထမ်းတွေကို ရပ်ရွာကလည်း ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးသင့်ပါတယ်"**

ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးလေးတွေကို ကြည့်ပြီးတော့ ဒီစကားလေးကို မကြာမကြာ သတိရမိပါတယ်။ စာရေးလေးတွေလို့ ပြောလိုက်ရတာက ရာထူးသေးသေးလေးတွေမှာ တာဝန်ထမ်းရတဲ့ သူတွေမို့ စာရေးလေးတွေလို့ ပြောလိုက်ရတာပါ။ သူတို့ထက် ရာထူးငယ်တာဆိုလို့ ရုံးအကူတို့၊ စာပို့တို့၊ သန့်ရှင်းရေးတို့ဆိုတဲ့ အခြားအဆင့်ဝန်ထမ်းလေးတွေပဲရှိတော့တယ်။ စာရေးဝန်ထမ်းတွေထဲမှာတော့ သူတို့ရာထူးကအငယ်ဆုံးပါပဲ။ အသက်အရွယ်အနေနဲ့ကတော့ အလုပ်ဝင်ခါစ အသက်နှစ်ဆယ်ကျော်တန်းကနေ ပင်စင်ယူခါနီး ငါးဆယ်ကျော်၊ ခြောက်ဆယ်အရွယ်တွေအထိ ပါကြတယ်။ အရွယ်စုံပေါ့၊ ပုစွန်ဆိတ်အရွယ်စုံ။

### တစ်ထောင့်တစ်နေရာကနေ အကျိုးပြု

ရာထူးငယ်တာ၊ မငယ်တာတွေ အသာထား၊ လစာနည်းတာ၊ မနည်းတာတွေကို ခဏဖယ်ပြီး ပြန်ကြည့်လိုက်ရင် သူတို့တွေက အများအားဖြင့် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသမှာပဲ အိုးမကွာ၊ အိမ်မကွာ အလုပ်လုပ်နေရတယ်ဆိုတဲ့ အနေအထားလေးကို ကျေနပ်ရောင့်ရဲနေကြတာ။ ရပ်ရွာတစ်ခုမှာ တာဝန်ထမ်းဆောင်နေရင်းနဲ့ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်ကို တစ်ထောင့်တစ်နေရာကနေ အကျိုးပြုနေရတာပါလားဆိုတဲ့ အသိစိတ်ကလေးက သူတို့အတွက် ရင်တွင်းပီတိတွေရစေလို့ ဒီအလုပ်လေးမှာ သံယောဇဉ်တွယ်နေကြတာပါ။ သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးအောင်ပေါ့။

ရာထူးငယ်တယ်ဆိုပေမယ့် သူတို့ထမ်းဆောင်ရတဲ့ တာဝန်တွေကတော့ တော်တော်များပါတယ်။ စာရင်းဇယားကောက်တဲ့အလုပ်တစ်ခုကိုပဲ ပြောကြဦးစို့။ ဒီလအတွင်း ရပ်ရွာထဲမှာ လူဘယ်နှယောက်ရှိနေတယ်ဆိုတာတွေ၊ ဘယ်နှယောက်မွေးပြီး ဘယ်နှယောက် သေဆုံးတယ်ဆိုတာတွေ၊ ကိုယ့်ရပ်ရွာထဲကနေ တခြားဒေသကို ဘယ်နှယောက် ပြောင်းသွားကြပြီး ကိုယ့်ရပ်ရွာထဲကို ဘယ်နှယောက် ပြောင်းရွှေ့ ဝင်ရောက်လာကြတယ်ဆိုတာတွေ၊ အဆောက်အအုံတွေ ဘယ်နှလုံးတိုးလာပြီး ဘယ်နှလုံးလျော့သွားတယ်ဆိုတာတွေ၊ ဘယ်သူတွေက လယ်ယာမြေဘယ်လောက် လုပ်ကိုင်ခွင့်ရနေတယ်ဆိုတာတွေ၊ ဘာတွေစိုက်ပျိုးထားတယ်ဆိုတာတွေ၊ ကျွဲ၊ နွား၊ ထွန်၊ ထယ်တွေ ဘယ်လောက်ရှိနေတယ်ဆိုတာတွေ၊ အခြေခံပညာကျောင်းတွေရဲ့ အတန်းအလိုက်ကျောင်းသားတွေ ဘယ်လောက်ရှိသလဲဆိုတာတွေ၊ ဘယ်ဝန်ထမ်းတွေလာပြီး ဘာတာဝန်တွေ ထမ်းဆောင်သွားတယ်ဆိုတာတွေ စသည် စသည်အားဖြင့် ဒီစာရင်းဇယားတွေကို လစဉ်ပုံမှန်ပြုစုနေကြရတာပါ။ ဒါတွေက သူတို့လုပ်ရမယ့် ပင်မလုပ်ငန်းတွေပါပဲ။

ပင်မလုပ်ငန်းတွေအပြင် တခြားဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေက ပေးအပ်ထားတဲ့လုပ်ငန်းတွေကိုလည်း လုပ်ကြရသေးတာပါ။ လေမုန်တိုင်းကျသွားလို့ ဘယ်နှအိမ်ပြိုသွားသလဲ၊ ဘယ်နှအိမ်ထိခိုက်သွားသလဲ၊ ဘယ်သူ့အိမ်က သွပ်ဘယ်နှချပ် လန်သွားသလဲဆိုတာတွေကို အပူတလောမေးကြ ဖြေကြတင်ပြကြရတော့လည်းသူတို့။ ရပ်ရွာထဲမှာ ဝါဆိုသံဃာဘယ်နှပါး ရှိသလဲလို့မေးတော့ လိုက်ကောက်ပြီး တင်ပြကြရတာလည်း သူတို့။ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးပေါင်းစုံဘောလုံးပွဲကြီး ကျင်းပမှာမို့ ကစားသမားတွေရှာပေး၊ လေ့ကျင့်ရေး၊ စည်းကမ်းထိန်းသိမ်းရေးမှာလည်း သူတို့။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲစာရင်းတွေ ပြုစုကြဦးဆိုတော့လည်း သူတို့။ မှတ်ပုံတင်တွေထုတ်ပေးဖို့ ကူညီပေးလိုက်ကြပါဦးဆိုတော့လည်း သူတို့။ သူတို့၊ သူတို့၊ သူတို့က နေရာတကာ မပါမပြီး။

ဟိုဌာနက ဟိုစာရင်းလေးလိုနေတာ၊ ရပ်/ကျေးအဆင့်မှာ ဝန်ထမ်းမရှိလို့ ကူပါဦးဆိုတော့လည်း "ဟုတ်သားပဲ၊ ကူပေးလိုက်ကြလေ"။ "ဘဲအုပ်က တစ်ရာနှစ်ရာ မဗေဒါက တစ်ပင်တည်း"ဆိုတဲ့ အဘိုးဆရာဇော်ဂျီရဲ့ ဗေဒါလမ်းကဗျာက သူတို့နဲ့လည်း အံဝင်ခွင်ကျ၊ အယက်အကန်လည်းခံခဲ့ရ၊ အစုန်အဆန်လည်း မျောခဲ့မောခဲ့ရသူတွေပါ။

### ဝေဖန်သံတွေလည်း မကြာမကြာကြားရ

"ထွေ/ အုပ်တွေက ဒီစာရင်းလေးတောင်မှန်အောင် မလုပ်နိုင်ကြဘူးလား" ဆိုတဲ့ ဝေဖန်သံတွေလည်း မကြာမကြာကြားရပါတယ်။ ဒီစာရင်းလေးတစ်ခုတည်းဆိုရင်တော့ တော်သေးတာပေါ့။ လုပ်ရတဲ့ စာရင်းဇယားတွေက အထက်မှာ ဖော်ပြထားတာတွေနဲ့တောင် မကသေးပါဘူး။

အများအားဖြင့် စာရင်းဇယား ကောက်ယူတဲ့လုပ်ငန်းတွေမှာ ရတဲ့အချိန်ကလည်း နည်းတတ်ပါတယ်။ ဥပမာဆိုပါတော့၊ မိုးကကြီးသွားပြီ၊ မိုးသီးတွေကကျသွားပြီ၊ လေကြမ်းက တိုက်သွားပြီ။ "နှမ်းခင်းတွေ ဘယ်နှဧက ပျက်သွားသလဲ၊ စပါးခင်းဘယ်နှဧကရေမြုပ်သွားသလဲ၊ မြုပ်တာကဘယ်နှဧကလဲ၊ ပြန်ကောင်းနိုင်တာက ဘယ်လောက်လဲ၊ လုံးဝပျက်စီးနိုင်တာကဘယ်လောက်လဲ၊ တောင်သူဘယ်နှဦးလဲ၊ ဘယ်သူကဘယ်လောက်ပျက်တာလဲ၊ ဘယ်သူ့အိမ်က ဘယ်လိုထိခိုက်ပျက်စီးသွားသလဲ" ဆိုတဲ့ တရစပ်မေးလာတဲ့ မေးခွန်းတွေကို မြေတိုင်းစာရေးတို့၊ စိုက်ပျိုးရေးက ကွင်းတာဝန်ခံတို့၊ အုပ်ချုပ်ရေးမှူးတို့၊ ရာအိမ်မှူးတို့နဲ့ပေါင်းကောက်၊ လယ်ကွင်းတွေဆီမျှော်ကြည့်လိုက်တော့ အကုန်လုံးရေတွေကိုဖွေးလို့၊ ဘယ်ကန်သင်းမှ မပေါ်တော့ဘူး၊ ကြည့်လေရာမှာ ရေပြင်ကျယ်ကြီး။ ကွင်းကနင်းလို့မရသေး၊ စာရင်းက ဖုန်းတဂွမ်ဂွမ်ဆက်ပြီးတောင်းနေပြီ။ မိုးထဲရေထဲ အလူးအလဲနဲ့ ဒုက္ခရောက်နေသူကို သွားပြီး "ဦးကြီးတို့ အိမ်မှာ သွပ်ဘယ်နှချပ်လန်သွားသလဲဗျ"ဆိုတော့ "မသိဘူးကွာ၊ မင်းဟာမင်းသာ ကြည့်ရေးသွားပေတော့" ဆိုတာမျိုး။ အလျင်စလို လုပ်ရတဲ့ကိန်းဂဏန်းတွေပဲ လွဲသလောက်တော့လွဲမှာပေါ့ဆိုပြီး ခပ်ပေါ့ပေါ့လုပ်လို့လည်း မရပြန်ဘူး။ ပျက်စီးဆုံးရှုံးမှုအတွက် အထောက်အပံ့ပေးတဲ့ အချိန်ကျတော့ သူကျတော့ ဘယ်လောက်ရပြီး ကိုယ့်ကျမှ ဘယ်လောက်ပဲပေးလို့ဆိုပြီး တိုင်စာတောစာတွေ တစ်ထပ်ကြီး တက်သွားမှာကလည်း ကြောက်ရသေးတာ။

မဲစာရင်းကောက်တယ်ဆိုပါစို့။ ရပ်/ ကျေးကော်မရှင်အဖွဲ့ခွဲမှာ အတွင်းရေးမှူးတာဝန်ယူထားရတော့ မဲစာရင်းပြုစုရေးမှာ အဓိကတာဝန်ရှိသူ ဖြစ်နေပြန်တယ်။ ရပ်မိရပ်ဖကော်မရှင်အဖွဲ့ဝင်တွေ၊ ဝိုင်းကြဝန်းကြသူတွေနဲ့ ပူးပေါင်းပြီး အဖွဲ့တွေခွဲပြီး ဘယ်လိုကောက်ကြပေမယ့် တချို့က အိမ်ထောင်စုဇယားမလုပ်ရသေး၊ မှတ်ပုံတင်တောင်မရှိသေးတဲ့ သူတွေကရှိနေပြန်။ မှတ်ပုံတင်ရှိပြန်တော့ ဘယ်နားသိမ်းထားမိမှန်းမသိလို့ နံပါတ်လည်းအလွတ်မရပါဘူးပြောတဲ့သူကပြော။ စာရင်းကပ်တဲ့ အချိန်ကျတော့ မှားပါတယ်ဖြစ်ကရော။

### အခက်အခဲ

စာရင်းကောက်ယူတာလောက်တင် အခက်အခဲရှိတာမဟုတ်သေးပါဘူး။ ကောက်ပြီးသားစာရင်းကို မြို့နယ်ရုံးပို့ဖို့ကလည်း အခက်အခဲရှိသေးတာပါ။ တချို့စာရင်းဇယားတွေက ကောက်ယူချိန် တစ်ရက် နှစ်ရက်လောက်ပဲရတာ။ အချိန်မီပြန်ပို့နိုင်ဖို့က အရေးကြီးနေတယ်။ အင်တာနက်လိုင်းကမမိဘူး။ Viber မမိဘူး။ တချို့နယ်မြေတွေက ရိုးရိုးဖုန်းတောင်ခေါ်လို့မရဘူး။ အမြဲတမ်းဆက်သွယ်မှုဧရိယာပြင်ပ။ ဒီတော့ တစ်ခုခုပြောစရာရှိရင် သူနဲ့ အနီးစပ်ဆုံး စာရေးတစ်ယောက်ကို ဖုန်းခေါ်၊ ဘယ်သူ့ကိုဘာသွားပြောလိုက်ဦးဆိုတာမျိုး။ သိရလို့ ပြေးလာပြီဆိုတော့လည်း လမ်းမှာချောင်းရေတွေလျှံနေလို့၊ ဆိုင်ကယ်လမ်းက ရွှံ့တွေကပ်နေတာ စီးဖို့မပြောနဲ့ တွန်းတောင်မရတော့လို့ ဆိုတာမျိုးတွေကလည်း ရှိနေသေးတာပါ။

ကိန်းဂဏန်းအချက်အလက် ကောက်ယူရုံပဲလား၊ မဟုတ်သေးပါဘူး။ ကျန်းမာရေးဌာနရဲ့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေမှာကူညီဖို့၊ မွေးမြူရေးနှင့် ကုသရေးဘက်က တာဝန်ရှိသူတွေရဲ့ ကျွဲ၊ နွား တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့၊ လယ်ယာမြေမှုခင်းတွေ ဖြေရှင်းရာမှာ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ဖို့၊ ဌာနအသီးသီးရဲ့ ပညာပေးဟောပြောပွဲတွေ အဆင်ပြေချောမွေ့အောင် စီစဉ်ပေးဖို့၊ ရပ်ထဲရွာထဲက သာရေးနာရေးပွဲလမ်းသဘင်တွေ စည်းကမ်းတကျ၊ အဆင်ပြေပြေ ကျင်းပနိုင်အောင်စီစဉ်ပေးဖို့ စသည်၊ စသည်၊ စသည်အားဖြင့် သူတို့ပခုံးပေါ် တင်ထားတဲ့ တာဝန်တွေက တစ်ပုံကြီး။

ဒီလောက်များပြားလှတဲ့ အလုပ်တာဝန်တွေကို သူတို့တွေချည်းသက်သက် လုပ်နေကြရတာတော့ မဟုတ်ပါဘူး။ လက်တွဲဖော်တွေရှိပါတယ်။ အဓိကကတော့ အုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာတာဝန်ခံတွေ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေ၊ ရပ်မိရပ်ဖတွေ၊ မြေတိုင်းစာရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရဲ၊ အရန်မီးသတ်စသည်အားဖြင့် ကူဖော်ကူဖက်တွေက အများကြီးပါပဲ။ တစ်ခါ တစ်ခါကျတော့လည်း ကူဖော်ကူဖက်တွေကလည်း ဌာနအလုပ်၊ မိသားစုအလုပ်၊ လူမှုရေးအလုပ်စသည်အားဖြင့် မအားမလပ်တဲ့အခါတွေက ရှိသေးပြန်တာဆိုတော့ ရပ်ရွာပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ တာဝန်ကျေအောင်ဆောင်ရွက်ကြရတာပါပဲ။

### အကြံပြုချက်တွေ အမျိုးမျိုးပေးကြ

အလုပ်တွေ မနိုင်မနင်းဖြစ်နေတာနဲ့ ပတ်သက်ပြီးတော့ အကြံပြုချက်တွေ အမျိုးမျိုးပေးကြပါတယ်။ တချို့ကိစ္စတွေကျတော့လည်း အကြံဉာဏ်မရှိတာမဟုတ်ဘဲ ဒီအကြံဉာဏ်ကို အကောင်အထည်ဖော်ဖို့ ခက်ခဲနေတာမျိုးပါ။ ဥပမာအားဖြင့် ကျွမ်းကျင်သူတွေကိုသာ ရွေးချယ်ခန့်ထားဖို့ အကြံပြုချက်တွေနဲ့ ပတ်သက်ပြီးတော့ အဆင့်မြင့်ပညာဘွဲ့တွေရထားပြီး ကွန်ပျူတာသင်တန်း၊ စာရင်းကိုင်သင်တန်းတွေ တက်ရောက်အောင်မြင်ထားသူတွေကို အလုပ်ပေးချင်ပေမယ့် လစာနှစ်သိန်းမပြည့်တဲ့ စာရေးဝန်ထမ်းနေရာအတွက် လျှောက်လွှာခေါ်တဲ့အခါ အဆင့်မြင့်ပညာဘွဲ့ရသူတွေက လျှောက်ခဲပါတယ်။ လျှောက်လို့ခန့်လိုက်ရင်လည်း ဒီရာထူး၊ ဒီလစာနဲ့ ကြာရှည်မပျော်မွေ့နိုင်ကြတာက များတတ်ပါတယ်။ ပြီးတော့ နေစရာအိမ်၊ စီးစရာဆိုင်ကယ် စသည်အားဖြင့် တစ်ခုမှ မပေးထားနိုင်တဲ့အတွက် သက်ဆိုင်ရာဒေသခံတွေကို ခန့်ထားမှ ရေရှည်အဆင်ပြေတာမျိုးပါ။ ပြေးရလွှားရ၊ တောတွေ တောင်တွေကို ဖြတ်ကျော်ရနဲ့ဆိုတော့ တော်ရုံတန်ရုံ အကြမ်းပတမ်းခံနိုင်ရုံနဲ့လည်း အဆင်မပြေပြန်ပါဘူး။

"အမြဲတမ်းပဲ အလုပ်တွေ များနေကြသလား၊ ပိတ်ရက်ကလေးတောင် မနားရတော့ဘူးလား" လို့ မေးစရာရှိပါတယ်။ နားရတဲ့အခါတွေလည်း ရှိပါတယ်။ အလုပ်ပါးတဲ့အခါလည်းပါးပါတယ်။ လုံးဝအားနေတဲ့ အခါမျိုးလည်း ရှိတော့ရှိပါတယ်။ ရှိတော့ရှိတယ်၊ ရှားတယ်ပေါ့လေ။

### နိုင်ငံတော်အကျိုးသယ်ပိုးရွက်ဆောင်

ဒီစာရေးလေးတွေက ရပ်ကျိုးရွာကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးရွက်ဆောင်နေကြသူတွေပါ။ တိုင်းပြည်ရဲ့ နိုင်ငံရေး အပြောင်းအလဲကာလမှာ ဒီလူတွေကဘယ်သူ့လူပဲ၊ ဘယ်ဝါ့လူပဲ၊ ဟိုဘက်ကပဲ၊ ဒီဘက်ကပဲဆိုတဲ့ မှတ်ချက်တွေ အမျိုးမျိုးပေး၊ တံဆိပ်တွေအမျိုးမျိုးကပ်ပြီး ပုတ်ခတ်စွပ်စွဲတာတွေ၊ ကိုယ်ထိလက်ရောက် နှောင့်ယှက်ထိပါးတာတွေ ရှိလာကြပါတယ်။ တကယ်တော့ သူတို့တွေ တာဝန်မထမ်းဆောင်နိုင်ကြရင် နစ်နာသူက သူတို့ကိုယ်တိုင်၊ သူတို့မိသားစုတွေကိုယ်တိုင် ဖြစ်သလို တစ်ဖက်မှာလည်း ရပ်ရွာပြည်သူတွေပါ ထိခိုက်နစ်နာသွားတာပါပဲ။

သူတို့ထမ်းဆောင်ရတဲ့ တာဝန်တွေက တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေ၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းတွေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ။ ဒီလုပ်ငန်းတွေ လုပ်မယ့်သူတစ်ယောက်က ဒီတာဝန်တွေကိုမထမ်းဆောင်နိုင်တော့ရင် ဒီရပ်ဒီရွာအတွက် နစ်နာတာပါပဲ။ ရပ်ကျိုးရွာကျိုးသယ်ပိုးနေတဲ့ စာရေးဝန်ထမ်းတွေကို ရပ်ရွာကလည်း ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးသင့်ပါတယ်။ စာရင်းဇယား၊ အချက်အလက်ကောက်ယူရေးမှာ ပူးပေါင်းပေးတာမျိုး၊ ရပ်ရွာအတွက် လုပ်ကိုင်ဆောင်ရွက်သင့်တာတွေကို ဝိုင်းဝန်းဆွေးနွေးပြီး သက်ဆိုင်ရာကို တင်ပြဖို့ တိုက်တွန်းပေးတာမျိုး၊ သူတို့ လုံခြုံရေးအတွက် တစ်ဖက်တစ်လမ်းက စောင့်ရှောက်ပေးတာမျိုးတွေနဲ့ အပြန်အလှန်မေတ္တာတွေ ပေးကြရမှာပါ။ မှားတတ်တဲ့သဘာဝရှိတဲ့ လူထဲကလူတွေဖြစ်တဲ့ စာရေးဝန်ထမ်းတွေအနေနဲ့ သူတို့ရဲ့ တာဝန်ထမ်းဆောင်မှုမှာ မလျော်ကန်တဲ့အပြုအမူတွေ ရှိနေတယ်ဆိုရင်လည်း လက်တို့ သတိပေးတာမျိုး၊ မြို့နယ်၊ ခရိုင်စသည်အားဖြင့် တာဝန်ရှိသူတွေဆီ အသိပေးတာမျိုး ဆောင်ရွက်နိုင်ပါတယ်။

"တစ်ဦးမေတ္တာတစ်ဦးမှာ ကူးကာဆက်ဆံတုံ့ပြန်ပါသည် ဧကန်မလွဲအမှန်ပါပဲ အတည်"ဆိုတဲ့ အလင်္ကာကျော်စွာရွှေမန်း(ဦး)တင်မောင်ရဲ့ သီချင်းထဲကလို စာရေးဝန်ထမ်းတွေနဲ့ ရပ်ရွာပြည်သူတွေကြားမှာ မေတ္တာခတ်တွေရစ်ပတ်လွှမ်းခြုံပြီး အပြန်အလှန်စောင့်ရှောက်နိုင်ကြပါစေ။ ကိုယ့်ရပ်ကိုယ့်ရွာ ဖွံ့ဖြိုးရေး၊ ကိုယ့်ရပ်ကိုယ့်ရွာ သာယာအေးချမ်းရေးအတွက် တွဲလက်တွေခိုင်မြဲနိုင်ကြပါစေ။ ။

## ရောဂါကူးစက်ဖြစ်ပွားမှုများ သိသိသာသာလျော့ကျလာ

မိမိတို့အနေဖြင့် လိုအပ်သည့် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်းနှင့် ပြည်နယ်နှင့် တိုင်းအလိုက် ကြပ်မတ်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုများ သိသိသာသာလျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ယခုလအကုန်တွင် ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်ခန့်အထိ လျော့ကျအောင် ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ဩဂုတ် ၁ ရက်တွင် ပိုးတွေ့လူနာ ၃၁၈၀ ၊ ဩဂုတ် ၂၂ ရက်နေ့တွင် ၈၉၉၁ ဦးအား စစ်ဆေးခဲ့ရာ ပိုးတွေ့လူနာ ၂၁၇၃ ဦးရှိခဲ့သဖြင့် ရာခိုင်နှုန်းအရ ၂၄ ဒသမ ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ရောဂါကူးစက်မှုနှုန်း ကျဆင်းရခြင်းမှာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးကြပ်ကွပ်ကဲမှုများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပန်းခင်းစီမံချက်အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့အတွင်း ပန်းခင်းစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေး လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။





အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်၏စီမံချက်ဖြစ်သည့် ပန်းခင်းစီမံချက်အား မိမိတို့ဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပန်းခင်းစီမံချက်သည် သတ်မှတ်အချိန်ကာလအတွင်း သတ်မှတ်လုပ်ငန်းပမာဏ ပြည့်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရမည့်အခြေအနေ၊ ယခု ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးရသည့်အပေါ် စနစ်တကျသုံးသပ်ကာ ဆောင်ရွက်နိုင်သမျှ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ကြရန်လိုအပ်မှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး အခြေအနေ၊ လုပ်ငန်းများထိရောက် အောင်မြင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများကလည်း ဒေသအာဏာပိုင်များ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့်အခြေအနေ၊ မီဒီယာပိုင်းမှ online / offline အသုံးပြု၍ ပြည်သူများ သိရှိနားလည်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေ၊ လက်ရှိအခြေအနေအရ တပ်မတော်အပါအဝင် အဖွဲ့အစည်းအသီးသီးသို့ ဆက်သွယ်အသိပေးကာ စာရင်းဇယားများ ကောက်ယူဆောင်ရွက်ရေးနှင့် ရုံးများသို့ လာရောက်ဆောင်ရွက်နိုင်မည့် အရေအတွက်သတ်မှတ်ကန့်သတ်ဆောင်ရွက်ပေးနိုင်ရေး အခြေအနေ၊ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏအလိုက် တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်ရင်း ရည်မှန်းချက်သို့ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ဦးစီးမှူးများက ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် အလိုက် ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပန်းခင်းစီမံချက်သည် နိုင်ငံသားတိုင်း လူမှုဘဝပြည့်စုံနိုင်ရေးအတွက် အရေးကြီးသော အထောက်အထားထုတ်ပေးသည့် စီမံချက်ဖြစ်သည်နှင့်အညီ ပြည်သူများ သိရှိဆောင်ရွက်စေရေး နည်းမျိုးစုံအသုံးပြု၍ အလေးထားဆောင်ရွက်ကြရန်မှာကြားသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး တာဝန်ခံကျောင်းအုပ်၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများ၊ ဆရာဆရာမများနှင့် တွေ့ဆုံကာ ကျောင်းများပြန်လည်ဖွင့်လှစ်သည့်အခါ အေးချမ်းစွာ ပညာသင်ကြား သင်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ဓါတ်ပုံ)



### အရည်အသွေးမြှင့်တင်

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရူပဗေဒ၊ ဇီဝဗေဒ၊ ဓာတုဗေဒ လက်တွေ့ခန်းသုံး ပစ္စည်းများကို စနစ်တကျ အကျိုးရှိ ထိရောက်စွာ အသုံးပြုရန် လိုပါကြောင်း၊ အသုံးပြုမှုကြောင့် ပျက်စီးမှုများကို ပြန်လည်ဖြည့်ဆည်းပေးသွား မည်ဖြစ်ပါကြောင်း၊ ဆရာဆရာမများ အနေဖြင့် ရုံးပိတ်ရက်ရှည်ခံစားနေသည့် ကာလအတွင်း မိမိသင်ကြားရသည့် ဘာသာရပ်များအလိုက် သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်သော ဘာသာရပ်များကို အရည်အသွေးမြှင့်တင်ရန် စဉ်ဆက်မပြတ် လေ့လာနေရန်လိုပါကြောင်း မှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သိပ္ပံလက်တွေ့ခန်းသုံး ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ ကွန်ပျူတာများ ဖြည့်ဆည်းပေးရေး၊ စာကြည့်တိုက်သုံး စာအုပ်၊ ပရိဘောဂများဖြည့်ဆည်းပေးရေးနှင့် ကျောင်းရှိမြေနှင့် ကိုက်ညီသည့် အားကစားရုံ၊ အားကစားကွင်း၊ ဘောလုံးကွင်း၊ ပြေးလမ်း ပတ်လမ်းများနှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ပြည်စံအောင် အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းဆောင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေး၍ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများ ပိုမိုကောင်းမွန်ရေးတို့ကို လမ်းညွှန်မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့နယ်၌ သိပ္ပံနည်းကျ စပါး တစ်ကွင်းတစ်စပ်တည်း ဧက(၁၀၀)စံပြကွက် စိုက်ပျိုး ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတွဲဖက်အသုံးပြုရန် လက်တွေ့ပြသ

ရွှေဘို စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် တိုင်းဒေသကြီးကိုယ်စားပြု စပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း ဧက(၁၀၀)စံပြကွက် စိုက်ပျိုးထားရှိမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၀နာရီက မြင်ချင်ကျေးရွာရှိ ကွင်းအမှတ် ၃၀၃၁ ဦးပိုင်အမှတ်(၂၇) တောင်သူ ဦးရွှေမောင်၏ စိုက်ကွင်းတွင် စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးက တိုင်းဒေသကြီးကိုယ်စားပြု စပါးတစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း ဧက(၁၀၀)စံပြကွက် ရွေးချယ်ခြင်းနှင့်ပတ်သက်၍ မြေယာပြုပြင်ခြင်း၊ ပျိုးထောင်ခြင်း၊ ကောက်စိုက်ခြင်း၊ အပင်ပြုစုခြင်းလုပ်ငန်းများတွင် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်သည့် အခြေအနေတွင်ရှိသော သဖန်းဆိပ်ဆည်ရေသောက် ဧရိယာတွင် ပါဝင်သည့် JICA(AIIP) စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော မြင်ချင်ကျေးရွာရှိ တောင်သူ ၂၅ဦး၏ စိုက်ဧက ၁၀၀တွင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် ထိုသို့ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အသုံးပြုခြင်းဖြင့် တစ်ဧက စပါးအထွက်နှုန်း အမြင့်ဆုံးအထိ ပိုမိုထွက်ရှိနိုင်ကြောင်း တောင်သူများအား ပညာပေးစည်းရုံးရန်အတွက်



လည်းကောင်း၊ ယင်းနည်းစနစ်ကို တောင်သူများ ပြည့်ပြည့်ဝဝ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် အတွက်လည်းကောင်း၊ မျိုး၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာစသည့် သွင်းအားစုပစ္စည်းများကို အချိုးကျ၊ အချိန်ကိုက် စနစ်တကျထည့်သွင်းအသုံးပြုတတ်စေရန်လည်းကောင်း၊ တောင်သူအချင်းချင်း နည်းပညာများဖလှယ် စိုက်ပျိုးလုပ်ကိုင်နိုင်စေရန် အတွက်လည်းကောင်း ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာဇာမင်းက အဆိုပါ စိုက်ကွင်းတွင် ဆောင်ရွက်လျက်ရှိသော ယူရီးယားဓာတ်မြေဩဇာ ၁/၄ အိတ်နှင့် နွားချေးသုံးအိတ် ၁:၃ နှုန်းဖြင့် ယူရီးယားဓာတ်မြေဩဇာ လေလွင့်ဆုံးရှုံးမှု မရှိစေရန်နှင့်အပင်မှအာဟာရဓာတ်ပြည့်ဝစွာ စားသုံးနိုင်စေရန် ရည်ရွယ်၍ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတို့ကို အကျိုးရှိရှိ တွဲဖက်အသုံးပြုတတ်စေရန် လက်တွေ့ရှင်းလင်း ဆောင်ရွက်ပြသသည်။**(အပေါ်ပုံ)**

၎င်းက ဆက်လက်၍ ရွှေဘိုမြို့နယ်တွင် စပါးစိုက်ဧက၏ စုစုပေါင်းစိုက်ဧက၏ ၈၅ ရာခိုင်နှုန်းခန့် ရွှေဘိုပေါ်ဆန်းစပါးမျိုးကို စိုက်ပျိုးကြောင်းနှင့် ထိုရွှေဘိုပေါ်ဆန်းစပါးမျိုး အထွက်နှုန်း တိုးတက်ရေးအတွက်လည်း သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ကို ပျိုးထောင်ချိန်မှ စတင်၍ ရိတ်သိမ်းချိန်အထိ လိုက်နာဆောင်ရွက်စေရန် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ခရိုင်(ပြန်/ဆက်)

## မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၆

ယနေ့ နံနက် ၇နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင် သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ပေ၀က်ခန့်ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ရှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြု ပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၄၂ ဦးနှင့် အမျိုးသမီး ၁၂၂ ဦး စုစုပေါင်း ၂၆၄ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၃၂ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၄၅ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၁၉ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၈ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ ဆန်၊ ဆီနှင့် ကြက်ဥများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး၊ အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့




တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၂ခုမှ အိမ်သုံးဆေးဝါး ၁၅၄ မျိုးအား ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၃၂သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ၁၆ ရက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ငါးသိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီနှင့် ကြက်ဥများကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် စက်တင်ဘာ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ လားရှိုးခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက် ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြ သူများက ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ချက်ချင်းတုံ့ပြန်နိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒေးဒရဲမြို့နယ်၊ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌ ယနေ့တွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက သဘာဝဘေး ကူညီကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အမျိုးသမီးလိဂ်နှင့် MNL လူငယ်လိဂ်များကို လာမည့်နှစ်မှသာ ပြန်လည်ကျင်းပနိုင်မည်

**ရန်ကုန် စက်တင်ဘာ ၆**

မြန်မာနေရှင်နယ်လိဂ်သည် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ကျင်းပနိုင်ခြင်းမရှိသည့် အမျိုးသမီးလိဂ်နှင့် MNL လူငယ်လိဂ်ပြိုင်ပွဲများကို လာမည့်နှစ်တွင် ပြန်လည်ကျင်းပနိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်က ယခုနှစ်တွင်ကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲအားလုံး ဖျက်သိမ်းပြီး လာမည့်နှစ်မှသာ ပြန်လည်ကျင်းပမည် ဖြစ်ကြောင်း စက်တင်ဘာ ၁ ရက်က တရားဝင်သတင်း ထုတ်ပြန်ခဲ့ပြီး အမျိုးသမီးလိဂ်နှင့် လူငယ်လိဂ်ပြိုင်ပွဲများလည်း လာမည့်နှစ်မှသာ ပြန်လည်ကျင်းပနိုင်တော့မည်ဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး သုံးကြိမ်အပြီးတွင် ရပ်နားထားရခြင်းဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆-၂၀၁၇ ရာသီ၊ ၂၀၁၇-၂၀၁၈ ရာသီနှင့် ၂၀၁၈-၂၀၁၉ ရာသီ သုံးကြိမ် ကျင်းပနိုင်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် မကျင်းပနိုင်ခြင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ၂၀၁၆-၂၀၁၇ ရာသီ၌ မြဝတီအသင်း၊ ၂၀၁၇-၂၀၁၈ ရာသီ၌ မြဝတီအသင်းနှင့် ၂၀၁၈-၂၀၁၉ ရာသီ၌ အားကာသိပ္ပံအသင်းတို့ ဗိုလ်စွဲခဲ့သည်။ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် မြန်မာ့လက်ရွေးစင်နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင် အမျိုးသမီးအသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၀ နှင့် ယခုနှစ်တွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီတွင် အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းပြိုင်ပွဲအပြီးတွင် အသင်းအချို့ ဖျက်သိမ်းခြင်းများရှိခဲ့သော်လည်း အသင်းသစ်အချို့လည်း ထပ်တိုးလာမည်ဖြစ်သည်။ လာမည့်ရာသီမှစတင်ကာ အမျိုးသမီးလိဂ်ပြိုင်ပွဲအား တာဝန်ယူကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ပြိုင်ပွဲကျင်းပမည့် ကာလ သတ်မှတ်ပြီးမှသာ ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများ ပြန်လည် အတည်ပြုသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၀ ရာသီတွင် MNL လူငယ်လိဂ် ပြိုင်ပွဲများကို ပြိုင်ပွဲပုံစံပြောင်းလဲခဲ့ပြီး ယခင်ကျင်းပနေသည့် လိဂ် လေးခုမပြုလုပ်တော့ဘဲ ယူ-၂၁ နှင့် ယူ-၁၉ လိဂ်ပြိုင်ပွဲများသာ ကျင်းပကာ MNL နှင့် MNL-2 ကလပ်များကိုပေါင်းပြီး ယှဉ်ပြိုင်စေခဲ့ခြင်း ဖြစ်သည်။ ကစားသမားများ ပွဲများများကစားခွင့်ရစေရန် ရည်ရွယ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ရာသီတွင် ပထမအကျော့ယှဉ်ပြိုင်နေ သည့်ကာလအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားခဲ့ရကာ နောက်ပိုင်းတွင်ကျင်းပနိုင်ရန်မဖြစ်နိုင်သဖြင့် ဖျက်သိမ်းခဲ့ရခြင်းဖြစ် သည်။ ယခုနှစ်တွင်လည်း ကပ်ရောဂါကြောင့် MNL ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲအားလုံး ဖျက်သိမ်းခဲ့ရာ လူငယ်လိဂ်ပြိုင်ပွဲများကို နှစ်နှစ် ဆက်တိုက် မကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး လာမည့်နှစ်မှသာ ပြန်လည် ကျင်းပနိုင်ဖွယ်ရှိနေသည်။ မြန်မာနေရှင်နယ်လိဂ်သည် MNL လိဂ် စတင်ပြီး နှစ်အနည်းငယ်အကြာတွင် အရန်အသင်းပြိုင်ပွဲ စတင်ကျင်းပ ခဲ့ပြီး နောက်ပိုင်းတွင် လူငယ်လိဂ်ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ် သည်။ ယခင်က MNL နှင့် MNL-2 ကလပ်များအတွက် လူငယ်လိဂ်ပြိုင်ပွဲ များကို သီးခြားကျင်းပစေခဲ့သော်လည်း ၂၀၂၀ ရာသီတွင် တစ်ပေါင်း တည်းကျင်းပခဲ့ခြင်းဖြစ်သည်။ လူငယ်လိဂ်ပြိုင်ပွဲအချို့တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဖွဲ့စည်းထားသည့် သက်တမ်းအလိုက် လူငယ် လက်ရွေးစင်အသင်းများလည်း ပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည်။

ရဲရင့်လွင်

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလား ပင်လယ်အော်အနောက်အလယ်ပိုင်း(ဩရိဿတောင်ပိုင်းကမ်း လွန်-အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေ သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။

မိုး/ဇလ

○ *ကျောဖုံးမှ*

၇-၅၊ ၇-၅၊ တတိယပွဲစဉ်တွင်လည်း အိုဆာကာကို ၅-၇၊ ၇-၆ (၇-၂)၊ ၆-၄ဖြင့်အနိုင်ရရှိခဲ့သလို ၁၆ဦး အဆင့်တွင်လည်း၄-၆၊၇-၆(၇-၅)၊ ၆-၂ကို အနိုင်ရရှိကာ ကွာတား ဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခြင်း ဖြစ်သည်။ ဖာနန်ဒက်ဇ်သည် လက်ရှိကမ္ဘာ့အဆင့် သတ်မှတ် ချက် ၇၃ နေရာတွင် ရှိသူဖြစ်သည်။ အသက် ၁၉ နှစ်အရွယ် ဖာနန် ဒက်ဇ်သည် ၎င်း၏ ပထမဆုံး WTA ဆုဖလားကို ယခုနှစ် အစောပိုင်းတွင် ရရှိထားသူဖြစ် သည်။

ဖာနန်ဒက်ဇ်သည် ကွာတား ဖိုင်နယ်တွင် ဆီဒင် ၅ သတ်မှတ်ခံ ထားရသည့် ယူကရိန်းတင်းနစ် မယ် အယ်လီနာ စဗစ်တိုလီနာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ စဗစ်တိုလီနာသည် တတိယပွဲစဉ် တွင် ကာဆက်ကီနာကို၆-၄ ၆-၂၊ ၁၆ ဦး အဆင့်တွင် ဟာလက်ကို ၆-၃ ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လာနိုင် ခြင်း ဖြစ်သည်။

**အောင်ဇော်**

## သီပေါနယ်စည်းမခြား ပရဟိတအသင်းက ကိုဗစ်-၁၉ အကာအကွယ်ပစ္စည်းများ ကူညီပံ့ပိုးပေး

**သီပေါ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်းမခြား ပရဟိတအသင်းက ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် တုံလောကျေးရွာ ဒေသခံ ပြည်သူ များ ကိုဗစ်-၁၉ ကာကွယ်ရေး ပစ္စည်းများကို အကူအညီတောင်းခံလာသဖြင့် ယမန်နေ့က သွားရောက်ကူညီပံ့ပိုးပေးသည်။

အဆိုပါ ပစ္စည်းများမှ PPE ဝတ်စုံများ၊ နှာခေါင်း စည်းများ၊ ပိုးသတ်ဆေး၊ ရေမလိုလက်သန့်ဆေးရည်၊ ဖိနပ်နှင့် အခြားပစ္စည်းများကို နယ်စည်းမခြား ပရဟိတအသင်းခေါင်းဆောင် ဦးမျိုးမြင့်လွင်နှင့် အဖွဲ့က တုံလောကျေးရွာမှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

စိုင်း(သီပေါ)



## အင်တောမြို့နယ်ရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ အခမဲ့စစ်ဆေးပေး

**အင်တော စက်တင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စု၊ ဆီဆုံဂနိုင်ကျေးရွာတွင် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ရောဂါပိုးရှိ/မရှိ Rapid Antigen Diagnostic Test Kit ဖြင့် စစ်ဆေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆီဆုံဂနိုင်ကျေးရွာရှိ ဘုန်းကြီးကျောင်း၌ အခမဲ့ စစ်ဆေးပေးသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် အင်တောမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းကွမ်းခေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်ဂူနယ်မြေ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ရပ်စောက် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆီဆုံဂနိုင်ကျေးရွာရှိ ကိုဗစ်-၁၉ရောဂါ အတည်ပြုလူနာ ငါးဦးနှင့် ထိတွေ့မိသည့် သံသယရှိသူ ၂၅၂ ဦးတို့အား စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိသူမရှိကြောင်း သိရသည်။ ယခုကဲ့သို့ စစ်ဆေးဆောင်ရွက်ပေးခြင်းမှာ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါပိုးကူးစက် ပြန့်ပွားမှုနှုန်း အမှန်တကယ် လျော့နည်းကျဆင်းမှု ရှိ မရှိကို သိရှိနိုင်ရန်အတွက် စစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။

အောင်ခိုင်(ပြန်/ဆက်)

### ၆-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၈၀၇၇၆၂ | ၃၁၃၁၅၇၅၁ | ၆၆၆၂၂၂ |
| ၂။ | အိန္ဒိယ | ၃၃၀၂၉၇၆၀ | ၃၂၁၈၁၉၉၅ | ၄၄၀၈၃၀ |
| ၃။ | ဘရာဇီး | ၂၀၈၉၀၇၇၉ | ၁၉၈၆၂၄၃၈ | ၅၈၃၆၂၈ |
| ၄။ | ရုရှား | ၇၀၃၀၄၅၅ | ၆၂၈၅၀၀၇ | ၁၈၇၉၉၀ |
| ၅။ | ဗြိတိန် | ၆၉၇၈၁၂၆ | ၅၆၀၉၅၇၅ | ၁၃၃၂၂၉ |
| ၆။ | ပြင်သစ် | ၆၈၃၆၄၅၂ | ၆၃၉၀၀၇၃ | ၁၁၄၉၀၅ |
| ၇။ | တူရကီ | ၆၄၉၈၀၅၄ | ၅၉၃၀၆၆၅ | ၅၈၁၀၆ |
| ၈။ | အာဂျင်တီးနား | ၅၂၀၃၈၀၂ | ၄၉၀၁၀၃၁ | ၁၁၂၅၁၁ |
| ၉။ | အီရန် | ၅၁၅၆၉၈၆ | ၄၃၉၄၀၈၃ | ၁၁၁၂၅၇ |
| ၁၀။ | ကိုလံဘီယာ | ၄၉၁၈၆၄၉ | ၄၇၅၀၀၂၀ | ၁၂၅၂၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၆-၉-၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၃၃၄၃၃ | ၃၈၅၀၆၈၉ | ၁၃၆၄၇၃ |
| ဖိလစ်ပိုင် | ၂၁၀၃၃၃၁ | ၁၉၀၉၃၆၁ | ၃၄၃၃၇ |
| မလေးရှား | ၁၈၆၂၁၈၇ | ၁၅၉၁၀၂၈ | ၁၈၄၉၁ |
| ထိုင်း | ၁၂၉၄၅၂၂ | ၁၁၃၂၈၅၈ | ၁၃၀၄၂ |
| ဗီယက်နမ် | ၅၃၆၇၈၈ | ၃၀၁၄၅၇ | ၁၃၃၈၅ |
| မြန်မာ | ၄၁၇၉၇၁ | ၃၆၅၆၀၅ | ၁၅၉၈၅ |
| ကမ္ဘောဒီးယား | ၉၅၈၂၈ | ၉၁၁၃၁ | ၁၉၇၀ |
| စင်ကာပူ | ၆၈၉၀၁ | ၆၆၆၀၀ | ၅၅ |
| လာအို | ၁၆၀၅၈ | ၅၅၆၈ | ၁၆ |
| ဘရူနိုင်း | ၃၄၆၄ | ၁၈၇၁ | ၁၅ |

# စိတ်နဲ့တောင် မပစ်မှားကြနဲ့

စာချစ်သူ

**သူတော်ကောင်းတို့ မွေ့လျော်ရာ စစ်ကိုင်းတောင်ရိုး၏ နေဝင်ရီသရောအချိန်။ နေမင်းကြီးသည် လောကဓာတ်ကို တစ်နေ့တာအလင်းဓာတ်တို့ဖြန့်ဝေပေးပြီးနောက် ခေတ္တအနားယူခါစ၊ တစ်ဆက်တည်းမှာပင် လောကသားတို့ ချမ်းမြသာယာစေဖို့ သီတဂူစန်းလကလည်း ထွက်ပေါ်စအချိန်။**

စစ်ကိုင်းတောင်ရိုးကုန်းမို့ထက်ရှိ စေတီတစ်ဆူပေါ်သို့ သက်တော် ၈၀ ကျော် ဆရာတော်ကြီးတစ်ပါး အုတ်လှေကားအတိုင်း တက်လှမ်းကြွချီလာသည်။ ဆရာတော်ကြီး၏ ဘေးဘီဝဲယာတွင် တွဲမည့်သူ မရှိ။ ဆရာတော်ကြီး၏ အဖော်ကား လက်ထဲရှိ တောင်ဝှေးတစ်ချောင်းသာ။

သက်တော်ကြီးရင့်လာခဲ့ပြီ ဖြစ်သော်လည်း ဘေးမှမည်သည့် ဒကာရင်း၊ တပည့်ရင်းတို့၏ အကူအညီကိုမယူဘဲ တောင်ဝှေးတစ်ချောင်း အားကိုးဖြင့် အုတ်လှေကားထစ်များကို တစ်ထစ်ပြီး တစ်ထစ် ကြွချီတက်လှမ်းနေသည်ကိုက ဆရာတော်ကြီး၏ ဝီရိယ၊ ရဲရင့်သော ပုဂ္ဂိုလ်တို့၏ စိတ်ဓာတ်ကို ထင်ဟပ်ပေါ်လွင်စေသည်။

သက်တော်ရှည်ဆရာတော်ကြီးသည် စေတီတော်ရင်ပြင်ဆီသို့ ရောက်သောအခါ အသင့်ခင်းထားသော ထိုင်ခုံတစ်ခုဝယ်ထိုင်ရင်း ခေတ္တအမောဖြေနေလေသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုး စေတီကုန်းမို့ထက် ရှေ့တူရူအရပ်တွင် အစီအရီဖြစ်ထွန်းပေါ်ပေါက်ခဲ့သော စေတီ၊ ပုထိုး၊ ကျောင်းကန် သာသနိကအဆောက်အအုံများကို စူးစူးစိုက်စိုက် ကြည့်တော်မူလေသည်။

သက်တော်ရှည်ဆရာတော်ကြီး၏ စိတ်အစဉ်ဝယ် ငယ်စဉ်ကာလ စာသင်သားဘဝမှယခုတိုင် လုံ့လဥဿဟအပြည့် စိုက်ထုတ်၍ လျှောက်လှမ်းခဲ့သော သာသနာပြုခရီးစဉ်များကို ပြန်လည်မြင်ယောင်လာလိမ့်မည်မှာ မလွဲကေန်ပင်။

"မန္တလေးမှာ စာသင်သားဘဝနဲ့ နေခဲ့ရတဲ့ နှစ်နှစ်ကျော်ကာလ ဘုန်းကြီးနေခဲ့တဲ့ ခင်မကန်တိုက် မိုးတားကျောင်းမှာ သံဃာ ၅၀ ခန့်ရှိပါတယ်။ အများပိုင်စုဆောင်းထားတဲ့ ရန်ပုံငွေများမှ နံနက်ခင်း စာတက်အပြန် ၁၁ နာရီမှာ ပဲခြမ်းကြော်၊ ပဲလှော်လေးနဲ့ ရေနွေးကြမ်း ဝိုင်းလေးဖွဲ့ကြရပါတယ်။ ၈ နာရီမှာ စားခဲ့တဲ့နံနက်နဲ့ နေ့လယ်စာအကြား ဂွဆွမ်းမှာ ကျန်တဲ့ ဆွမ်းကျန်ဟင်းကျန်လေးတွေကို ရောမွှေပြီး ပဲကြော်လေးတွေနဲ့ ရောပြွမ်းကာ ဇွန်းတွေတပ်ပြီး လက်ရည်တစ်ပြင်တည်းဆိုသလို နေ့လယ်စာ သရေစာသဘောမျိုး စားရတာလည်း ပျော်စရာတစ်မျိုးပါပဲ။

"ဘုန်းကြီးရဲ့ ရဟန်းဒကာက မန္တလေးစာသင်အသွား မန္တလေးမှာသုံးစွဲဖို့ တစ်နှစ်စာ သုံးပေတော့ဆိုပြီး ပိုက်ဆံ ၃၆၀ ကျပ်ပေးလိုက်တယ်။ တစ်နေ့ တစ်ကျပ်နှုန်းပေ့ါ။ အဲဒါကြောင့် နေ့စဉ်နေ့တိုင်း ပိုက်ဆံတစ်ကျပ် ခါးမှာညှပ်ပြီး ပိုတဲ့ပိုက်ဆံတွေကို ယူနီဖောင်း သံသေတ္တာထဲမှာ သော့ခတ်သိမ်းထားခဲ့ရတယ်။ ပိုက်ဆံတစ်ကျပ် ခါးညှပ်ပြီးတော့ ပူအိုက်တဲ့ မန္တလေးရွှေမြို့တော်မှာ ညနေခင်းလမ်းလျှောက်ထွက်ရင်း ကျုံးထောင့်မှာ ကြံရေတစ်မတ်ဖိုးသောက်၊ ကျန်သုံးမတ်ကို စာအုပ်အဟောင်းဆိုင်မှန်သမျှ လှည့်လည်သွားလာပြီး စာအုပ်တွေဝယ်၊ ည ၉ နာရီ ကျောင်းမီးတွေပိတ်တော့ အဲဒီစာအုပ်တွေ သန်းခေါင်ကျော်အောင်ဖတ်ခဲ့တာ နေ့တိုင်း ညတိုင်းလိုလိုပါပဲ"

သက်တော်ရှည်ဆရာတော်ကြီး၏ စိတ်အစဉ်ဝယ် တစ်ခါက အင်တာဗျူးတစ်ခုတွင် မိန့်ကြားခဲ့ဖူးသော ထိုထိုသော ပျိုနုအရွယ် မန္တလေးစာသင်သားဘဝက ပုံရိပ်တို့ကိုလည်း ပြန်လည်မြင်ယောင်လာပါလိမ့်မည်။

"ရန်ကုန်စာသင်သားဘဝ (Service) က သုံးနှစ်ရခဲ့ပြီးဖြစ်တဲ့အတွက် မန္တလေးစာသင်သားဘဝမှာ သိပ်စိတ်ညစ်စရာ မတွေ့တော့ဘူး။ မန္တလေးမှာတော့ ကျောင်းတိုက်က နံနက်ဆွမ်းစီစဉ်ပေးတာလည်း မရှိပါဘူး။ ဆန်ပြုတ်ကလေးတောင် မရတော့ဘူး။ နံနက်စောစော အိပ်ရာထ ရေသောက်ပြီး သပိတ်ကိုင်ကာ အိမ်စဉ်လျှောက်ခဲ့ရတယ်။ နေ့တိုင်းလိုလို ကံကောင်းတာလေး တစ်ခုက ဘုန်းကြီးရဲ့ဆွမ်းခံရပ်ကွက်ဖြစ်တဲ့ သမီးတော်ဈေး၊ ကိုးလုံးတကာဘုရားအနီးတစ်ဝိုက် ဒေးဝန်းရပ်ကွက်တွေမှာ ဘုရားဝင်းတံတိုင်း၊ ကျောင်းဝင်းတံတိုင်း နံရံခြေရင်းတွေမှာ ဘယာကြော်၊ မုန့်ပျားသလက်ကြော် ရောင်းနေတဲ့ဆိုင်ကလေးတွေရှိတယ်။

"အဲဒီဆိုင်ကလေးတွေက လောင်းလိုက်တဲ့ မုန့်ပျားသလက်လေး တစ်ခြမ်းလောက်နဲ့ ဘယာကြော်လေး တစ်ခုလောက်ရလိုက်ရင်ပဲ ဘုန်းကြီးတို့ စာသင်သားတွေအတွက် နတ်သုဒ္ဓါတမျှ မြိန်ရှက်ဖွယ်ကောင်းတဲ့ အရဏ်ဆွမ်းပဲပေ့ါ။ အဲဒီမုန့်ကလေးတွေနဲ့ ဘုရားဝင်းထဲဝင်၊ ဆွမ်းတော်ကပ်ထားပြီး ခဏနား၊ စားပြီးတော့ ဘုရားပေါက်က ရေအိုးစင် ရေသောက်၊ အိမ်စဉ်လျှောက်လို့ ဆွမ်းခံ၊ ကျောင်းရောက်တော့ နံနက် ၈ နာရီ စကောစကအချိန်မှာ ကိုယ့်သပိတ်နဲ့ကိုယ် သီတင်းသုံးဖော်တွေ ဝိုင်းပြီးစား၊ ၉ နာရီမှာစတင်ပြီး နာမည်ကြီး ဆရာတော်တွေထံ စာတက်ခဲ့ရတယ်။ အဲဒီတုန်းက မန္တလေးမှာ နေ့စဉ် ကျောင်းအပြင်ထွက်ပြီး တစ်ကျောင်းဝင်တစ်ကျောင်းထွက်နဲ့ နာမည်ကြီး ဆရာတော်တွေရဲ့ခြေရင်းမှာ ဝပ်စင်းပြီး စာတက်ခဲ့ရတာ အလွန်ပျော်စရာကောင်းတဲ့ ဘဝအချိန်ပိုင်းတွေပါပဲ"

- ❑ **ကံတရားတို့၏ အကျိုးပေးသည် ဆန်းကြယ်၏။ အနုသယအခံဓာတ်သို့ ဆိုက်ထိစွာ စူးဝင်ခဲ့သော အကုသိုလ်အကြံဖြစ်လျှင်၊ မနောဒွါရအာသယ ဓာတ်ခံသို့ ထိခိုက်အောင် စူးဝင်ခဲ့သော ကုသိုလ်အကြံဖြစ်လျှင် ထိခိုက်စူးဝင်ထင်ကျန်သော အရှိန် အင်အားအလိုက် တစ်ချိန်ချိန်တွင် အကျိုးပေးကြမြဲပင်တည်း**
- ❑ **သတ္တဝါတို့၌ တစ်ချိန်သောကာလက လက်ခံမိခဲ့သော ကြံစည်၊ ပြောဆို၊ ပြုမူမှု (ကံတရား) များ တစ်ချိန်ချိန်၌ အကျိုးတရားအဖြစ် ပေါ်လာမြဲဖြစ်သည်။ မည်မျှသေးငယ်၍ အမှတ်မထင်သော အကြံအစည်ကလေးပင်ဖြစ်စေကာမူ ငုပ်၍ ငုပ်၍ သွားသော်လည်း တစ်နေ့နေ့တွင် ဘွားခနဲအကောင်အထည်ဖော် (အကျိုးပေး) လာတတ်သည်**

ကံတရားတို့၏အကျိုးပေးသည် ဆန်းကြယ်၏။ အနုသယအခံဓာတ်သို့ ဆိုက်ထိစွာ စူးဝင်ခဲ့သော အကုသိုလ်အကြံဖြစ်လျှင်၊ မနောဒွါရအာသယ ဓာတ်ခံသို့ ထိခိုက်အောင် စူးဝင်ခဲ့သော ကုသိုလ်အကြံဖြစ်လျှင် ထိခိုက်စူးဝင် ထင်ကျန်သော အရှိန်အင်အားအလိုက် တစ်ချိန်ချိန်တွင် အကျိုးပေးကြမြဲပင်တည်း။

သတ္တဝါတို့၌ တစ်ချိန်သောကာလက လက်ခံမိခဲ့သော ကြံစည်၊ ပြောဆို၊ ပြုမူမှု (ကံတရား) များ တစ်ချိန်ချိန်၌ အကျိုးတရားအဖြစ် ပေါ်လာမြဲဖြစ်သည်။ မည်မျှသေးငယ်၍ အမှတ်မထင်သော အကြံအစည်ကလေးပင် ဖြစ်စေကာမူ ငုပ်၍ငုပ်၍သွားသော်လည်း တစ်နေ့နေ့တွင် ဘွားခနဲအကောင်အထည်ဖော် (အကျိုးပေး) လာတတ်သည်။

"ဘုန်းကြီးတို့ စာသင်သားဘဝ အကြီးတန်းအောင်တော့ နိုင်ငံတော်အစိုးရရဲ့ လှူဒါန်းငွေကျပ် ၁၀၀ ရပါတယ်။ ကိုယ်နဲ့အတူ စာမေးပွဲအောင်တဲ့ သီတင်းသုံးဖော်တွေနဲ့ ရှမ်းပြည် တောင်ပိုင်း အောင်ပန်း၊ ကလော၊ ပင်းတယ၊ အင်းလေး၊ တောင်ကြီးမြို့တွေကို လှည့်လည်ပြီးတော့ မြောက်ပိုင်း ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ နန့်ခမ်းမြို့များအထိ လျှောက်လည်ကြည့်လိုက်တယ်။ နန့်ခမ်းမြို့က ဒေါက်တာဆီးဂရေးရဲ့ ဆေးရုံကြီးကို ဝင်ကြည့်ဖြစ်ခဲ့တယ်။ ဒေါက်တာဆီးဂရေးဆိုတာ အမေရိကန်ဘပတစ်ဘုန်းကြီး တောင်တန်းသာသနာပြု တင်နက်စီပြည်နယ်၊ နက်ရှဗီးမြို့သားဖြစ်ပါတယ်။

"သူတည်ဆောက်ထားတဲ့ နန့်ခမ်းဆေးရုံဟာ ကြီးကျယ်တယ်၊ ခမ်းနားတယ်၊ စုံလင်တယ်၊ အခမဲ့ ကုသပေးတယ်။ နန့်ခမ်းမြို့နယ်က သံဃာတော်တွေနဲ့ သီလရှင်တွေ အဲဒီခရစ်ယာန်ဆေးရုံပေါ်မှာ ကုသမှုခံယူနေကြတာ တွေ့ခဲ့ရတယ်။ စိတ်ထဲမှာ ခံစားမိပုံ အတွေးမျိုးစုံပဲ၊ "အဲဒီခရစ်ယာန် ဘုန်းကြီးဟာ သူတစ်ပါးအကျိုး သယ်ပိုးစောင့်ရှောက်တဲ့ စိတ်နှလုံးကောင်းရှိတယ်" လို့ ဘုန်းကြီးယုံကြည်ထားတယ်။

"ဘုန်းကြီးစိတ်ထဲမှာတော့ ရဟန်းသံဃာ တစ်သိန်းကျော်ရှိတဲ့ ဗုဒ္ဓဘာသာနိုင်ငံမှာ ဗုဒ္ဓဘာသာရဟန်းတော်တွေ တည်ထောင်တဲ့ဆေးရုံမရှိဘဲ ခရစ်ယာန်ဆေးရုံ၊ ဟိန္ဒူဆေးရုံ၊ အစ္စလာမ်ဆေးရုံတွေသာရှိနေပြီး အဲဒီဘာသာခြား ဆေးရုံတွေပေါ်မှာ ဗုဒ္ဓဘာသာရဟန်းတော်တွေ တက်ရောက်ကုသခံယူနေကြတာကို မခံချင်သလို ရှက်သလိုဖြစ်ခဲ့ရပါတယ်။

"ရှမ်းပြည်ခရီးကနေ ရန်ကုန်ပြန်ရောက်တော့ ကားတွေ၊ ရထားတွေစီးရာမှာ အညောင်းမိပြီးတော့ ကိုယ်ကိုယ်တိုင်လည်း အူကျရောဂါဖြစ်ပြီး ရန်ကုန်အရှေ့ပိုင်းက ရာမ ခရစ်ရှုနာမစ်ရှင်းအသင်းက တည်ထောင်ထားတဲ့ ဂန္ဓီဆေးရုံမှာတက်ရောက်ပြီး ကုသမှုခံယူခဲ့ရတယ်။ ဆေးရုံကဆင်းတော့ ကမ္ဘာအေး အပရဂေါယာနကျောင်းဆောင်မှာ ရုံးဖွင့်ထားတဲ့ သံဃာ့တက္ကသိုလ်ကျောင်းအုပ် ဆရာတော်ဦးပညာဒီပဆီသွားပြီး သံဃာ့တက္ကသိုလ် ကျောင်းသားစာရင်းသွင်းကာ လျှောက်လွှာတင်ခဲ့တယ်။ ဆရာတော် ဦးပညာဒီပက ဟံသာဝတီဦးဘခင် ရေးသားတဲ့ "နိုင်ငံခြားသာသနာပြု အသင်းအဖွဲ့များ" ဆိုတဲ့ စာအုပ်ကလေးကို ပေးလိုက်တယ်။ အဲဒီစာအုပ်ကလေး ဖတ်ပြီးတဲ့နောက် ဗုဒ္ဓသားတော် ရဟန်းတစ်ပါးအနေနဲ့ ဆေးရုံထောင်ရမယ်လို့ သန္နိဋ္ဌာန်ချမှတ်လိုက်တယ်။ ဒါပေမယ့် ဘယ်ကစရမှန်းတောင် မသိခဲ့ပါဘူး။

"အဲဒီအရွယ်တုန်းက အသက် (၂၂-၂၃-၂၄-၂၅)၊ ဘုန်းကြီးက စီးကရက်သောက်တယ်။ လူထုစီးကရက်ကုမ္ပဏီ ဦးချိုထုတ်တဲ့ ကပ္ပိတန်သံဘူးကိုမှ မြိန်မြိန်ရှက်ရှက် သောက်တာ။ အဲဒါကြောင့် ပြင်းထန်တဲ့ ချောင်းဆိုးရောဂါ စွဲလာတယ်။ သလိပ်ထဲမှာ သွေးစကလေးတွေ ပါလာတာတွေ့ရတယ်။ ကျန်းမာရေးစစ်ဆေးဖို့ ဆေးရုံသွားတော့ သူငယ်ချင်းဦးဇင်းတွေက ခရစ်ယာန်ဆေးရုံကို ပို့ကြပြန်တယ်။ အလံပြဘုရားလမ်းက သတ္တမနေ့ ဥပုသ်အသင်းဆေးရုံဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ချာချီလမ်းက ဇီဝိတဒါန သံဃာ့ဆေးရုံဟာ အိမ်ဟောင်းကြီးတစ်ခုပေါ်မှာဖြစ်သလို ဆေးပေးနေရတဲ့ ဆေးခန်းကလေးမျှသာ ရှိနေပါသေးတယ်။ အဲဒီအတွေ့အကြုံဟာ သီတဂူအာယုဒါနဆေးရုံကြီးအတွက် မျိုးစေ့ကောင်းများပဲ ဖြစ်ပါတယ်"

စစ်ကိုင်းတောင်ရိုးကုန်းမို့ မြေရဲ့ဟိုးအထက်ဆီက စေတီပရိဝုဏ်အတွင်းမှ စစ်ကိုင်းတောင်ရိုးဝန်းကျင်ရှိ သာသနိကအဆောက်အအုံများကို စူးစူးစိုက်စိုက်ကြည့်ရှုနေပါသော သက်တော်ရှည် ဆရာတော်ကြီးကား ကမ္ဘာလောကကြီးကို သီတဂူစန်းလပမာ ချမ်းမြသာယာရှိစေဖို့ အလင်းဓာတ်များ၊ အအေးဓာတ်များ လွှမ်းခြုံဖြန့်ဝေပေးနေပါသော သက်တော် ၈၄ နှစ်အရွယ်ရှိ သီတဂူဆရာတော်ဘုရားကြီးပင်ဖြစ်ပါသည်။

သီတဂူဆရာတော်ကြီးသည် ၁၃၃၃ ခုနှစ်မှစတင်၍ သထုံခရိုင် ကျွဲခြံနှင့် မုတ္တမအကြား ကျုံကရွာ၏ အရှေ့မြောက် တောင်တန်းထဲက သပိတ်အိုင်တောရတွင် လေးနှစ်ကျော်ကျော်တောရဆောက်တည်ခဲ့ပြီးနောက် စစ်ကိုင်းတောင်က ဆရာသမားဖြစ်သူ အနီးစခန်း ဆရာတော်ကြီး လေဖြတ်ရောဂါခံစားနေရသည်ဟူသော သတင်းကြောင့် ဆရာတော်ကြီးခြေရင်းတွင်ပြုစုရန် စစ်ကိုင်းတောင်ရိုးသို့ ပြန်လည်ကြွချီတော်မူခဲ့သည်။

တစ်ခုနေ့ဝယ် မလွန်ဆန်အလှူပွဲတွင် အနီးစခန်းဆရာတော်ကြီးသည် ကျန်းမာရေးမကောင်းသည့်ကြားက ရှေ့ပိုင်း ၁၅ မိနစ်ခန့် တရားတက်ဟောပြီးလျှင် "မောင်ဉာဏိဿရ တက်ဟောရမယ်" ဟုဆိုကာ ပလ္လင်အပ်ပါသည်။ ပခုံးပြောင်းတာဝန်ပေးလိုက်သည်ဟုလည်း မိန့်ကြားတော်မူ၏။ ထို့နောက် အနီးစခန်းဆရာတော်ကြီးက "စစ်ကိုင်းမှာပြန်နေ ပလ္လင်ပေါ်က မဆင်းနဲ့" ဟု ဆက်လက်မိန့်ကြားတော်မူ၏။ ထိုသို့မိန့်ကြားစဉ် စစ်ကိုင်းပထမ မစိုးရိမ်ဆရာတော်ကြီးလည်း အနီးအနားတွင်ရှိနေခဲ့၏။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ထို့နောက် မကြာမီမှာပင် ပထမ မစိုးရိမ်ဆရာတော်က မစိုးရိမ် (၇) တိုက်အပါအဝင်ဖြစ်သည့် သံဃာဆိတ်နေသည်မှာ ကြာပြီဖြစ်သော “လျှော်ဖြူချောင်” ကို သီတဂူဆရာတော်အား အပ်လေသည်။ သီတဂူဆရာတော်ကလက်ခံပြီး ၁၃၃၈ ခုနှစ်တွင် စစ်ကိုင်းတောင်၌ ကျောင်းတိုက်စတင်တည်ဆောက်ခဲ့သည်။ လျှော်ဖြူချောင်ကို “သဒ္ဓမ္မသီတဂူချောင်” ဟု အမည်သစ်တင်ခဲ့သည်။ ထို့နောက် သပိတ်အိုင်သို့ မပြန်ဖြစ်တော့ချေ။

“သူတော်ကောင်းကြီးများ၏ သာသနာပြု ခရီးလမ်းဝယ် တစ်ခါတစ်ရံ မမြင်ရသောအနှောင့်အယှက်များကား ဆီးကြိုနေတတ်သည်။ အနှောင့်အယှက် အမွှေခတ်တို့ သဘောကား သိမ်မွေ့လှ၏။ အနည်းငယ် အားနည်းချက် ယိုပေါက်ရှိသော ဟာကွက်များကို ဆုပ်ကိုင်ပြီး တက်နင်းလာတတ်သည်။ ဖြောင်အထင်မခံချေ၊ သွေးရိုးသားရိုးဟု ထင်စေသည်။ မတတ်သာမှ ဒွဲဒိုးဖြောင်ဝင်လုပ်တတ်သည်။ မှောင်ရိပ်ခိုနိုင်သမျှ ခို၍လုပ်သည်။ ရနိုင်သမျှ တရားခံအငှားရှာသည်။ လက်ကိုင်တုတ်များကိုရှာ၍ သုံးလေ့ရှိသည်” ဟူ၍ ဓမ္မာစရိယ ဦးဌေးလှိုင်က “ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ”စာအုပ်တွင် ရေးသားခဲ့ပါ၏။

“သီတဂူရေအလှူတော် ဖြစ်ပေါ်လာပုံက အဲဒီအချိန်မှာ သောက်သုံးရေကတော့ ဣန္ဒာသယ ဆရာတော် တည်ထောင်ထားတဲ့ ရေစက်နဲ့ မြန်အောင်ဆရာတော် တည်ထောင်ထားတဲ့ ရေစက်နှစ်ခု ရှိနေကြပါတယ်။ မြန်အောင်ဆရာတော် တည်ထောင်ထားတဲ့ ရေစက်က ချောင် ၂၀ ရေပေးနိုင်တယ်လို့ ထင်ရပါတယ်။ ဣန္ဒာသယဆရာတော်ကြီး ရေစက်ကတော့ ပုညရှင်သုံးထပ်ကန်အထိ ချောင်ပေါင်း ၆၀၊ ၇၀ ခန့် ရေပေးနိုင်မယ်လို့ ထင်မိပါတယ်။

လျှပ်စစ်ဓာတ်အားကလည်း အလွန်နည်းပြီး စည်းရုံးစီမံမှုတွေကလည်း အားနည်းနေတဲ့အတွက် ချောင်တိုင်းစေ့ ရေမပေးနိုင်ခဲ့ကြဘူး။ ဘုန်းကြီးတည်ဆောက်တဲ့ သဒ္ဓမ္မ သီတဂူချောင်သည်ပင် မြန်အောင်ရေစက်ကပေးတဲ့ ရေကိုသောက်သုံးခဲ့ရတာဖြစ်ပါတယ်။ ဒီရေစက်ကြီးနှစ်ခုကို ဝိုင်းကူအားဖြည့်ပေးပြီးတော့ တစ်တောင်ရိုးလုံး ချောင်တိုင်းစေ့ ရေပေးဝေမည့်စိတ်ကူးတွေ အများကြီးဖြစ်ခဲ့ပါတယ်။

အဲဒီလို စိတ်ကူးနေခိုက် အနီးစခန်းဆရာတော်ကြီးရဲ့ တပည့်များဖြစ်ကြတဲ့ လယ်တီ ဆရာသိန်းကြီးရဲ့သား၊ မြေးတွေလည်းဖြစ်ကြတဲ့ ဦးခင်မောင်+ဒေါ်တုတ်တုတ် (အထက်မြန်မာပြည်ရုပ်ရှင်ဖြန့်ချိရေး)၊ ဦးတင်ဦး+ဒေါ်ညွန့်ညွန့် (စိတ္တသုခယောဂီ) တို့က ဒါရုက္ခန္ဓော ပမသုတ္တန်ဆိုတဲ့ လူကြိုက်များလှတဲ့ ဘုန်းကြီးရဲ့တရားတစ်ပုဒ်ကို တိပ်ခွေမှ ကူးယူ၍ စာအုပ်ရိုက်နှိပ်ခဲ့ပါတယ်။ အဲဒီတရားစာအုပ်ရဲ့ နောက်ကျောမှာ ဘုန်းကြီးက “ဤစာအုပ်မှရရှိလာသော ဓမ္မပူဇာဝတ္ထုငွေများကို ဣန္ဒာသယ ရေစက်အသင်းအား ထောက်ပံ့လှူဒါန်းမည်” ဟု ကြော်ငြာရိုက်ထည့်လိုက်ပါတယ်။

အဲဒီစာအုပ်ထွက်လာတော့ ရေစက်အသင်းလူကြီးတွေက အတွေးအခေါ်တွေ မှားယွင်းကြပြီး သူတို့အသင်းနာမည်ကိုသုံးပြီး စာအုပ်ရောင်းစားတာ သဘောမတူကြောင်း၊ ကန့်ကွက်ကြောင်းစသည်ဖြင့် သတင်းစာမှာ ကြေညာပါတယ်။ သီတဂူဘုန်းကြီးသူများ အသင်းဗန်းပြပြီး ကိုယ်ကျိုးရှာတဲ့ ပုဂ္ဂိုလ်အဖြစ် စွပ်စွဲခံလိုက်ရတဲ့သဘောပါပဲ။

အဲဒါကြောင့် ဒါရုက္ခန္ဓောပမသုတ္တန် တရားစာအုပ်ရောင်းရတဲ့ငွေကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း) ကို ဣန္ဒာသယရေစက်အား မလှူတန်းတော့ဘဲ သီတဂူရေအလှူတော်ရဲ့ ပထမဆုံးသော

> ❑ “၈၅ ရာခိုင်နှုန်းမျှရှိသော ဗုဒ္ဓဘာသာဝင်လူမျိုးတို့၏ ကိုးကွယ်ရာ လေးသိန်းခန့်မျှရှိတဲ့ ဗုဒ္ဓဘာသာ ရဟန်း၊ သာမဏေ၊ သီလရှင်တို့ဟာ ကိုယ့်တိုင်းပြည်မှာ ကိုယ့်လူမျိုးအတွက် ဉာဉ့်သည်သာသနာပြုတွေရဲ့ လုပ်ငန်းမျိုးကို အိမ်ရှင်ဖြစ်လျက်နဲ့ ဘာကြောင့်မလုပ်နိုင်ကြရတာလဲ” စသည်ဖြင့် တွေးတောမြော်မြင်တဲ့စိတ်၊ အောက်ကျမခံချင်တဲ့စိတ်၊ တုပြိုင်ချင်တဲ့စိတ်ဆိုတဲ့ မာနမျိုးဟာ ကောင်းတဲ့မာနမျိုး၊ ရှိထိုက်၊ ဖြစ်ထိုက်တဲ့မာနမျိုးလို့ ခံယူပါတယ်။ အဲဒီစိတ်ဓာတ်တွေကြောင့်ပဲဆိုပါတော့၊ သီတဂူဆေးရုံ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူရေအလှူတော်တို့ ပေါ်ပေါက်လာခဲ့ကြရတာပါ

ရေအလှူတော်ငွေအဖြစ် မတည်လိုက်ပါတယ်။ သီတဂူရေအလှူတော် အဖွဲ့ကိုလည်း စတင်၍ ဖွဲ့စည်းလိုက်ပါတယ်။ ၁၃၄၂ ခုနှစ်က ဖြစ်ပါတယ်။

“တောင်စစ်ကိုင်း ချောင်တိုင်းဝေမယ်” လို့ ဆောင်ပုဒ်တစ်ခုပြုပြီး ပြည်လုံးကျွတ် ကြေညာခဲ့တယ်။ ပထမဆုံးရေအလှူတရားပွဲကို စစ်ကိုင်းမြို့ထဲက ရေစက်အသင်းဟောင်း လူကြီးတွေရဲ့အိမ်နားမှာပဲ စတင်ဟောခဲ့ပါတယ်။

“၈၅ ရာခိုင်နှုန်းမျှရှိသော ဗုဒ္ဓဘာသာဝင်လူမျိုးတို့၏ ကိုးကွယ်ရာ လေးသိန်းခန့်မျှရှိတဲ့ ဗုဒ္ဓဘာသာ ရဟန်း၊ သာမဏေ၊ သီလရှင်တို့ဟာ ကိုယ့်တိုင်းပြည်မှာ ကိုယ့်လူမျိုးအတွက် ဉာဉ့်သည်သာသနာပြုတွေရဲ့ လုပ်ငန်းမျိုးကို အိမ်ရှင်ဖြစ်လျက်နဲ့ ဘာကြောင့် မလုပ်နိုင်ကြရတာလဲ” စသည်ဖြင့် တွေးတောမြော်မြင်တဲ့စိတ်၊ အောက်ကျမခံချင်တဲ့စိတ်၊ တုပြိုင်ချင်တဲ့စိတ်ဆိုတဲ့ မာနမျိုးဟာ ကောင်းတဲ့မာနမျိုး၊ ရှိထိုက်၊ ဖြစ်ထိုက်တဲ့မာနမျိုးလို့ ခံယူပါတယ်။ အဲဒီစိတ်ဓာတ်တွေကြောင့်ပဲ ဆိုပါတော့၊ သီတဂူဆေးရုံ၊ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၊ သီတဂူရေအလှူတော်တို့ ပေါ်ပေါက်လာခဲ့ကြရတာပါ။

ရေစီမံကိန်းမှာ “တောင်စစ်ကိုင်း ချောင်တိုင်းဝေမယ်၊ ဖောင်နှိုင်းလေ မဂ္ဂင်ရှစ် ရယ်နဲ့၊ တက်ပြင်အသစ်၊ ကူးကြည်တူ၊ ထူးလှသီတဂူ”လို့ တစ်ပြည်လုံးကြေညာတဲ့အခါမှာ “မောင်ဉာဏိဿရ လေတယ်ကောင်းတယ်၊ လေသမားပဲ”လို့ အချို့ဆရာတော်များက ပြောကြတယ်။ မှန်ပါတယ်။ တစ်ပြည်လုံးနဲ့ တစ်ကမ္ဘာလုံးမှာ ဘုန်းကြီးက လေကိုပဲ အသုံးပြုခဲ့တာဖြစ်တယ်။ နောက်ပြီးတော့ . . .

ရောဂါဘေးမသန်း ဆေးခန်းဖုံဖုံ၊
သီတဂူဆင့်ပွား တင့်ကြွားလုံ့ခြုံ၊
တိ ကိစ္စာလယ နာမဆေးရုံ၊
ရေအေးအေး ဆေးဝါးဓာတ်စာစုံ . . .လို့

သီတဂူဆေးရုံစီမံကိန်းကို ကြေညာပြန်တော့လည်း မောင်ဉာဏိဿရ ဘယ်လောက်များ လုပ်နိုင်မှာလဲ၊ ဒီလောက်ရှားနေတဲ့ ခေတ်ကြီးမှာ ခေတ်မီဆေးရုံကြီးတစ်ခုမဖြစ်နိုင်ပါ ဘူး၊ ခုတင် ၈၀ ဆိုတာ ပိုနေမှာပဲ” လို့ ပြောသံတွေကြားရပြန်တယ်။ ယခုတော့ “ခုတင် ၁၀၀ ဆံ့ အာယုဒါနဟာ ကျဉ်းနေပြီ၊ ချဲ့ပါဦး” လို့ ပြောလာကြပြန်တယ်။

သူတို့ဟာ ဝစီကံကုသိုလ် မယူတတ်ကြဘူး။ မနောကံ ညံ့ဖျင်းလို့ဖြစ်မှာပဲ။ ဘုန်းကြီးကတော့ စီမံကိန်းတွေကိုမေတ္တာ၊ ပညာတွေနဲ့ နှလုံးသားထဲမှာရေးဆွဲခဲ့ပါတယ်။ ဝစီကံနဲ့ လေကောင်းကောင်းပေးပြီး ပြည်တွင်း ပြည်ပတွေမှာစည်းရုံးခဲ့တယ်။ ကာယကံမှု ကောင်းစွာပြု၍ အကောင်အထည်ဖော်တည်ခဲ့တယ်။ တိုင်းပြည်နှင့်သာသနာ မြန်မာနှင့်ကမ္ဘာမှာ လူများစွာကို ကောင်းကျိုးကျေးဇူးတွေပြုဖို့ နှစ် ၁၀၀ လောက်အတွင်းမှာ စွန့်ပစ်ရမယ့် ဒီခန္ဓာကိုယ်ကို နာနာကြီးအသုံးချနေတာပဲ ဖြစ်ပါတယ်”

အနာဂတ်တွင် သာသနာ့အာဇာနည် ဖြစ်လာမည့် သီတဂူဆရာတော်ကြီးကို စစချင်းပွဲဦးထွက်မှာပင် စစ်ဦးကျိုးသွားစေရန် မာရ်စစ်သည်တို့၏ လက်ချက်ကား ထိမိလှပေသည်။

ယခုပစ္စက္ခ သက်တော် ၈၄ နှစ် ထေရ်ကြီးဝါကြီး အရွယ်တွင်လည်း မာရ်စစ်သည်တို့၏ အနှောင့်အယှက် အမွှေခတ်များကား ရှိနေမြဲ။ လတ်တလော ဆရာတော်ကြီး၏ ရုရှားနိုင်ငံ သာသနာပြုခရီးကို အကြောင်းပြု၍ ကြေးစားမီဒီယာတစ်ခုက “ဝါတွင်းကာလ ခရီးသွားသည်၊ နိုင်ငံတော်ဒုတိယ အကြီးအကဲ၏ ရုရှားနိုင်ငံခရီးစဉ်နှင့်အတူ လေယာဉ်ပျံအတူလိုက်ပါ စီးနင်း၍ကြွချီသည်” ဟူ၍ ထိုးနှက်မွှေနှောက်လေသည်။ မသိနားမလည်သော လူမိုက်များကလည်း လူမှုကွန်ရက် စာမျက်နှာထက်တွင် အမနာပ ပြောဆိုရေးသား၍ ပတ္တမြားဂူကို ရွှံ့ညွန်နှင့်ပွတ်ကြလေသည်။ မာရ်နတ်၏ ပရိယာယ်သည် ကြွယ်ဝလေ၏။ မြတ်ဗုဒ္ဓ၏သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ရှေ့တန်းကဦးဆောင်နေသည့် ဆရာတော်ကြီးကို စစ်ဦးကျိုးစေရန် လူမိုက်တို့ကို လက်ကိုင်တုတ်ပြု၍ ပြီးခဲ့သည့် ငါးနှစ်တာကာလကတည်းက တောက်လျှောက် အဆက်မပြတ် ထိုးနှက်တိုက်ခိုက်ခဲ့ကြသည်။

ဒုသီမာရ်နတ်သည် ကကုသန္ဓမြတ်စွာဘုရားအပေါ် အလွန်တရာရန်ငြိုးကြီး၏။ ပုဏ္ဏား၊ သူကြွယ်စသူတို့၏ကိုယ်၌ ပူးဝင်ကာ မြတ်စွာဘုရားကိုလည်းကောင်း၊ သံဃာတော်များကိုလည်းကောင်း မကြားကောင်းမနာသာ ဆဲရေးတိုင်းထွာ၏။ သာသနာတော်ကို ကြည်ညိုသူများ အထင်မှားအမြင်မှားစေရန် ရဟန်းနှင့် ရဟန်းမတို့ မသင့်မလျော် ပြုကျင့်ပုံတို့ကို ဖန်ဆင်း၍ပြ၏။ ထိုအခါ ဒါယကာ ဒါယိကာမတို့သည် ပြုမြဲဖြစ်သော ဒါနဝတ်များကို စွန့်ပစ်ကြတော့၏။ ရဟန်းသံဃာများကို ဆဲရေးပုတ်ခတ်ကြလေ၏။

ထိုအခါ ကကုသန္ဓမြတ်စွာဘုရားသည် ရဟန်းများကို ခေါ်တော်မူ၍ . . .

“ရဟန်းတို့၊ ဒုသီမည်သော မာရ်နတ်၏ လှည့်စားမှုကြောင့် လူတို့သည် ရဟန်းများအပေါ် အထင်အမြင်လွဲကာ ဆဲရေးကြကုန်၏။ ကြိမ်းမောင်းကြကုန်၏။ ညှဉ်းဆဲကြကုန်၏။ သင်တို့သည် အကယ်၍ ထိုဆဲရေးသူတို့ကို စိတ်ပြစ်မှားမိငြားအံ့၊ မာရ်နတ်၏ ဖျက်ဆီးရန်အခွင့်လမ်း ပေါ်ပေါက်လာပေရာ၏။ ထို့ကြောင့် သင်ရဟန်းတို့သည် အရပ်မျက်နှာ အားလုံးတို့၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်လေးပါးဖြင့် ဖြန့်ကြက်၍ ပွားများကြကုန်လော့”ဟု ဆုံးမတော်မူ၏။

ဒုသီမည်သော မာရ်နတ်သည် အကြမ်းနည်းဖြင့် မရသောအခါ အနုနည်းဖြင့် ကြိုးစားပြန်၏။ ရဟန်းများအား လာဘ်လာဘ၌ တပ်မက်လာအောင် ကြံဆောင်ပြန်၏။ မအောင်မြင်ပြန်သဖြင့် ပိုမို၍ခံပြင်းလာ၏။

ထို့ကြောင့် ကကုသန္ဓမြတ်စွာဘုရားနှင့် လက်ျာရံ အဂ္ဂသာဝက အရှင်ဝိဓုရတို့ မြို့တွင်းသို့ ဆွမ်းခံဝင်လာကြသောအခါ အနီးအပါးမှာရှိနေသော ယောက်ျားတစ်ယောက်ကို ဝင်ပူးကာ အသင့်ရှိနေသော ကျောက်ခဲဖြင့် အရှင်ဝိဓုရဆီ ပစ်ပေါက်လိုက်၏။ ကျောက်ခဲသည် အရှိန်ပြင်းစွာပြေးသွား၍ အရှင်ဝိဓုရ၏ ဦးခေါင်းအား ထိမှန်၏။ ထိမှန်ချက်က ပြင်းထန်လှသဖြင့် အရေအသားတို့ကို ဖောက်ထွင်းကာ အရိုးထိ စိုက်ဝင်သွား၏။

ဤမျှလောက် ဒဏ်ရာကြီးရသော်ငြားလည်း အရှင်ဝိဓုရသည် အနည်းငယ်မျှ မတုန်လှုပ်ချေ။ စိုက်ဝင်နေသော ကျောက်ခဲကို ဆွဲထုတ်ပစ်ကာ မြတ်စွာဘုရားနောက်တော်မှ လိုက်ပါမြဲ လိုက်ပါသွား၏။ သို့ရာတွင် အရှင်မြတ်ကြီး၏ တစ်ကိုယ်လုံးတွင်ကား သွေးချင်းချင်းရဲ၍ နေပေတော့သည်။

ထိုမကောင်းမှုကြောင့် ဒုသီမည်သောမာရ်နတ်သည် မကြာမီမှာပင် နတ်သက်ကြွေကာ မဟာအဝီစိငရဲသို့ကျရောက်ရ၏။ မဟာအဝီစိငရဲတွင် နှစ်ပေါင်းတစ်သိန်းမျှ ဆင်းရဲကြီးစွာ ခံစားရလေ၏။

စစ်ကိုင်းတောင်ရိုး၏ ညချမ်းသည် အေးမြလှပေသည်။ သက်တော်ရှည်ဆရာတော်ကြီးသည် မူလတက်လှမ်းလာခဲ့သည့် စေတီတော် အုတ်လှေကားထက်မှပင် တစ်ပါးတည်း ပြန်လည်ကြွချီဆင်းသက်သွားလေသည်။ အတက်ခရီးတုန်းက သို့နှယ် ယခုလည်း မည်သူ့အကူအညီ အတွဲအချီကိုမျှမယူခဲ့။ လုံ့လဥဿာဟ ကြီးမားစွာဖြင့် တစ်ပါးတည်းသာ။

“ငါတို့ဖြစ်ရ
ဤလောကဝယ် ဘဝသမိုင်း
မရိုင်းစေရန် စိတ်မာန်မချ
မာနမပါ တို့စွမ်းရာဖြင့်
တို့သာသနာ တို့ပြည်ရွာကို
သာယာစေမှု လုံ့လပြုအံ့”
ဟူသည့် သီတဂူအဓိဋ္ဌာန်သို့နှယ်။

သူတော်စင်တို့ပျော်မွေ့ရာ စစ်ကိုင်းတောင်ရိုး၏ ညချမ်းသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ညဉ့်ဦးယံ အချိန်ကာလကိုပင် တရွေ့ရွေ့ကျော်လွန်လာခဲ့ချေပြီ။ သို့ရာတွင် မှောင်ကား မမှောင်။ တက်ကောင်းကင်ယံက သီတဂူစန်းလကား လောကဓာတ်တစ်ခွင်ကို ထွန်းပအလင်းပေးရင်း အအေးဓာတ်တို့ကို မျှဝေလျက်။

“သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ”

========

**ကျမ်းကိုး** – သီတဂူ၏ဘဝပုံရိပ် တစိတ်တဒေသ (သီတဂူဆရာတော်ကြီးနှင့် ဘီဘီစီ ဦးနေဝင်းတို့၏
ဘီဘီစီ ဆွေးနွေးခန်း အမေးအဖြေ)။
ဝဏ္ဏသီရိ၏ အမြတ်ဆုံးခုနစ်ဆူ။

# ကဘူးလ်မြို့လေဆိပ်၌ ပြည်တွင်းလေကြောင်းပြေးဆွဲမှုအချို့ စတင်

ကဘူးလ် စက်တင်ဘာ ၆

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်တွင်းလေကြောင်းလိုင်းအချို့ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။**

စီးပွားရေးလေကြောင်းလိုင်းများမှာ နိုင်ငံအတွင်းမှ ထွက်ခွာလိုကြသူများကြောင့် လေဆိပ်တွင် အခြေအနေများ ဖရိုဖရဲဖြစ်ပြီးနောက် ဝန်ဆောင်မှုပေးခြင်းကို ခေတ္တရပ်နားထားသည်။ ဟီရတ်မြို့မှ ပျံသန်းလာသည့် ခရီးသည်တင်လေယာဉ်တစ်စင်းသည် စက်တင်ဘာ ၅ ရက်တွင် တောင်ပိုင်း ကန်ဒဟာပြည်နယ်သို့ ပျံသန်းခဲ့ပြီး ကဘူးလ်မြို့လေဆိပ်တွင် ဆင်းသက်ခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ဩဂုတ် ၃၀ ရက်တွင် အာဖဂန်မြေပေါ်မှ ဆုတ်ခွာသွားခဲ့ပြီးနောက် လေဆိပ်တွင် ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး ကာတာနိုင်ငံထံမှ အကူအညီရယူခဲ့သည်။ အိမ်နီးချင်းနိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ရယူရန် လေဆိပ်ကို ဖွင့်လှစ်ထားမည်ဖြစ်သည်။ လေဆိပ်ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရန်အတွက်မူ အချိန်ယူရဦးမည်ဖြစ်ကြောင်း သုတေသီများက ပြောသည်။ နိုင်ငံခြားစစ်လေယာဉ်များဖြင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ ထွက်ခွာသွားလိုကြသူများသည် လေဆိပ်ပတ်ဝန်းကျင်တွင် ဆက်လက်များပြားနေဆဲဖြစ်သည်။ ဩဂုတ် ၁၅ ရက်တွင် တာလီဘန်တို့၏ ကဘူးလ်မြို့ကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းမှုကြောင့် အခြေအနေများ ရှုပ်ထွေးလာခဲ့ပြီး စီးပွားရေးအရ ပျံသန်းပြေးဆွဲနေသည့် လေယာဉ်များသည် ခရီးသည်တင်ဆောင်မှုကို ရပ်ဆိုင်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ကဘူးလ်မြို့လေဆိပ်တွင် ခရီးသည်များလေယာဉ်ပေါ်မှဆင်းလာသည်ကို တွေ့ရစဉ်။

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့ ကာတာသို့ ထွက်ခွာ

**ဝါရှင်တန် စက်တင်ဘာ ၆**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့သည် သံတမန်လုပ်ငန်းများ ချဲ့ထွင်ရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် ကာတာနိုင်ငံသို့ထွက်ခွာခဲ့ကြသည်။

အန်တိုနီ ဘလင်ကန်သည် စက်တင်ဘာ ၅ ရက်တွင် ဝါရှင်တန်အနီး လေတပ်အခြေစိုက်စခန်းမှ ကာတာနိုင်ငံသို့ ထွက်ခွာခဲ့ပြီး ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင် သည်လည်း ကာတာ၊ ဘာရိန်း ၊ ကူဝိတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ ခရီးစဉ် စတင်လိုက်ပြီ ဖြစ်သည်။ ကာတာနိုင်ငံသည် တာလီဘန်နိုင်ငံရေးရုံးကို အိမ်ရှင်အဖြစ်လက်ခံခဲ့ပြီး အဆိုပါရုံးတွင် အပြည်ပြည်ဆိုင်ရာနှင့် ဆက်ဆံရေး ပြုလုပ်မည်ဖြစ်သည်။

ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့ကလည်း ၎င်းတို့၏ အဆင့်မြင့်သံအရာရှိများကို အာဖဂန်နစ္စတန်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများအတွက် ဆွေးနွေးရန် ကာတာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ကာတာနိုင်ငံသို့ အဆင့်မြင့် အရာရှိကြီးများ စေလွှတ်ခြင်းသည် ကာတာနိုင်ငံနှင့် ဆက်ဆံရေးကို တိုးမြှင့်ရန်နှင့် အာဖဂန်နစ္စတန်တွင် ကျန်ရှိနေသေးသည့် အမေရိကန်နှင့် အခြားသော နိုင်ငံသားများကို လုံခြုံစိတ်ချစွာ ကယ်တင်နိုင်ရေးအတွက် လုံခြုံရေးအစီအမံများ ပြုလုပ်နိုင်ရန် ရည်ရွယ်သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်။

# သြစတြေးလျနိုင်ငံ၌ ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၀၀၀ ကျော် ထပ်မံတွေ့ရှိ

**ကင်ဘာရာ စက်တင်ဘာ ၆**

သြစတြေးလျနိုင်ငံတွင် ကိုဗစ် – ၁၉ တတိယလှိုင်းကူးစက်မှုနှင့် ကြုံတွေ့နေရပြီး နေ့စဉ်ကူးစက်မှု ၁၀၀၀ အထက်တွင် ရှိနေသည်မှာ ၁၀ ရက်ဆက်တိုက်ရှိပြီ ဖြစ်သည်။ စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းအချိန်အထိ သြစတြေးလျနိုင်ငံတွင် ကူးစက်ခံရသူ ၆၁၆၀၉ ဦး ရှိသည်ဟု ကျန်းမာရေးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြသည်။

စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဒေသတွင်း ကူးစက်ခံရသူ ၁၅၃၈ ဦး ထပ်မံတွေ့ရှိခဲ့ပြီး လက်ရှိ တိုင်းပြည်အတွင်း ရောဂါဖြစ်ပွားနေသူဦးရေမှာ ၂၆၀၀၀ ရှိသည်။ နောက်ထပ် ကူးစက်ခံရသူများထဲတွင် နယူးဆောက်ဝေးပြည်နယ်မှ ၁၂၈၁ ဦး ရှိသည်။ ဇွန် ၁၆ ရက်မှစတင်က နယူးဆောက်ဝေး ပြည်နယ်တွင် ကိုဗစ်– ၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ ၁၃၁ ဦး ရှိပြီဖြစ်သည်။ ဗစ်တိုးရီးယား ပြည်နယ်တွင်လည်း နောက်ထပ်ဒေသတွင်း ကူးစက်ခံရသူ ၂၄၆ ဦး ထပ်မံတွေ့ရှိခဲ့သည်။

**ဆင်ဟွာ**



ဆစ်ဒနီမြို့လမ်းမထက်တွင် လမ်းသွားနေသူတချို့ကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီ တောင်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၃၃၀ နီးပါး ရေဘေးကြုံ

**ဂျကာတာ စက်တင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ တောင်ပိုင်းဆူလာဝေဆီတွင် ရေလွှမ်းမိုးမှုဒဏ်ကို လူပေါင်း ၃၃၀ ထက်မနည်း ခံစားခဲ့ရပြီး နေအိမ်ပေါင်း ၉၀ ရေနစ်မြုပ်ခဲ့ရသည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက စက်တင်ဘာ ၅ ရက်တွင် ပြောသည်။

စက်တင်ဘာ ၄ ရက်နေ့ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အန်ဒူ၊ ကနုဆွမ်နှင့် ဆာလုခတ်ဒေါင်ဒန်မြစ်တို့ ရေကြီးပြီး ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သည်ဟု အဆိုပါအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီက ပြောသည်။ စပါးလယ်ကွင်း ၁၀၀ ဟက်တာနှင့် ကိုကာစိုက်ခင်း ၂၁ ဟက်တာတို့ ရေလွှမ်းခဲ့ရပြီး အဓိကတံတားနှစ်စင်းမှာလည်း အောက်ခြေတွင် တိုက်စားမှုဖြစ်ပေါ်ခဲ့သည်ဟု သိရ သည်။

စက်တင်ဘာ ၅ ရက်တွင် ရေပြန်လည်ကျဆင်းသွားပြီး လမ်းပေါ်တွင် တင်ကျန်ရစ်ခဲ့သည့်အမှိုက်သရိုက်များကို ရှင်းလင်းနေကြပြီဖြစ်သည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၄၃၀ ထပ်တိုးလာ

**ဒါကာ စက်တင်ဘာ ၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ စက်တင်ဘာ ၅ ရက်က ကိုဗစ်– ၁၉ကူးစက်ခံရသူ ၂၄၃၀ ထပ်မံတွေ့ရှိခဲ့ပြီး သေဆုံးသူ ၇၀ ကျော်ရှိသည်ဟု ကျန်းမာရေးညွှန်ကြားရေးမှူးချုပ်ရုံးက ပြောသည်။

ထို့ကြောင့် ကူးစက်ခံရသူစုစုပေါင်းမှာ ၁၅၁၄၄၅၆ ဦးရှိပြီး သေဆုံးသူစုစုပေါင်းမှာလည်း ၂၆၅၆၃ ဦးရှိပြီဖြစ်သည်။ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူဦးရေ ၅၀၆၀ တိုးလာပြီး စုစုပေါင်းပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၁၄၅၁၀၆၃ ဦးရှိသည်။

တရားဝင်ထုတ်ပြန်သည့်အချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်– ၁၉ကြောင့် သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၇၅ ရာခိုင်နှုန်းတွင်ရှိသည်။ ပြန်လည်ကျန်းမာလာသူနှုန်းမှာမူ ၉၅ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်သူ ၂၂၄၁၅ ဦးဖြင့် စံချိန်တင်မြင့်တက်

မနီလာ စက်တင်ဘာ ၆

**ဖိလစ်ပိုင်နိုင်ငံ၌ စက်တင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၄၁၅ ဦးတိုးလာပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၁၀၃၃၃၁ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၁၀၃ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၃၄၃၃၇ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် ခတ်ခွဲခန်းရှစ်ခုက သတင်းအချက်အလက်များပေးပို့ရန် ပျက်ကွက်ခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ဖော်ပြသည်။

မြို့တော်မနီလာ၌ လေးရက်ဆက်တိုက် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်သူ ၂၀၀၀၀ ကျော်လွန်ခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများနှင့် သေဆုံးမှုများသည် ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန ကူးစက်ရောဂါပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ဗျူရိုမှ ညွှန်ကြားရေးမှူး အလီသာဒီဂုဇ်မင်းက ပြောသည်။

ဒယ်လ်တာ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးစိတ်သစ်သည် တခြား ကိုဗစ်-၁၉ မျိုးစိတ်သစ်များကို လွှမ်းမိုးကျော်လွန်ပြီး လျင်လျင်မြန်မြန် ကူးစက်ပျံ့နှံ့နေကြောင်း ဖိလစ်ပိုင် သက်ရှိဇီဝပစ္စည်း၏ မျိုးပွားပစ္စည်းလေ့လာရေးဌာန အမှုဆောင်ညွှန်ကြားရေးမှူး ဆင်သီယာဆယ်လိုမာက ပြောသည်။

ဒယ်လ်တာ ကိုဗစ်-၁၉ လျင်မြန်စွာကူးစက်ပျံ့နှံ့မှုများသည် အထူးသဖြင့် မြို့တော်မနီလာနှင့် အနီးဝန်းကျင်ဒေသတွင် အများအပြားဖြစ်ပွားလျက်ရှိသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာသဖြင့် ပြည်သူလူထုအနေဖြင့် ပိုပြီး ဂရုတစိုက်နေထိုင်ကြရန်နှင့် ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ အခြေအနေနှင့် ကျန်းမာရေးစနစ်သည် အန္တရာယ်ရှိသောအခြေအနေတွင် ကျရောက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနအကြီးအကဲ မာရီယာရိုဆာရီယိုဗာဂျီရီက တိုက်တွန်းပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်မှုမြင့်နေသည့်တိုင် အစိုးရသည် မြို့တော်မနီလာရှိ ကန့်သတ်ပိတ်ဆို့မှု အဆင့်ကို စက်တင်ဘာ ၈ ရက်မှ ၃၀ ရက်အထိ လျှော့ချလိုက်သည်။ မြို့တော်မနီလာအနီးဝန်းကျင်တွင် တင်းကျပ်ကြမ်းတမ်းသည့် ကန့်သတ်ပိတ်ဆို့မှုကို အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းနှင့် ဆွေးနွေးမှုနောက်ဆုံးအဆင့်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကန့်သတ်ပိတ်ဆို့မှုအသစ်တွင် လူများ၏ရွေ့လျားသွားလာမှုများကို တင်းကျပ်သွားမည်ဖြစ်ပြီး ပါးစပ်နှာခေါင်းစည်း၊ မျက်နှာကာတို့ကို တပ်ဆင်ရမည်ဖြစ်ကြောင်း၊ အလုံပိတ်နေရာများနှင့် လူထူထပ်သောနေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း စသည့်အချက်များ ပါရှိသည်။



ဖိလစ်ပိုင်နိုင်ငံ ကွီဇုန်မြို့ရှိ ဈေးတစ်ခု၌ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသော ဈေးဝယ်သူများကို တွေ့ရစဉ်။

လူဦး ရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၇ ဒသမ ၅ သန်း ကျော်ရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၄၁၃ ဦးရှိလာပြီး ၆၁၂ ဦးထပ်မံသေဆုံး

**ဂျကာတာ စက်တင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ၌ စက်တင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၄၁၃ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၁၃၃၄၃၃ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၆၁၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၃၆၄၇၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ နီးရှားနိုင်ငံသားများ အားလုံး ကာကွယ်ဆေးများသည် အင်ဒို အတွက် အခမဲ့ဖြစ်သည်။


အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ် နမူနာရယူနေသည်ကို တွေ့ရစဉ်။

စက်တင်ဘာ ၆ ရက်အထိ လူပေါင်းအနည်းဆုံး ၃၈ ဒသမ ၄၇ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံ့ပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံ့ပြီးသူပေါင်း ၆၇ ဒသမ ၁၅ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။ အင်ဒိုနီးရှား အစိုးရသည် အမျိုးသားကာကွယ်ဆေးထိုးလိုအပ်ချက်ကို ပြည့်မီရန် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပိုမိုရရှိနိုင်ရေး ဆက်လက်ကြိုးစား ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁ ဒသမ ၈ သန်းကျော်တိုးလာ

**ကွာလာလမ်ပူ စက်တင်ဘာ ၆**

မလေးရှားနိုင်ငံ၌ စက်တင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၇၃၅၂ ဦးတိုးလာကြောင်း အတည်ပြုဖော်ပြပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်သူ ပေါင်း ၁၈၆၂၁၈၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်သူ ရှစ်ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၇၃၄၄ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။ နောက်ထပ် ၂၇၂ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၁၈၄၉၁ ဦးရှိလာခဲ့ပြီ ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၅၂၆၆၈ ဦး အနက် ၉၅၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၄၃၅ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ တနင်္ဂနွေနေ့က ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ခါထိုးပမာဏ ၂၈၉၉၅၈ ခန့်ကို ထိုးပေးခဲ့သည်။ လူဦးရေ၏ ၆၂ ဒသမ ၉ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံ့မှု ခံယူပြီးပြီဖြစ်ကာ ၄၈ ဒသမ ၈ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံ့ပြီးပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၃၆၇၈၈ ဦးရှိလာ

**ဟန္နိုင်း စက်တင်ဘာ ၆**

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၂၄၈၁ ဦးရှိလာကြောင်းဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ လေးဦးနှင့် ပြည်တွင်းကူးစက်သူ ၁၂၄၇၇ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၃၆၇၈၈ ဦးအထိ ရှိလာပြီး ၁၃၃၈၅ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြသည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၇၁၂၂ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၂၁၉၄ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၈၇၁ ဦးတို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၃၀၁၄၅၇ ဦး ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၂၂ သန်းကျော်လွန်လာပြီဖြစ်သည်။

**ဆင်ဟွာ**

## အာဖရိက၌ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇ ဒသမ ၉၁ သန်းရှိလာ

**အဒစ္စအဘာဘာ စက်တင်ဘာ ၆**

အာဖရိက၌ စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇၉၁၀၀၈၆ ဦးရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်း ၁၉၉၅၀၀ ရှိလာပြီဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၇၁၄၃၃၂၂ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ကိုဗစ်ကြောင့် ကျောင်းများဖွင့်လှစ်ရေး အခက်အခဲများနှင့် ရင်ဆိုင်နေရတဲ့ ဂျပန်ကျောင်းများ

နှင်းမိုးအိမ်

ဂျပန်နိုင်ငံတွင် နွေရာသီအားလပ်ရက်ကာလမှာ ပြီးသွားပြီဖြစ်သော်လည်း ကလေးအများအပြားမှာမူ စာသင်ကျောင်းသို့ပြန်မလာနိုင်သေးပေ။

### ကျောင်းဖွင့်ပွဲမကျင်းပရန် ဆုံးဖြတ်

ကူးစက်မြန် ဗီဇပြောင်းဒယ်လ်တာဗိုင်းရပ်စ်ကြောင့် ကလေးများ စာသင်ခန်းများအတွင်းသို့ပြန်လာနိုင်ရေးမှာ ခက်ခဲရှုပ်ထွေးနေဆဲဖြစ်သည်။ တိုကျိုမြို့ ဆီတာဂါရာ ရပ်ကွက်ရှိ နာကာဇာတို မူလတန်းကျောင်းမှာ စာသင်နှစ် စတိုင်း ကျောင်းသားများသည် ကျောင်းသီချင်းသီဆိုလေ့ရှိကြသည်။ သို့သော်လည်း စက်တင်ဘာ ၁ ရက်တွင်မူ ကျောင်းသားများမှာ ငြိမ်သက်စွာထိုင်ရင်းနားထောင်ခဲ့ကြသည်။ ကျောင်းဖွင့်ပွဲအခမ်းအနား မကျင်းပတော့ရန် ကျောင်းအုပ်ကြီးက ဆုံးဖြတ်ခဲ့သည်။

### အွန်လိုင်းမှ သင်ကြားခြင်းကို ရွေးချယ်

ဂျပန်နိုင်ငံတစ်လွှား အခြားသောကျောင်းများကဲ့သို့ပင် နာကာဇာတိုကျောင်း၌လည်း စိန်ခေါ်မှုရှိနေသည်။ မြို့တော်နှင့်အခြားသောခရိုင် ၂၀ တို့တွင် ကိုဗစ်-၁၉ ကူးစက်မှုများ များပြားနေပြီး အရေးပေါ်အခြေအနေကြေညာထားမှုအောက်ရှိနေဆဲဖြစ်သော်လည်း စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ တချို့သော ကျောင်းများကမူ အွန်လိုင်းပေါ်မှ သင်ကြားခြင်းကိုသာ ရွေးချယ်ခဲ့ကြသည်။

### နှစ်ပိုင်းခွဲထား

အခြားသောကျောင်းများတွင်မူ ကျောင်းလာတက်သည့် ကျောင်းသားအရေအတွက်လျှော့ချရန်နှင့် ကျောင်းရောက်သည့်အခါ ကျန်းမာရေးအခြေအနေကိုစစ်ဆေးမှုလွယ်ကူစေရန်တို့ကြား ဗျာများနေရသည်။ နာကာဇာတိုကျောင်းတွင်မူ စာသင်ခန်းများကို နှစ်ပိုင်းခွဲထားသည်။ ကျောင်းသားတစ်ဝက်ကို စာသင်ခန်းအတွင်းသို့ လာရောက်သင်ယူစေပြီး ကျန်တစ်ဝက်ကိုမူ နေအိမ်၌သာ နေစေပြီး အွန်လိုင်းမှတစ်ဆင့်သင်ကြားပေးမှုပြုလုပ်သည်။ နေ့အလိုက် အုပ်စုခွဲကာတစ်လှည့်စီ ကျောင်းလာရမည့်အုပ်စုနှင့် အိမ်မှာနေ၍ စာသင်ရမည့်အုပ်စုဟု သတ်မှတ်သင်ကြားပေးသည်။

### ကူးစက်မှုပုံစံပြောင်းလဲလာ

တိုကျိုမြို့တွင် ကျောင်းသားများကြား ကိုဗစ်-၁၉ ကူးစက်မှုမရှိစေရေးအတွက် အပိုထပ်ဆောင်း၍ ကြိုတင်ကာကွယ်မှုများလုပ်ဆောင်လာကြသည်။ ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁ ဒသမ ၅ သန်းရှိပြီဖြစ်သည်။ ၎င်းတို့ထဲမှ ထက်ဝက်နီးပါးမှာ ဩဂုတ်လတစ်လအတွင်း ကူးစက်ခံရသူများဖြစ်သည်။ ကူးစက်မှုပုံစံမှာ ပြောင်းလဲလာပြီး ကလေးများ စာသင်ကျောင်းများ၌ ရောဂါကူးစက်ခံလာရပြီးနောက် ထိုမှတစ်ဆင့် အိမ်မှာရှိသည့် မိဘများကို ကူးစက်စေသည်ဟု ဟာယိုဂိုခရိုင် ကိုဘီကလေးဆေးရုံမှ ဒေါက်တာကာဆိုင်မာဆာရှိက ပြောသည်။

### ကြိုးပမ်းလျက်ရှိ

ပြီးခဲ့သည့်တစ်ပတ်အတွင်း အသက် ၂၀ အောက် ကိုဗစ်-၁၉ ကူးစက်ခံရသည့်အရေအတွက်မှာ ၃၀၀၀၀ အထိရှိခဲ့သည်။ လွန်ခဲ့သည့် တစ်လကနှင့်နှိုင်းယှဉ်လျှင် ၂ ဒသမ ၆ ဆ များပြားလာခြင်းဖြစ်သည်။ ယင်းကူးစက်မှုများကို ကြည့်လျှင် အသက် ၂၀ ဝန်းကျင် အသက်အုပ်စုမှာကူးစက်မှုများ၏ ၂၀ ရာခိုင်နှုန်းရှိသည်ဟု တွေ့လာရသော်လည်း ကျောင်းများ ဆက်လက်ဖွင့်ထားနိုင်ရေးအတွက် အစိုးရက ကြိုးပမ်းလျက်ရှိ သည်။ အစိုးရက ကိုဗစ်-၁၉ ဆေးစစ်ကိရိယာ ၈၀၀၀၀၀ ကို မူကြို၊ မူလတန်းနှင့် အလယ်တန်းကျောင်းများကို ပေးပို့ခဲ့ပြီး အထူးသဖြင့် ဆရာများနှင့် ဝန်ထမ်းများက အသုံးပြုကြသည်။

### ကာကွယ်ဆေးထိုးရန်အရေးကြီး

ဆရာများနှင့်ဝန်ထမ်းများ ကာကွယ်ဆေးလျင်မြန်စွာ ထိုးနိုင်ရေးအတွက်လည်း ဒေသခံအာဏာပိုင်များနှင့် တက္ကသိုလ်များကို အကူအညီပေးကြရန် တောင်းဆိုခဲ့ကြသည်။ မည်သည့်အချိန်တွင် ကျောင်းပိတ်ရမည် သို့မဟုတ် ယာယီအားဖြင့် တစ်ကျောင်းလုံးပိတ်ရမည်ဆိုသည့်ဆုံးဖြတ်ချက်ချရန် စံနှုန်းသတ်မှတ်ချက်များကိုလည်း ချမှတ်ပေးထားသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့် အဖွဲ့မှခေါင်းဆောင်တစ်ဦးဖြစ်သူ ဝါကီတာတာကာဂျီက ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို ဆရာများနှင့် ဝန်ထမ်းများ လိုက်နာရန်ဖြစ်နိုင်လျှင် ကာကွယ်ဆေးထိုးကြရန် အရေးကြီးသည်ဟု ပြောသည်။



အွန်လိုင်းမှ သင်ကြားနေမှုကို တွေ့ရစဉ်။

“ တိုကျိုမြို့တွင် ကျောင်းသားများကြား ကိုဗစ်-၁၉ ကူးစက်မှု မရှိစေရေး အတွက် အပိုထပ်ဆောင်း၍ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်လာကြသည်။ ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁ ဒသမ ၅ သန်း ရှိပြီဖြစ်သည် ”

### စိုးရိမ်နေကြ

ကိုဗစ်-၁၉ ကူးစက်ခံရမှုများတွင် ကလေးများအများစုပါဝင်လာသည်ဟု ၎င်းက ဆက်ပြောသည်။ ကလေးများတွင် ကိုဗစ်-၁၉ ကူးစက်နိုင်ခြေရှိမှုမှာ ယခင်ကထက်ပို၍ များပြားလာသည့်အတွက် နိုးနိုးကြားကြားဖြင့် သတိထားကြရန်လိုအပ်သည်ဟုလည်း ၎င်းက ပြောသည်။ ကူးစက်မြန် ဗီဇပြောင်းဒယ်လ်တာဗိုင်းရပ်စ်မှာ ဂျပန်နိုင်ငံတွင် ပျံ့နှံ့နေပြီဖြစ်သည်။ ယင်းဗိုင်းရပ်စ်ကူးစက်မှုကြောင့် ပိုမိုပြင်းထန်သည့် ရောဂါလက္ခဏာများပြသမည်ကိုလည်း လူအများက စိုးရိမ်နေကြသည်။

### လေ့လာခဲ့ကြ

ထို့ပြင်ကာကွယ်ဆေးများမှာ အသုံးဝင်ခြင်းရှိ မရှိကိုပါ သိလိုလာကြသည်။ ဂျပန်နိုင်ငံကူးစက်ရောဂါအမျိုးသားအင်စတီကျုက ဒယ်လ်တာဗိုင်းရပ်စ်တွင် အများဆုံးတွေ့ရသည့် L452R သန္ဓေပြောင်းခြင်းပျံ့နှံ့မှုကို လေ့လာခဲ့ကြသည်။ တိုကျိုနှင့် အိမ်နီးချင်း ကာနာဂါဝါ၊ ဆိုင်တမာနှင့် ချီဘာခရိုင်တို့တွင် ဒယ်လ်တာတွင် တွေ့ရှိရသည့် သန္ဓေပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု လေ့လာမှုအရသိရသည်။ ကူးစက်မှုနှုန်းမှာ ၉၈ ရာခိုင်နှုန်းရှိသည်။ ဂျပန်နိုင်ငံ၏ အစိတ်အပိုင်း တော်တော်များများတွင်လည်း ဗီဇပြောင်းဒယ်လ်တာကူးစက်မှုကို တွေ့ရသည်။

### ကူးစက်မှုမြန်ဆန်

အိုဆာကာ၊ ကျိုတိုနှင့် ဟာယိုဂိုခရိုင်တို့တွင် ကူးစက်မှု၏ ၉၂ ရာခိုင်နှုန်းမှာ ဒယ်လ်တာကြောင့်ဖြစ်သည်။ ဗီဇပြောင်းဒယ်လ်တာမှာ ဗြိတိန်တွင် ပထမဆုံးတွေ့ရှိရသည့် ဗီဇပြောင်း အယ်လ်ဖာထက်ပိုပြီး ကူးစက်မှုမြန်ဆန်သည်။ မူရင်းဗိုင်းရပ်စ်ထက် နှစ်ဆပိုပြီး ကူးစက်မှုများပြားသည်ဟု ဂျပန်နိုင်ငံနှင့် အခြားသောနိုင်ငံများ၏ လေ့လာမှုအရသိရသည်။ ဗီဇပြောင်း အယ်လ်ဖာထက်မူ ကူးစက်မှု ၁ ဒသမ ၅ဆ ပိုမြန်သည်။ ယခုအချိန်အထိ ဒယ်လ်တာဗိုင်းရပ်စ်မှာ ပိုမိုပြင်းထန်သည့် ရောဂါလက္ခဏာဖြစ်စေခြင်းရှိမရှိကို တိကျသည့် အဖြေမရသေးပေ။

### ဆေးရုံတက်ရသူများပြား

တစ်ကမ္ဘာလုံးအနှံ့ လေ့လာမှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြောကြားချက်အရ ဆေးရုံတက်ရသည့်နှုန်းမှာ များပြားလာသည်ဟု ဆိုသည်။ ကာကွယ်ဆေးသည် ဒယ်လ်တာဗိုင်းရပ်စ်ကို ခုခံကာကွယ်ပေးသည့် ပဋိပစ္စည်းအထွက်နည်းကြောင်း ဓာတ်ခွဲခန်းစမ်းသပ်မှုများက ပြသလျက်ရှိသည်ဟု ဇူလိုင် ၂၇ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ သိရသည်။

### ကာကွယ်ဆေး၏ အကျိုးသက်ရောက်မှု

သို့သော်လည်း ယင်းအချက်ကြောင့် ကာကွယ်ဆေးမှာ အကျိုးသက်ရောက်မှုနည်းသည်ဟုမဆိုနိုင်ပေ။ လက်ရှိ ကာကွယ်ဆေးများမှာ အစွမ်းထက်မှုများပြားသည်ကို သက်သေပြလျက်ရှိသည်။ ဖိုက်ဇာ ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးနောက် ဒယ်လ်တာဗိုင်းရပ်စ်ကို ကာကွယ်ပေးနိုင်မှု ၃၅ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု ဩဂုတ်လအတွင်း ထုတ်ဝေထားသော နယူးအင်္ဂလန် ဆေးဂျာနယ်တွင် ဖော်ပြထားသည်။ ဒယ်လ်တာဗိုင်းရပ်စ်သည် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးပါက ၈၈ ဒသမ ဝ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည်ဟု သိရသည်။ ။

ကိုးကား
အင်န်အိတ်ချ်ကေ

# ကိုဗစ်– ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၅၅၅ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၉၄ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၅၉၈၅ ဦးရှိ

(၆-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၅-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၀၃၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၅၅၅)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၈၀၆,၂၂၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၁၇,၉၇၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၆၄၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၆၅,၆၀၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၉၈၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၆-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၁၈)ခု | (၁၂၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၄)ခု | (၁၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၇)ခု | (၂၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆)ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၇၃)ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၅၀)ခု | (၂၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၂၃)ခု | (၃၁၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၅၉၄)ခု | (၂,၀၅၃)ဦး |
| စုစုပေါင်း | (၂၅,၀၃၅)ခု | (၂,၅၅၅)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး သတိပြုရမည့်အချက်များ

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအား နာတာရှည်ရောဂါအခံရှိသူများ (ဥပမာ- ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ပန်းနာရင်ကျပ်၊ အဆုတ်၊ လေဖြတ်ရောဂါ စသည့် .... ရောဂါဝေဒနာတစ်ခုခုခံစားနေရသူများ) အနေဖြင့် သာမန်လူများထက် ပိုမိုအလေးထားဆောင်ရွက်သင့်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ရောဂါအမြစ်ပြတ်သည်အထိ ကာကွယ်ထိန်းချုပ်ရန်အတွက် ကိုဗစ်ကာကွယ်ဆေးထိုးနှံခြင်းမှအပ ကျန်သည့်နည်းလမ်းများ မရှိသေးပါ။
- ကိုဗစ်-၁၉ ရောဂါပိုးအား ထိရောက်စွာ တွန်းလှန်ကာကွယ်နိုင်ရေးအတွက် လေကောင်းလေသန့်ရရှိ၍ လေဝင်လေထွက်ကောင်းမွန်သော၊ နေရောင်ခြည်နှင့် အလင်းရောင်ကောင်းစွာရရှိသော၊ လူနေစုပြုံ၍ လူထူထပ်မှုမရှိသော ပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်သင့်ပါသည်။

## စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများနှင့် ကျေးရွာများမှ ပြည်သူများအား ကိုဗစ်ရောဂါပိုးရှိမရှိ စစ်ဆေး

**စစ်တွေ စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း (IDPs) များတွင် ခိုလှုံနေကြသည့် ပြည်သူများ၊ ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူများ၊ ငါးဖမ်းစက်လှေများတွင် လုပ်ဆောင်နေကြသည့် ရေလုပ်သားများအား ကိုဗစ်ရောဂါပိုးရှိ မရှိ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဒါးပိုင်နယ်မြေရဲကင်းစခန်း၌ စစ်ဆေးလျက်ရှိသည်။

ထိုသို့ စစ်ဆေးနေမှုကို စစ်တွေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုကြသည်။ (ယာပုံ) ကိုဗစ်ရောဂါပိုးစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စစ်တွေတပ်နယ်မှ တပ်မတော်ဆေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များမှ အခမဲ့စစ်ဆေးပေးနေခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါရှိ မရှိ (Covid-19 Ag Test )ဖြင့် စစ်ဆေးခြင်းဖြစ်ကာ ယနေ့နံနက်ပိုင်းက လူဦးရေ ၂၀၀ ကို စစ်ဆေးရာ ပိုးတွေ့ရှိမှုမရှိကြောင်း သိရသည်။

အလားတူ ကိုဗစ်ရောဂါပိုးရှိ မရှိစစ်ဆေးခြင်းများကို စစ်တွေမြို့သို့ အမြန်ရေယာဉ်များဖြင့် ဝင်ရောက်လာသူများအား ရွှေပြည်တန် အမြန်ရေယာဉ်ဆိပ်ကမ်း၌ စစ်ဆေးလျက်ရှိပြီး စစ်တွေလေဆိပ်တွင် စစ်တွေမြို့မှ စစ်တွေ - သံတွဲ - ရန်ကုန်ခရီးစဉ်ဖြင့် လိုက်ပါမည့် ခရီးသည်များ၊



စစ်တွေ- ရန်ကုန်ခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များကို အခမဲ့ စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့စစ်ဆေးနေစဉ် ကိုဗစ်ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ ဆေးရုံများသို့ပို့ဆောင်ပြီး ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၆ရက်တွင် ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်းသုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၄ ခုမှ ယာဉ်စီးရေ ၃၅ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးဖြင့် ၃၉ တန်၊ အောက်ဆီဂျင်(ဓာတ်ငွေ့) Bowser ယာဉ်တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် (အိုးခွံ) ၃၂၈၅ ခု၊ Oxygen Plant ငါးခု၊ အိမ်သုံး Oxygen Concentrator ၅၃၄ ခု၊ PPE ၈၈၀၇၀ နှင့် နှာခေါင်းစည်း (Mask) ၇၃ တန်တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့နှင့် နေပြည်တော်သို့ဖြစ်ပြီး အောက်ဆီဂျင် (ဓာတ်ငွေ့) Bowser ယာဉ်တစ်စီးမှာ ပြည်မြို့သို့ဖြစ်သည်။ Oxygen Plant ငါးခုမှာ ရန်ကုန်မြို့သို့ သုံးခု၊ လားရှိုးမြို့နှင့် မိတ္ထီလာမြို့သို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**





မြဝတီနှင့်ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို တင်သွင်းလာစဉ်။

# ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသားများ မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၆**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၁၉၈ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စစ်ဆေး ဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများအား ယခင်က မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များကိုသာ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးရာမှ ယခုအခါ ပြန်လာသူအားလုံးကို စစ်ဆေးပေးလျက်ရှိပြီး ရောဂါပိုးရှိသူများကို မြဝတီမြို့ မဲကနယ်ကိုဗစ်စင်တာနှင့် ရွှေမြဝတီကိုဗစ်စင်တာတို့တွင် ကုသမှုခံယူစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်များအား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ နေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၉၀ စုစုပေါင်း ၁၉၈ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၆**

ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် အင်္ဂပူမြို့များရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ၄၈ လုံးကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၃၀ ကို လည်းကောင်း၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ ပရဟိတအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ Liquid Oxygen Plant စက်ရုံမှ အောက်ဆီဂျင်ဖြည့်တင်းပေးနိုင်မှုနှင့် စက်ရုံလည်ပတ်မှုအခြေအနေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်၊ နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၇၉ ဦး၊ အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၁၂၆ ဦးကို လည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၂၅ ဦး၊ အမျိုးသမီး ၉၆ ဦး၊ စုစုပေါင်း ၂၂၁ ဦးကို လည်းကောင်း အသီးသီး လက်ခံခဲ့ကြောင်း သိရသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

၎င်းအပြင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ဆန်အိတ်များထောက်ပံ့ပေးအပ် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၆**
ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်း (Volunteer) များနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များအတွင်းရှိ ပြည်သူ အိမ်ထောင်စု စုစုပေါင်း ၃၃၃၈၁ စုတို့အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန်အိတ် ၈၃၄၆ အိတ်တို့ကို ယနေ့တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက ထောက်ပံ့ ပေးအပ်သည်။**(ယာပုံ)**

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၆**
တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဉာဏဂုဏ်ရည်ဘုန်းတော်ကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အလွမ်းဆွတ်ကျေးရွာရှိ မြို့ဦးစက်ပစ်ကွင်း ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြရတနာသီရိကျောင်း၊ သာသနာ့ရောင်ခြည်ကျောင်း၊ လေဆိပ်တပ်ဦး စာသင်တိုက်၊ သဲအင်းဂူတရားပြကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ မြို့နယ်ရှိ ကင်းဝန်မင်းကြီး ကျောင်းတိုက်တို့ရှိ ဆရာတော်၊သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ရတနာဇေယျ ကျောင်းတိုက်၊ ရွှေပြည်အေးဝိပဿနာ ဓမ္မရိပ်သာနှင့် ရတနာမဥ္ဇူ ကျောင်းတိုက်များရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ပေးအပ်လှူဒါန်းပြီး **(အပေါ်ဝဲပုံ)** နယ်မြေခံ ဆေးအဖွဲ့များက ဘိုးဘွားများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆**
မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၆**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်၆၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။


ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၃၈၆ ဦး တို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၂၂၇ ဦးတို့အားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၅၁၀ တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၉၁၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၄၉၃ ဦးတို့ကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၉၄၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၈၃၈၄ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူစုစုပေါင်း ၃၂၀၁ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၂၂၃၆ ဦးတို့အားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၂၇၄ ဦးတို့ကိုလည်းကောင်း တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မဂွေဇ - ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ လမ်းဖောက်လုပ်ခြင်းစီမံကိန်း ခေါင်လန်ဖူးမြို့သို့ တစ်ကြောင်းထိုး ကားလမ်းဖောက်လုပ်ရောက်ရှိလာခြင်းကြောင့် တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများ၏ ရင်တွင်းစကားသံများ

ခေါင်လန်ဖူး စက်တင်ဘာ ၆

**ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်သည် ဝေးလံခက်ခဲပြီး သွားလာရေးခက်ခဲသည့် နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး မဂွေဇ-ခေါင်လန်ဖူးမြို့ ၆၅ မိုင် ၄ ဖာလုံ လမ်းဖောက်လုပ်ခြင်းစီမံကိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိရာ စက်တင်ဘာ ၃ ရက်တွင် တစ်ကြောင်းထိုးကားလမ်းဖောက်လုပ်မှု ခေါင်လန်ဖူးမြို့သို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။**

ထိုသို့ ခေါင်လန်ဖူးမြို့သို့ရောက်ရှိလာခြင်းကြောင့် တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများ၏ ရင်တွင်းဖြစ်စကားသံများကို ယခုလိုစုစည်းတင်ပြအပ်ပါသည်-


ဦးဒီပါမောင်


ဦးပဇယ်ဖူ


ဦးဒခွမ်ဖေရမ်


ဦးဂျေယော်ရဲ့ဆဲ

**ဦးဒီပါမောင်**
**ဒုတိယအင်ဂျင်နီယာမှူးကြီး**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ**
**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

မဂွေဇ-ခေါင်လန်ဖူးလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစ၍ အပိုင်းလေးပိုင်းခွဲပြီး ငါးနှစ်စီမံကိန်းချမှတ် လုပ်ဆောင်ခဲ့ပါတယ်။ (၁)မဂွေဇ-ငွါလုံဒမ်း၊ (၂)ငွါလုံဒမ်း-ဆန်းလွတ်ချက်တောင်ထိပ်၊ (၃)ဆန်းလွတ်ချက်တောင်ထိပ်-ရီဒမ်း၊ (၄)ရီဒမ်း-ခေါင်လန်ဖူးဆိုပြီး အပိုင်းလေးပိုင်းခွဲ၍လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာ မြေသားလမ်းအကျယ် ၂၄ ပေ ရအောင် ဖောက်လုပ်ခဲ့ပါတယ်။ အခက်ခဲဆုံးအပိုင်းကတော့ ငွါလုံဒမ်း-ဆန်းလွတ်ချက် တောင်ထိပ်ပိုင်းနှင့် ဆန်းလွတ်ချက်တောင်ထိပ်-ရီဒမ်းပိုင်းက အခက်အခဲဆုံးအပိုင်းတွေဖြစ်ပါတယ်။ အဲဒီအပိုင်းတွေမှာတော့ ကျွန်တော်တို့ ကျောက်တောင်တွေကို မိုင်းခွဲရပါတယ်။ တောင်ထိပ်ရဲ့ ရာသီဥတုအခက်အခဲကိုလည်း ရင်ဆိုင်ရပါတယ်။ အဲဒီလိုအခက်ခဲများကို အမိကကျော်ဖြတ်ရပါတယ်။ ကျန်တဲ့အပိုင်းမှာကတော့ မလွယ်ကူပေမယ့် ခက်ခဲတဲ့အပိုင်းတော့ သိပ်မရှိခဲ့ပါဘူး။ ယခုလိုဆောင်ရွက်ရာမှာ ၂၀၂၁ -ရီဒမ်းအပိုင်းအထိတော့ ၁၂ ပေ ကျောက်ခင်းလမ်း ၄၄ မိုင် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျန်တဲ့ မိုင် ၂၀ ကျော်ကိုတော့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ခေါင်လန်ဖူးမြို့အထိ တစ်ကြောင်းထိုးရောက်ရှိခဲ့တဲ့အတွက်ကြောင့် ခက်ခက်ခဲခဲ ဖောက်လုပ်ခဲ့တဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေအနေနဲ့ရော ဒေသခံပြည်သူတွေအတွက် အတိုင်းမသိဝမ်းမြောက်ဂုဏ်ယူပါတယ်။

**ဦးပဇယ်ဖူ**
**စက်ရုံတာဝန်ခံ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ထပ်ဆင့်လွှင့်စက်ရုံ**

ကျွန်တော်ကတော့ ခေါင်လန်ဖူးမြို့ ရပ်ကွက် (၃)မှာနေထိုင်သူ အနေကြာဝန်ထမ်းတစ်ဦးဖြစ်ပြီး နာမည်ကတော့ ဦးပဇယ်ဖူဖြစ်ပါတယ်။ ကျွန်တော် ပြောချင်တာကတော့ ခေါင်လန်ဖူးသို့ ကားလမ်းရောက်လာတဲ့အတွက် အင်မတန်ဝမ်းသာတဲ့အကြောင်းနဲ့ အရင်ကခက်ခဲခဲ့တဲ့အကြောင်းတွေကို ပြောချင်ပါတယ်။ ၂၀၀၄-၂၀၀၅ ကစပြီး ကျွန်တော် ဒီမှာနေခဲ့ပါတယ်။ အဲဒီချိန်တုန်းက လမ်းပန်းဆက်သွယ်ရေး အင်မတန်ခက်ခဲပြီး ဆန်၊ အခြားကုန်ပစ္စည်းများ အလွန်ရှားပါးတဲ့ ဒေသဖြစ်ခဲ့ပါတယ်။ ဆန်တစ်အိတ်ကို တစ်သိန်းရှစ်သောင်းနဲ့ ဝယ်စားနေရတဲ့ခေတ် ဖြစ်ပါတယ်။ ဒီဈေးနှုန်းဟာဆိုရင် အင်မတန်မြင့်မားလွန်းတဲ့ ဈေးနှုန်းဖြစ်ပါတယ်။ လစာတစ်ခုလုံးဟာ ဆန်၊ထမင်းတစ်နပ်နဲ့ကုန်ဆုံးရခြင်းဖြစ်ပြီး ဟင်းဝယ်စားရန် ငွေမကျန်တဲ့ခေတ်ဖြစ်ခဲ့ပါတယ်။ ဒီလိုကုန်ဈေးနှုန်း မြင့်မားရခြင်းကလည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့ခြင်းကြောင့်ပဲဖြစ်ပါတယ်။ သို့သော်လည်း ယခုချိန်မှာ နိုင်ငံတော်အစိုးရက မျက်နှာသာပေးပြီး ခေါင်လန်ဖူးမြို့ကိုလမ်းဖောက်ပေးလာတော့ တဖြည်းဖြည်း ကားလမ်းနီးလာလေ ဆန်ဖိုးနှင့် အခြားကုန်ပစ္စည်းများလည်း ဈေးသက်သာလာခဲ့ပါတယ်။ ယခုချိန်မှာတော့ အရင် တစ်သိန်းရှစ်သောင်းတန် ဆန်တစ်အိတ်ကို ခြောက်သောင်းလောက်နဲ့ စားရတဲ့အခွင့်ကို ရရှိလာပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ အကြီးအကဲများ၊ ကုမ္ပဏီများနှင့် လက်တွေ့လုပ်ကိုင်ဖောက်လုပ်ပေးနေတဲ့ပုဂ္ဂိုလ်များ တစ်ယောက်စီတိုင်းကို အထူးကျေးဇူးတင်ပါတယ်။ ကားလမ်းရောက်လာတဲ့အတွက် စားဝတ်နေရေးနည်းနည်းအသက်ရှူချောင်သလိုခံစားရပြီး အင်မတန်ဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံရဲ့ မြောက်ဘက်အစွန်ဆုံး အမြင့်ဆုံးမြို့ဖြစ်တဲ့ ခေါင်လန်ဖူးမြို့မှ ပူတာအိုသို့ သွားရောက်ရန် ဝန်ထမ်းများ၊ ပြည်သူများဟာဆိုရင် ရိက္ခာတစ်ကိုယ်စာ၊ အိပ်ရာလိပ်ထမ်းပြီး တောင်တက်ရ၊ ပင်ပန်းဆင်းရဲစွာ (၁၃-၁၄)ရက်ကြာလမ်းလျှောက်ခဲ့ရပါတယ်။ ဒါပေမယ့် ယခုချိန်မှာ ကျွန်တော်တို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများ၊ ပြည်သူများ သွားရေးလာရေးအဆင်ပြေသွားပြီး ဝန်ထမ်းများလည်း ပူတာအိုသို့ အထက်လူကြီးများနဲ့သွားတွေ့ဖို့ အဆင်ပြေချောမွေ့သွားပြီဖြစ်လို့ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**ဦးဒခွမ်ဖေရမ်**
**ဒေသခံရပ်မိရပ်ဖ**
**ရပ်ကွက် (၄)၊ခေါင်လန်ဖူးမြို့**

ကားလမ်းရောက်လာတော့ ခေါင်လန်ဖူးမြို့နယ်မှာနေထိုင်တဲ့ ပြည်သူလူထုအားလုံး အားရဝမ်းသာမဆုံး ဖြစ်နေပါတယ်။ နောက် (၄-၅)နှစ်လောက် ကားလမ်းမရောက်လာခဲ့ရင် ပူတာအိုဘက်ရေကြည်ရာ မြက်နုရာသို့ပြောင်းသွားကြမှာသေချာပါတယ်။ ဒါပေမယ့် အခုတော့ ပြည်သူလူထုတွေ ကားလမ်းရောက်လာလို့ ခေါင်လန်ဖူးမှအခြားဒေသသို့ ပြောင်းချင်တဲ့စိတ်က နည်းနည်းငြိမ်သွားပြီလို့ ပြောလို့ရပါတယ်။ ယခု ကားလမ်းရောက်လာတော့ ကျွန်တော်တို့အားလုံး အဆင်ပြေလွယ်ကူမယ့်အချိန်ရောက်လာပြီလို့ ယုံကြည်မိတယ်။ အရင်ကားလမ်းမရောက်ခင် ခေါင်လန်ဖူးမှ ပူတာအိုအထိ ခြေကျင်ဖြင့် ၁၀ ရက်ကျော် ကိုယ့်ရိက္ခာကိုယ်ထမ်း၍ လျှောက်ခဲ့ရပြီး အလွန်ဒုက္ခရောက်ခဲ့ရပါတယ်။ ပူတာအိုမှ အထမ်းကြီးထမ်းပြီး ပြန်လာရ၊ လမ်းမှာရိက္ခာကုန်သွားသော်လည်း ကိုယ့်ဒေသသို့ မရောက်နိုင်ခဲ့ပါ။ ဒါပေမယ့် ယခုကားလမ်းရောက်လာတော့ ကျွန်တော်တို့ ဒေသအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလာပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဆင်ပြေလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ယခုလို ကားလမ်းဖောက်လုပ်ပေးတဲ့ နိုင်ငံတော်အစိုးရ၊ ကုမ္ပဏီများနဲ့ သက်ဆိုင်ရာ လူကြီးများအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ အားလုံးပေါ်မှာ ဘုရားရှင်ကောင်းချီးပေးပါစေ။

**ဦးဂျေယော်ရဲ့ဆဲ**
**ဒေသခံရပ်မိရပ်ဖ**
**ရပ်ကွက်(၃)၊ခေါင်လန်ဖူးမြို့**

ခေါင်လန်ဖူးမြို့နယ်သည် လွန်ခဲ့သည့်နှစ်များမှာတော့ ဝေးလံခေါင်ဖျားပြီး အဘက်ဘက်မှာ နောက်ကျနေတဲ့ မြို့ဖြစ်ပါတယ်။ ဒါပေမယ့် ကားလမ်းပေါက်လာပြီး မြို့ပေါ်အထိ စက်ယန္တရားများ ရောက်ရှိလာတဲ့အခါတော့ ပြည်သူများက မဖော်ပြနိုင်သော ဝမ်းသာပီတိများ ဖြစ်နေကြပါတယ်။ ဒီလိုရောက်ရှိလာခြင်းကလည်း အဆင့်ဆင့်သော နိုင်ငံတော်အကြီးအကဲများရဲ့

*စာမျက်နှာ ၁၉ သို့*





ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် မဂွေဇ - ခေါင်လန်ဖူးလမ်းဖောက်လုပ်ခြင်းစီမံကိန်း၌ ဖောက်လုပ်ပြီးစီးသည့် လမ်းပိုင်းအခြေအနေကို တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၉-၂၀၂၁ အင်္ဂါနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်' |
| ၁၆:၃၅ | ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ |
| ၁၇:၀၅ | ဒေသတစ်ခုထုတ်ကုန်တစ်မျိုး |
| ၁၇:၃၀ | မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗဟုသုတပြိုင်ပွဲ (သုတစုံပြမောင်မယ်ဆု) (ပွဲစဉ်-၁) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၂၅ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၆၁) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ရောင်စုံတေးဥယျာဉ် |
| ၂၁:၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပဉ္စလက်ချက်များ' (အပိုင်း-၃၄) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon) |
| 07:34 | Buddha - Dhita (Buddhist Nuns) |
| 08:01 | Secret Recipes by Gourmet Chefs (French) |
| 08:47 | Mobile House |
| 09:01 | Water Hyacinth and Rattan Products |
| 09:17 | Myanmar Weaving |
| 09:27 | Inle Traditional Dance |
| 09:36 | Discovering Tribes Lisu: Their Life and Customs (Part-II) |
| 10:01 | Myanmar Masterclass: Artist U Kyaw Thaung |
| 10:13 | Elegant and Exquisite Myanmar Cotton Fabrics |
| 10:39 | Paper Products... Plain but Pretty |
| 11:01 | Cruising To Precious Islands (Part-2) |
| 11:37 | Discovering Tribes Lisu: Their Life and Customs (Part-I) |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဗုဒ္ဓတစ်ထောင် အကောက်တောင်

**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ပဲခူးဒေသအနောက်ဘက်၏ ကရင်ရိုးရာ ရက်ကန်းလုပ်ခြင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ပျော်ပျော်ပါးပါး မျစ်ချိုးသွားရအောင်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ငှက်ပျောသီးမုန့်

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ (အပိုင်း-၁၉)

**ချင်း (ဇိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပျားဖွတ်ခြင်း

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့ အလည်တစ်ခေါက်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကား ပြောကြရအောင် (အပိုင်း-၄)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ကျိုင်းတုံဒေသရဲ့ သမိုင်းဝင်နေရာများ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားပဲပြုတ်ချက်စားရအောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောမြေသို့ ခရီးသွားမှတ်တမ်း

### MRTV Parliament

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃) |
| ၁၁:၀၀ | ဥပဒေရေးရာ အဖြာဖြာ ဇာတ်လမ်းတို 'တာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၃) |

### MRTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

SCAN ME

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၁:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကျောင်းကုန်းမြို့ ဒါးကမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ကျောင်းကုန်း စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းများ ရေရှည် တည်တံ့ခိုင်မြဲရေး၊ ငါးသယံဇာတများ တိုးပွားရေး၊ ငါးစားသုံးမှု ဖူလုံစေရေးနှင့် ကျေးလက်ဒေသပြည်သူများ လူမှုစီးပွားဘဝ အထောက်အကူပြုစေရန် မျှော်မှန်း၍ ကျောင်းကုန်းမြို့ အမှတ် ၂ ရပ်ကွက် ကမ်းနားလမ်း အောင်ဆန်းတံတားအနီး ဒါးကမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပုသိမ်ခရိုင် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ အတွင်းရေးမှူး ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ပြီး ပသွယ်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ နှစ်သိန်း၊ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲ၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်းကောင်ရေ လေးသိန်းခွဲအား ဒါးကမြစ်အတွင်း သဘာဝရေပြင်သို့ ငါးမျိုး စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၈ မှ*

စီမံအုပ်ချုပ်ပေးမှုများကြောင့် ဝေးလံခေါင်ဖျားသော်လည်း မြို့ပေါ်ထိ ကားလမ်းရောက်အောင် ဖောက်ပေးတဲ့အတွက် ပြည်သူများအားလုံး ကိုယ်စား ကျွန်တော် အထူးကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ ယခင်ကားလမ်းမပေါက်သေးခင် ခေါင်လန်ဖူးမှ ပူတာအိုသွားဖို့ဆိုရင် ခြေကျင်နဲ့ ၁၀ ရက်ကျော် ကိုယ့်အိပ်ရာလိပ်၊ ကိုယ့်ရိက္ခာကိုယ်ထမ်း ပြီးသွားရပါတယ်။ ယခု ကားလမ်းရောက်လာတော့ သွားရေးလာရေး အဆင်ပြေလာပြီး ဆိုင်ကယ်နဲ့ နေ့ချင်းပေါက်သွားနိုင်တဲ့ အနေအထားကို ရောက်ရှိလာပါတယ်။

အရင်ကဆိုရင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက်ကြောင့် ကျန်းမာရေးအပိုင်းမှာလည်း အရေးပေါ်လူနာရှိလာပြီဆိုရင် လူနဲ့ပဲ ထမ်းပိုးနေရတဲ့အတွက်ကြောင့် လမ်းတစ်ဝက်မှာ အသက်ဆုံးရှုံးခဲ့တဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေလည်း ရှိခဲ့ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲရာကနေပြီး အခု ဆက်သွယ်ရေးကောင်းမွန်လာတဲ့အခါကျတော့ ကျန်းမာရေး၊ ပညာရေးပိုင်းမှာ ပိုမိုတိုးတက်လာနိုင်ပြီး ကုန်ပစ္စည်းသယ်ဆောင်ရောင်းချတဲ့အပိုင်းမှာလည်း ဈေးသက်သာစွာ ဝယ်ယူစားသောက်ရတဲ့အနေအထားရှိလာနေပါတယ်။ လူဦးရေနည်းတဲ့ မြို့ဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲတွေရဲ့ ဆောင်ရွက်မှုကြောင့် တစ်နိုင်ငံလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ကျေးလက်နဲ့ မြို့ပြကွာဟမှုမရှိစေရေး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတဲ့ နိုင်ငံတော်ရဲ့မူအရ ကျွန်တော်တို့ ဒေသကိုလည်း နိုင်ငံတော်အကြီးအကဲတွေရဲ့ စေတနာနဲ့ ဆောင်ရွက်ပေးနေတာကို ပြည်သူလူထုအားလုံးလည်း သိရှိနားလည်ရပါတယ်။ ဒါကြောင့် အဓိကဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အဆင့်ဆင့်တာဝန်ရှိသူနဲ့ စီမံကိန်းရေးဆွဲပေးပြီး အကောင်အထည်ဖော်ပေးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ရှိသူတွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ဒါ့အပြင် လက်တွေ့အကောင်အထည်ဖော်ပေးတဲ့ နတလဦးစီးဌာနနဲ့ လပြည့်ဝန်းကုမ္ပဏီတို့ကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ယခုချိန်မှစ၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ဒီထက်မက ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါတယ်။

**စုစည်းတင်ပြသူ- မြို့နယ်ပြန်/ဆက်(ခေါင်လန်ဖူးမြို့)**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၉ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၅၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၅၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၉၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၀ ကျပ် | ၁၀၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၀ ကျပ် | ၁၀၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၈၀ ကျပ် | ၁၁၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ ကျပ် | ၁၁၄၀ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၁၂ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၇၆ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၈၁၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၈ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၃ . ၀၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၆၅ . ၃၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၄၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၅၁၂ | ၁၃၄၅၆၈၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၃၅၀၀၀ | ၁၀၆၇၅၀၀၀၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၂၅၃ | ၂၀၂၃၇၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၅၀ | ၉၇၅၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၈၁၅ | ၂၁၁၉၀၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၇၇ | ၂၃၁၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

---

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် အလှူတော်ငွေများလှူဒါန်း



**လွိုင်ကော် စက်တင်ဘာ ၆**

ကယားပြည်နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း စုစုပေါင်း ၂၀၅ ကျောင်းရှိဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ဆွမ်းဟင်းလျာများအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ယနေ့အချိန်ကာလသည် ကိုဗစ်-၁၉ ကာလအတွင်း ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်းနှင့် ဆွမ်းဟင်းလျာများ အခက်အခဲရှိနိုင်သဖြင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုလိုလှူဒါန်းရခြင်းဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း လစဉ်လှူဒါန်းနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း စုစုပေါင်း ၂၀၅ ကျောင်းအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ဆွမ်းဟင်းလျာအတွက် အလှူတော်ငွေကျပ် ၃၀၅၄၀၀၀၀ ကို ပေးအပ်ရာ ဆရာတော်များနှင့် သီလရှင်များကိုယ်စား ပြည်နယ်သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွေးနှင့် ခရိုင်သာသနာရေးမှူး ဦးဇေယျာကျော်တို့က လက်ခံယူကြောင်း သိရသည်။ (ယာပုံ)

ခရိုင် (ပြန်/ဆက်)

# ကန့်ဘလူခရိုင်အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ကန့်ဘလူ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတူ ယမန်နေ့က ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်သို့ သွားရောက်စစ်ဆေးရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်က ဆည်အတွင်း ရေဝင်ရောက်မှု၊ ဆည်ရေသောက် ဧရိယာများတွင် ရေပေးဝေနိုင်မှုနှင့် တရားမဝင် ရွှေမျှောလုပ်ကိုင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်စစ်ဆေးစဉ်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံသို့ရောက်ရှိပြီး သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံမှူးက လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သဖန်းဆိပ်ဆည်ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျွန်းလှမြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြို့နယ်ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ ငွေကျပ် ၁၀ သိန်းနှင့် အောက်ဆီဂျင်အိုး အလုံး ၂၀၊ အောက်ဆီဂျင်ထုတ်စက် ၁၀ လုံး၊ ကိုဗစ်- ၁၉ ကာကွယ်ရေးသုံးပစ္စည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်ငါးသိန်း၊ ဆေးရုံတက်ရောက်ကုသနေသောလူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျွန်းလှမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော စေတနာ့ဝန်ထမ်းများအား ငွေကျပ် ငါးသိန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး သီတဂူဗုဒ္ဓတက္ကသိုလ်တွင် သီတင်းသုံးတော်မူကြသည့် သံဃာတော်များအား ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ဆွမ်းဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်သွန်နီ၊ ကြာဆန်နှင့် ဆားတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန့်ဘလူမြို့ ရွှေစည်ကြီးပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ရွှေစည်ကြီးဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး ကန့်ဘလူမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ငါးတိုက်အတွက် ဆွမ်းဆန် ၂၄ ပြည်ဝင် ၄၅ အိတ်၊ ဆီ ငါးပိဿာဝင် ၁၀ ပုံး၊ ဆားပိဿာ ၃၀၊ ကုလားပဲ ၂၄ ပြည်ဝင် ငါးအိတ်၊ ကြက်သွန်နီ ပိဿာ ၄၀ ဝင် ၁၀ အိတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

**လက်ခံရယူ**

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်လူနာနှင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ခုတင် ၁၀၀ ဆေးရုံအုပ်ဒေါက်တာနေမိုးကလက်ခံရယူခဲ့သည်။ ထို့နောက် ခုတင် ၁၀၀ ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိသော အောက်ဆီဂျင်စက်ရုံနှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန့်ဘလူခရိုင် စုပေါင်းရုံး ရွှေဆည်မြိုင်အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ အဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မြို့နယ်ကိုဗစ်- ၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ ငွေကျပ် ၁၀ သိန်း၊ အောက်ဆီဂျင်အိုး အလုံး ၂၀ နှင့် အောက်ဆီဂျင်ထုတ်စက် ၁၀ လုံး၊ ကိုဗစ်- ၁၉ ကာကွယ်ရေးသုံးပစ္စည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ငါးသိန်း၊ ဆေးရုံတက်ရောက်ကုသနေသောလူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် စေတနာ့ဝန်ထမ်းများအား ငွေကျပ်ငါးသိန်းတန်ဖိုးရှိ အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၈၂၅၈ စုအတွက် ဆန်များ ထောက်ပံ့ပေးအပ်




**ပုသိမ်ကြီး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာလအတွင်း အစားအသောက် အခက်အခဲမဖြစ်စေရန် ဆန်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက ရန်ကင်းတောင်ခြေရှိ သီရိမင်္ဂလာသရက်တောကျောင်းတိုက်၌ ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၈၂၅၈ စု၊ လူဦးရေ ၃၃၇၉၆ ဦးအတွက် တစ်ဦးလျှင် ဆန်ခြောက်ပြည်နှုန်းဖြင့် ကိုဗစ်-၁၉ကာလအတွင်း လှူဒါန်းပေးအပ်ခြင်းကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်စိန်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိပြည်သူများအား ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မန္တလေးခရိုင်အတွင်း အိမ်ထောင်စု ၄၈၀၀၀ ကျော်အတွက် တစ်အိမ်ထောင်လျှင် ဆန် ခြောက်ပြည်နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၂၅၀ ကျော်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်ဖြင့် အကုန်အကျခံကာ ထောက်ပံ့ပေးခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်သူများ လုပ်ငန်းများ ရပ်တန့်နေပြီး ပုံမှန်လည်ပတ်မှု မရှိသည့်အတွက်ကြောင့် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ရပ်/ရွာ အေးချမ်းသာယာရေးအကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ညောင်ဦးမြို့နယ် တောင်ရွာနောင်(တောင်)ကျေးရွာ ရှစ်မျက်နှာဘုရား မြစ်အတွင်းမျောပါ

ညောင်ဦး စက်တင်ဘာ ၆

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ရွာနောင်ကျေးရွာအုပ်စု တောင်ရွာနောင် (တောင်) ကျေးရွာ အနောက်ဘက်ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ထားသည့် အောင်စေတီ(ရှစ်မျက်နှာ) ဘုရားသည် စက်တင်ဘာ ၆ရက် နံနက် ၇ နာရီခွဲက ဧရာဝတီမြစ်အတွင်း မြေသားကမ်းပါးပွဲကျပြီး မြစ်အတွင်း မျောပါသွားသည်။**



ရေနောက် မျောပါသွားသည့် စေတီတော်ကို တွေ့ရစဉ်။

အဆိုပါ တောင်ရွာနောင် (တောင်)ကျေးရွာ အနောက်ဘက် ဧရာဝတီ မြစ်ကမ်းဘေးတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့် ကတည်ထားခဲ့သည့် ဉာဏ်တော်အမြင့် ၁၅ ပေရှိ အောင်စေတီ (ရှစ်မျက်နှာ) ဘုရားသည် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျရာမှ ဘုရား၏ အနောက်ဘက်ခြမ်းရှိ စေတီတစ်ဆူ အနည်းငယ်စောင်းသွားကြောင်း ဘုရား၏ရုပ်ပွားကိန်း မွေ့ရာ ဘုရားဆောင် တစ်ဆောင် ကွာကျပျက်စီးကြောင်း၊ ဧရာဝတီ မြစ်ကမ်းပါး ပြိုကျခြင်းကြောင့် အောင်စေတီ(ရှစ်မျက်နှာ) ဘုရား ဧရာဝတီမြစ်အတွင်း မျောပါသွားခဲ့ကြောင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း ညောင်ဦး မြို့နယ် စီမံအုပ်ချုပ်မှုအဖွဲ့ထံမှ သိရသည်။ **မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

# သရက်မြို့၌ ရေဘေးသင့် အိမ်ထောင်စုများအား ဆန်ရိက္ခာဖိုးထောက်ပံ့ငွေများ ပေးအပ်

**သရက် စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ပိဿလိမ်းကျင်းကျေးရွာ၌ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ရေဘေးသင့် အိမ်ထောင်စု ၁၅ စုမှ လူဦးရေ ၆၆ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ထောက်ပံ့ပေးအပ်သည်။



အဆိုပါထောက်ပံ့ငွေများပေးအပ်ရာတွင် လူတစ်ဦးလျှင် တစ်ပတ်စာဆန်ဖိုး၂၁၀၀ နှုန်းဖြင့် ပိဿလိမ်းကျင်းကျေးရွာမှ အိမ်ထောင်စု ၁၅ စုမှ လူဦးရေ ၆၆ ဦးအတွက် ငွေကျပ် ၁၃၈၆၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သူဇာထွန်းနှင့် တာဝန်ရှိသူများက ရေဘေးသင့်ခဲ့သော အိမ်ထောင်စုဝင်များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (ယာပုံ)

**ဇော်ဝမ်းထွန်း(အောင်လံ)**

## မိုးမိတ်မြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်

**မိုးမိတ် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် မြို့နယ်အတွင်းရှိ မိဘပြည်သူများ ဖြတ်သန်း သွားလာနေသော ဗိုလ်ချုပ်လမ်းတွင် သစ်ပင်လဲကျ၍ လမ်းပိတ်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါမိုးရွာသွန်း၍ သစ်ပင်လဲကျခြင်းကြောင့် လမ်းပိတ်ခဲ့ပြီး မိဘပြည်သူများ အများဆုံးအသုံးပြုသွားလာလျက်ရှိသော လမ်းတစ်လမ်းဖြစ်သဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်သူရနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လမ်းပေါ်သို့ လဲကျပိတ်ဆို့နေသည့် သစ်ပင်အား အမြန်ဆုံးရှင်းလင်း ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် လမ်းပိတ်ဆို့မှုမှ ကင်းရှင်းခဲ့ပြီး ဒေသခံမိဘပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးညိုမြို့နယ်၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျသဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့

**မိုးညို စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရှားတောကျွန်းအုပ်စု ရှားတောကျွန်းကျေးရွာ အောင်မင်္ဂလာအပိုင်းတွင် ယမန်နေ့က ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ပြီး နေအိမ်များအား ဖျက်၍ကမ်းလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ခဲ့သည်။

မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးအနီးနေထိုင်သော လူနေအိမ် ၁၃ လုံးနှင့် လူဦးရေ ၄၈ ဦးတို့အား ရှားတောကျွန်းအမက(ခွဲ) စာသင်ကျောင်းနှင့် အောင်မင်္ဂလာဓမ္မာရုံများတွင် ယာယီပြောင်းရွှေ့ပေးခဲ့ကြသည်။ မြစ်ကမ်းပါးပြိုခြင်းကြောင့်နေအိမ်များ ကြိုတင်ပြောင်းရွှေ့ခြင်းဖြစ်သဖြင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါနေအိမ်များ ပြောင်းရွှေ့ခြင်းအား ရှားတောကျွန်းအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဆင်မနိုင်ရဲစခန်းနှင့် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးများ အမြန်ဆုံးထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စန္ဒာလင်း (ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ် ခတ္တိယရပ်ကွက်အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်

**ပန်းတောင်း စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာအုပ်စု ခတ္တိယရပ်ကွက်အတွင်းရှိ နေအိမ် ၃၀ ခန့်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသည်။

ပန်းတောင်းမြို့နယ်၏ ဧရာဝတီ မြစ်ရေစိုးရိမ်ရေအမှတ်မှာ ၂၇၄၃ စင်တီမီတာဖြစ်ပြီး စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် ၂၇၁၀ စင်တီမီတာသို့ရောက်ရှိခဲ့၍ မြေနိမ့်ပိုင်းရှိ လူနေအိမ် ၃၀ခန့်အတွင်းသို့ မြစ်ရေဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြစ်ရေဝင်ရောက်သည့်နေရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဝေဟိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ပြီး ယနေ့တွင် ဧရာဝတီမြစ်ရေ ကျသွားပြီဖြစ်၍ အိမ်ထောင်စုများ ပြောင်းရွှေ့ခြင်းမရှိကြောင်း သိရသည်။ **သင်းသင်းအေး (ပြန်/ဆက်)**


ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## မြစ်ရေကြီးခြင်း ဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန်အချက်များ

**မြစ်ရေကြီးခြင်း မကြာခဏ ဖြစ်ပွားတတ်သည့်ဒေသများတွင် မြစ်ရေမကြီးမီ ကြိုတင်ဆောင်ရွက်ရန်**

- နေအိမ်အဆောက်အဦများကို ရေမနစ်မြုပ်နိုင်သည့် ကုန်းမြင့်ဒေသ၌ ဆောက်လုပ်နေထိုင်ရန်၊
- လှေ၊ ပဲ့ထောင်၊ အသက်ကယ်အင်္ကျီ၊ ဝါး/ ငှက်ပျောတုံး/ သစ်တုံးဆောင်ထားရန်၊
- လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းနိုင်မည့်လမ်းကို ကြိုတင်သတ်မှတ်ထားရန်၊
- မိမိတို့မိသားစုအား ရေကူးသင်ပေးရန်၊ အရေးကြီး သယ်ဆောင်ရမည့် ပစ္စည်းများကို ပြောပြထားရန်၊
- လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲသုံးရေဒီယို၊ သောက်ရေ၊ အစားအစာများ ကြိုတင်စုဆောင်းထားရန်။

**မြစ်ရေကြီးမည့် သတိပေးချက်ရရှိပါက-**

- မိမိတို့ မိသားစု ပိုမိုလုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်၊ အန္တရာယ်ရှိမည့်နေရာများသို့ သွားခြင်းမပြုရန်၊
- ကျွဲ၊ နွား တိရစ္ဆာန်များရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းရန်၊
- ရေဒီယိုမှ သတိပေးချက်/ထုတ်လွှင့်ချက်ကို နားထောင်ရန်၊
- သောက်ရေကို ပုံး(သို့မဟုတ်) သန့်ပြန့်သော ဘူးများတွင် သိုလှောင်ရန်၊
- အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံသောနေရာသို့ ပြောင်းရွှေ့ထားရန်၊

**မြစ်ရေကြီးနေစဉ်**

- ရေနစ်မြုပ်သည့်နေရာများသို့ လမ်းလျှောက်သွားခြင်း မပြုရန်၊
- မိမိဒူးထက်မြင့်သော ရေစီးကြောင်းကို ဖြတ်ကူးရန် မကြိုးစားပါနှင့်၊
- မြွေ၊ အဆိပ်ရှိသည့် သတ္တဝါများကို သတိထားရန်၊

**မြစ်ရေကြီးပြီးနောက်**

- ရေကို ကြိုချက်သောက်ပါ၊
- အန္တရာယ်ကျရောက်သောနေရာသို့ မသွားပါနှင့်၊
- လက်နှိပ်ဓာတ်မီးကိုသာ အသုံးပြု၍ သွားလာပါ၊
- နီးစပ်ရာ ဆေးရုံ/ဆေးခန်းမှ လိုအပ်သော ကျန်းမာရေး အကူအညီ တောင်းခံပါ၊

မြစ်ရေကြီးသည့် အန္တရာယ်ကို မြစ်၊ ချောင်းများအနီး နေထိုင်သူများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။

**နဝမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့**




**"တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံ နားထောင်ပေး"**

**ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း**

**(ပန်းခင်းစီမံချက်)**

- အကြောင်းအမျိုးမျိုးကြောင့် ပုံစံ (၁၀) မပါရှိဘဲ ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ရပ်ကွက်/ ကျေးရွာအလိုက် စာရင်းကောက်ယူပြီး မူလဒေသရှိ မြို့နယ်ရုံးများနှင့် ဆက်သွယ်မေးမြန်းစိစစ်ခြင်း၊ မှန်ကန်သော အိမ်ထောင်စုများအား မူလမြို့နယ်စာရင်းမှလျှော့ခြင်းနှင့် ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ပေး ခြင်း၊ မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊
- အိမ်ထောင်စုလူဦးရေစာရင်းတရားဝင်ပြောင်းရွှေ့ရောက်ရှိပြီးမှ လက်ရှိဒေသတွင် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း၊
- မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့တိုက်ရိုက်ထုတ်ပေး ခြင်း၊
- အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအတွက် လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာမူလဒေသသို့သွားရောက်၍ ကိုင်ဆောင်သင့်သည့်ကတ်ပြား တစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ခြင်း၊
- ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့်အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊

# ဗန်းမောက်မြို့နယ်၌ တိုင်းရင်းသားတို့၏ဓလေ့ ကနန်းရိုးရာ ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**ဗန်းမောက် စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကနန်းဒေသစိတ်နန်းဇားကျေးရွာ ဇေတဝန်ဘုန်းတော်ကြီးကျောင်းတွင် ယမန်နေ့က ကနန်းရိုးရာ ဆွမ်းတော်ကြီး လောင်းလှူပွဲပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ကနန်းရိုးရာဆွမ်းတော်ကြီးလောင်းလှူရန် ဒေါင်းလန်းကလပ်များဖြင့် ကျောင်းတော်နံသင့်ဘုရားရှင်၊ ဥပ္ပဂုတ္တရဟန္တာ၊ ဆူမုန်၊ ဆူကပ်၊ ဖီဟော်၊ တောင်ခမောက်နှင့်ဖလား စသည်ရိုးရာနတ်များနှင့် ဆရာတော် သံဃာတော်များအတွက် နန်းဇားကျေးရွာရှိ ရပ်ကွက်ကိုယ်စီမှ ကျေးရွာသူ ကျေးရွာသား ဆွမ်းအလှူရှင်များက ချက်ပြုတ်ထားသော ဆွမ်းတော်များကို ဒေါင်းလန်းကလပ်ထဲသို့ စေ့ငှအောင် လောင်းလှူကြခြင်းဖြစ်သည်။



ထိုသို့ ဆွမ်းများလောင်းလှူကြပြီးနောက် တာဝန်အလှည့်ကျ ဂေါပကမှ ဦးဆောင်၍ ဥပုသ်သည်များ၊ ဆွမ်းဒကာ ဆွမ်းဒကာမများက စုပေါင်းကာ ဆွမ်းတော်များ ကပ်လှူကြပြီးနောက် ဆိုင်ရာနတ်များအား ပူဇော်ပသကြသည်။ ထို့နောက် နန်းဇားကျေးရွာ ဇေတဝန်ဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏသေဋ္ဌ(ဓမ္မာစရိယ B.A) က ဆွမ်းလောင်းလှူလာကြသော ဆွမ်းအလှူရှင် ဒါယိကာ ဒါယိကာမများအား သီလပေးတရားရေအေးဟောကြားတော်မူရာ ဒါယိကာ ဒါယိကာမများက တရားနာယူကြပြီး ရေစက်ချအမျှဝေခြင်းများကို ရိုးရာဘာသာရေးဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ကုသိုလ်ပြုဆောင်ရွက်ကြသည်။

အဆိုပါကနန်းရိုးရာဆွမ်းတော်ကြီးလောင်းလှူပွဲကို ကနန်းဒေသစိတ်ရှိ ကျေးရွာ ၂၃ ရွာမှ ဒေသခံကျေးရွာသူ ကျေးရွာသားများက ဝါတွင်းသုံးလ၌ ဝါဆိုလပြည့်နေ့တွင် ဝါဝင်ဆွမ်းတော်ကြီးလောင်းလှူပွဲ၊ ဝါခေါင်လကွယ်နေ့တွင် ဝါလယ်ဆွမ်းတော်ကြီးလောင်းလှူပွဲ၊ တော်သလင်းလပြည့်နေ့တွင် စာရေးတံဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် သီတင်းကျွတ်လပြည့်နေ့တွင် ဝါကျွတ်ဆွမ်းလောင်းလှူပွဲဟူ၍ ဝါတွင်းသုံးလအတွင်း၌ ဆွမ်းတော်ကြီးလောင်းလှူပွဲအား လေးကြိမ်တိုင်တိုင် ရှေးရိုးရာမပျက်ယခုတိုင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်တွင် ရှမ်းနီတိုင်းရင်းသား၊ ကဒူးတိုင်းရင်းသားနှင့် ကနန်းတိုင်းရင်းသားများ နေထိုင်ကြပြီး ထိုတိုင်းရင်းသားရိုးရာ ဆွမ်းတော်ကြီးလောင်းလှူပွဲများမှာ တိုင်းရင်းသားတစ်မျိုးနှယ်နှင့် တစ်မျိုးနှယ်မတူညီကြသော်လည်း နှစ်စဉ်ဝါတွင်းသုံးလ၌ ဆွမ်းတော်ကြီးလောင်းလှူပွဲကို လေးကြိမ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**လှိုင်ဘွား**
**(ဗန်းမောက်)**

# ကွမ်းလုံမြို့နယ်အတွင်းသို့ ဝင်ရောက်လာသူများအား သီးသန့်ထားရှိနိုင်ရန် ယာယီတဲငယ်များ စီစဉ်ထားရှိ

**ကွမ်းလုံ စက်တင်ဘာ ၆**

ကွမ်းလုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်၊ ကာကွယ်နိုင်ရန် အခြားဒေသမှ ဝင်ရောက်လာသူများအား သီးသန့်ခွဲခြား ထားရှိနိုင်ရေးအတွက် ယာယီတဲငယ်များ ဆောက်လုပ်ခြင်းကို ယမန်နေ့က မြို့နယ်အားကစားကွင်း၌ ပြုလုပ်ကြသည်။

ကွမ်းလုံမြို့နယ်အတွင်း ကိုဗစ်ရောဂါပြန့်ပွားနေခြင်းမှာ အများအားဖြင့် အခြားဒေသမှ ဝင်ရောက်လာသူများနှင့် ထိတွေ့ဆက်စပ်မှုကြောင့်ဖြစ်နေသဖြင့် ကန့်သတ်စောင့်ကြည့်ရေး စင်တာတစ်ခု တိုးချဲ့ဆောက်လုပ်ခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ ကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သော နှစ်ယောက်အိပ်တဲငယ်များ၊ စားပွဲနှင့် ထိုင်ခုံများ၊ အိမ်သာ၊ ရေနှင့် မီးဆက်စပ်ပစ္စည်းများအတွက် ကုန်ကျစရိတ်ကို ကွမ်းလုံမြို့နယ် လူမှုကူညီရေး အသင်းမှ တာဝန်ယူကျခံခြင်းဖြစ်ကြောင်း၊ ရေမီးတပ်ဆင်ခြင်းအား မြို့နယ်ကိုဗစ်ကော်မတီမှ ဆောင်ရွက်ပေးခြင်း ဖြစ်ပြီး ရွှေ့လျားအိမ်သာများအား မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကန့်သတ်စောင့်ကြည့်ရေးစင်တာ တည်ဆောက်ခြင်းလုပ်ငန်းတွင် မြို့နယ်ကိုဗစ်ကော်မတီ၊ မြို့နယ်လူမှုကူညီရေးအသင်းနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ နှစ်ယောက်အိပ်ယာယီတဲငယ် ၁၁ လုံး ပါရှိသော ကန့်သတ်စောင့်ကြည့်ရေးစင်တာ တစ်ခု ဆောက်လုပ်ကြကြောင်း သိရသည်။

**ဖြိုးမမ(ကွမ်းလုံ)**





# ဆင်ဘို - မြစ်ကြီးနား ခရီးစဉ် အမြန်ရေယာဉ်ပြန်လည်ပြေးဆွဲ

**မြစ်ကြီးနား စက်တင်ဘာ ၆**

ကချင်ပြည်နယ် ဆင်ဘိုမြို့နှင့် မြစ်ကြီးနားမြို့သို့ နေ့စဉ်ပြေးဆွဲနေသော ငွေရောအမြန်ရေယာဉ်သည် ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် ဇူလိုင်လအတွင်း၌ ရပ်နားထားခဲ့ပြီး ယမန်နေ့ နံနက်ပိုင်းမှစ၍ ဆင်ဘို- မြစ်ကြီးနား ခရီးစဉ် ပြန်လည်ပြေးဆွဲနေပြီဖြစ်သည်။

အဆိုပါ အမြန်ရေယာဉ်ပြေးဆွဲမှုအတွက် ဆင်ဘို- မြစ်ကြီးနားခရီးစဉ်ကို တနင်္လာနေ့တွင် လည်းကောင်း၊ မြစ်ကြီးနား- ဆင်ဘိုခရီးစဉ်ကို ဗုဒ္ဓဟူးနေ့တွင် လည်းကောင်း အပတ်စဉ်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ အခြေအနေအရ အမြန်ရေယာဉ် ခရီးစဉ်ကို တစ်ပတ်လျှင် တစ်ကြိမ်သာ ပြေးဆွဲရန်လျာထားသော်လည်း ဆင်ဘိုနှင့် မြစ်ကြီးနားခရီးစဉ် ကြားနေထိုင်သည့် ပြည်သူများ၏ ကျန်းမာရေး၊ ကုန်စည်စီးဆင်းမှု စသည့် အခက်အခဲများ ပေါ်ပေါက်လာပါက ခရီးစဉ်အကြိမ်ရေ တိုးချဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း ငွေရောအမြန်ရေယာဉ်အသင်းဥက္ကဋ္ဌ ဦးကျော်လှိုင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကချင်ပြည်နယ်အစိုးရက ရာသီပေါ်သီးနှံစိုက်ပျိုးသူ တောင်သူများအား ပံ့ပိုးကူညီမည်

မြစ်ကြီးနား စက်တင်ဘာ ၆

**ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်းနှင့် ကပ်ရောဂါကာလအလွန် ရာသီပေါ် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် တောင်သူများ စီးပွားရေးအဆင်ပြေစေရေးနှင့် ဈေးကွက်ရှာဖွေပေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့်ကိစ္စရပ်များ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ယမန်နေ့က ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ ဒူဝါလဝမ်လီ အောက်မေ့ဖွယ်ခန်းမဆောင်၌ မြို့နယ် အတွင်းရှိ တောင်သူများနှင့် တွေ့ဆုံသည်။**



ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ရာသီပေါ်သီးနှံစိုက် တောင်သူများအနေဖြင့် နှစ်စဉ် ကြုံတွေ့ရသည့် သဘာဝဘေးဒဏ်များ၊ အခက်အခဲများ၊ စနစ်ကျသည့် စိုက်ပျိုးနည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် တွေ့ကြုံရသည့် အခက်အခဲများအပေါ် မြို့နယ်ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများအသင်းတစ်ခု ထူထောင်၍ မိမိတို့ အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြေရှင်းဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ဈေးကွက်ရှာဖွေ၍ သဘာဝသီးနှံများအဖြစ် စိုက်ပျိုးရောင်းချနိုင်ရေးကို အားပေးကူညီရန်အသင့်ရှိကြောင်း တိုက်တွန်းအားပေးစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က တောင်သူများအတွက် ကိုဗစ်-၁၉ ကာကွယ်သုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်က ဦးစီးဌာနအနေဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာနှင့် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မျိုးကောင်းမျိုးသန့်များ စုဆောင်းရှာဖွေပေးခြင်းနှင့် ရာသီပေါ် သီးနှံစိုက်ပျိုးရာတွင် ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တောင်သူများထံ ဟင်းသီးဟင်းရွက်မျိုးစေ့များကို ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် တက်ရောက်လာကြသည့် ဝိုင်းမော်မြို့နယ်အတွင်းမှ ဝိုင်းမော်မြို့၊ မိုင်းနား၊ နောတာလော၊ မခေါယန်ကျေးရွာများမှ တောင်သူများက ရာသီဥတုအခြေအနေကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုဖြစ်စဉ်များနှင့် မြေဩဇာစနစ်တကျ မသုံးစွဲနိုင်မှုကြောင့် အရှုံးပေါ်သည့်ဖြစ်စဉ်များ၊ တွေ့ကြုံရသည့် စိုက်ပျိုးနည်းပညာလိုအပ်ချက်များ၊ စိုက်ပျိုးရေ ရရှိရေးနှင့် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေး တင်ပြဆွေးနွေးကြသည်။

တောင်သူများ၏ ဆွေးနွေးတင်ပြမှုများကို စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများ၊ နည်းစနစ်တကျ စိုက်ပျိုးနိုင်ရေးကွင်းဆင်း ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ကဏ္ဍအလိုက်တင်ပြမှုများအပေါ် စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းဆောင်ရွက်ပေးကြပြီး နည်းစနစ်တကျ စိုက်ပျိုးနိုင်ရေးနှင့် ရာသီအလိုက်သီးထပ်သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်ရေးကို အားထည့်ဆောင်ရွက်ကြရေး၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ကူညီမှုများ ပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ရှိ တိုင်းရင်းဆေးရုံ၌ ဆေးရုံတာဝန်ခံ၊ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြင်ပလူနာများ လက်ခံကုသပေးနေမှုများကို မေးမြန်းဆွေးနွေးကာ ဆေးရုံ၌ အတွင်းလူနာများကို လက်ခံကုသနိုင်ရေးအတွက် ကိုဗစ်-၁၉ စစ်ဆေး၍ လက်ခံပေးနိုင်ရေး ဆေးရုံတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံအတွက် ကိုဗစ်-၁၉ ကာကွယ်ရေး သုံးပစ္စည်းများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လက်ပံတန်းမြို့သို့ အောက်ဆီဂျင်စက်ရောက်ရှိ

**လက်ပံတန်း စက်တင်ဘာ ၆**




ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီး၌ အောက်ဆီဂျင်လိုအပ်မှု ဖြည့်ဆည်းပေးနိုင်ရေးအတွက် လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် WE Love Shwedan-myay (Letpadan) အဖွဲ့သားများ၏ ဦးဆောင်မှု၊ စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ဆီဂျင်ထုတ်စက်သည် ယနေ့ညနေပိုင်းတွင် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်စက်မှာ မကြာမီရက်အတွင်း အောက်ဆီဂျင်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ပြီး တစ်နာရီလျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး လေးလုံး ထုတ်လုပ်နိုင်ကြောင်း သိရပြီး IZUMI ကုမ္ပဏီမှ တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ကိုကိုဝင်းနှင့် အောင်ကြီးကုမ္ပဏီမှ အင်ဂျင်နီယာ ဦးအောင်သန်းဦးတို့က စနစ်တကျ တပ်ဆင်ဆောင်ရွက်လျက်ရှိပြီး လက်ပံတန်းမှ အောက်ဆီဂျင်စက်ရုံတာဝန်ခံများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင်စက်ရုံ စတင်တည်ဆောက်ရန် ပန္နက်တင်

**ကျောက်ကြီး စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သော အောက်ဆီဂျင်ထုတ်စက်အတွက် စက်ရုံစတင်တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကို စက်တင်ဘာ ၆ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အဆိုပါ စက်ရုံအဆောက်အအုံတည်ဆောက်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပန္နက်တင်ပေးသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သော အောက်ဆီဂျင်ထုတ်စက်အတွက် စက်ရုံကို ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ မြေကွက်လပ်တွင် အလျားပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ အဆောက်အအုံအား ခန့်မှန်းငွေကျပ်သိန်း ၂၀၀ ခန့်ဖြင့် တည်ဆောက်မည်ဖြစ်သည်။

အဆိုပါစက်ရုံကို ဒေသခံပြည်သူများ၏ လှူဒါန်းမှုများဖြင့် တည်ဆောက်မည်ဖြစ်ကာ အောက်ဆီဂျင်ထုတ်စက် လျှပ်စစ်မီးရရှိရေးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးရရှိရေး တိုင်းဒေသကြီးအစိုးရက ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝက်လက်မြို့နယ်၌ အိမ်ထောင်စု ၁၂၀၀ အား စားသောက်ကုန်များ ထောက်ပံ့

**ဝက်လက် စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်သုံးမျိုးကို ဝက်လက်မြို့နယ် အမှတ် ၂ ရပ်ကွက်နေ ကိုဦး၊ မချောစု မိသားစုမှ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဟသ်ာမင်းဖက်ရှင်စတိုးရှေ့တွင် ထောက်ပံ့ပေးအပ်သည်။

ကိုဗစ် - ၁၉ ကာလအတွင်း လိုအပ်သူများကို ကူညီပေးနိုင်ရန်အတွက် မြို့နယ်အတွင်း စားဝတ်နေရေးခက်ခဲသော အခြေခံလူတန်းစားအိမ်ထောင်စု စာရင်းများကို ကြိုတင်စာရင်းကောက်ယူပြုစုခဲ့ရာ အိမ်ထောင်စု ၁၂၀၀ ကို ရရှိခဲ့ပြီး အဆိုပါအိမ်ထောင်စုများထံသို့ အိမ်ထောင်စု တစ်စုလျှင် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ငါးသေတ္တာတစ်ဘူးတို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စိုးစိုးလှိုင်**
**(ဝက်လက်)**

## ကျိုင်းတုံမြို့ အာခါဈေးကို ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်

**ကျိုင်းတုံ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်ကို Stay at Home အဖြစ် သတ်မှတ်ကြေညာထားပြီး မြို့သစ်၊ အာခါဈေးအား ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ယာယီပိတ်ထားခဲ့ရာ ပြည်သူများ ခက်ခဲမှုမရှိစေရေး အခြေခံစားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါး၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက် ဆိုင်များကို စက်တင်ဘာ ၆ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့် အညီ ဖွင့်လှစ်ရောင်းချခွင့်ပြုသည်။

ထိုသို့ ရောင်းချခွင့်ပြုထားသည့် ဆိုင်များကို သတ်မှတ်ထားသည့် နေရာများ၌သာ ရောင်းချရန် ဈေးရောင်းချသူများအား အသိပေးကြေညာထားပြီး ဈေးရောင်းချခွင့်ရသော ဈေးသည်များအနေဖြင့် သတ်မှတ်စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

# မြိတ်ခရိုင်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**မြိတ် စက်တင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ပြည်သူလူထုအားလုံး၏ လက်ဝယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအထိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ရုံးဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်း ၅၅၀၂ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ် ၃၉၁၅ ကတ်ကို ပြုလုပ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ပန်းခင်းစီမံချက်ဖြင့် ပြည်သူများအား အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

ပန်းခင်းစီမံချက်သည် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေး၊ နိုင်ငံသားဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်စေရေး ရည်ရွယ်ချက်ဖြင့် မေ ၃ ရက်မှစတင်ကာ အိမ်ထောင်စုစာရင်း မရှိသေးသည့် ပြည်သူများနှင့် အသက် ၁၆ နှစ်နှင့် ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် ပြည်သူများအား ဆောင်ရွက်ပေးလျက်ရှိရာ မြိတ်ခရိုင်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ ခုနှင့် တပ်ရင်းတပ်ဖွဲ့များသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်း ၅၅၀၂ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၉၁၅ ကတ်ကို လက်ဝယ်အရောက်ထုတ်ပေးခဲ့ပြီးဖြစ်ကာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြိတ်ခရိုင်ဦးစီးမှူးရုံးမှ သိရသည်။

"လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဟူသည့် ပန်းခင်းစီမံချက်ရဲ့ဆောင်ပုဒ်အတိုင်း နိုင်ငံသားတွေအားလုံးရဲ့လက်ထဲမှာ နိုင်ငံသားစိစစ်ရေးကတ်တွေ၊ အိမ်ထောင်စုစာရင်းတွေရရှိအောင် ဥပဒေနဲ့အညီ ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံသားတစ်ဦးချင်းစီရဲ့ နိုင်ငံသားအခွင့်အရေးတွေ ရရှိဖို့ ပြည်သူတွေအနေနဲ့ လိုလိုလားလားနှင့် ဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဦးထွန်းဇော်ဦးက ပြောသည်။

မြိတ်ခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းကို လုပ်ငန်းစဉ်လေးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအား လက်ရှိဒေသ၌ အမြဲတမ်းနေထိုင်ပြီး အိမ်ထောင်စုစာရင်းရှိ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ၊ လက်ရှိဒေသ၌ အမြဲတမ်းနေထိုင်ပြီး အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ၊ လက်ရှိဒေသသို့ တခြားဒေသမှ ပြောင်းရွှေ့နေထိုင်သူများအနက် မူလဒေသတွင် အိမ်ထောင်စုစာရင်းရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ၊ ထိုသို့ ပြောင်းရွှေ့နေထိုင်သူများအနက် မူလဒေသတွင်လည်း အိမ်ထောင်စုစာရင်းမရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားလည်း မရှိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

# ဝါးခယ်မမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးဆက်လက်ဆောင်ရွက်

**ဝါးခယ်မ စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးကို ယနေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်ပညာရေးမှူးရုံးဝင်းရှိ ဒေါ်ပိုက်မိခန်းမ၌ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းထွဋ်နှင့် တာဝန်ရှိသူများက ကြည့်ရှုကြပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနှင့်ဝန်ထမ်းများက အခြေခံပညာဦးစီးဌာနဝန်ထမ်းများနှင့် မိသားစုဝင်များအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ပန်းခင်းစီမံချက်ဖြင့် မေ ၃ ရက်မှ ယနေ့အထိ ဌာနဆိုင်ရာနှစ်ခု၊ ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စု ၁၁ ခု၌ အိမ်ထောင်စုလူဦးရေစာရင်းအားဒေသခံ ၂၄၅ စု၊ ရွှေ့ပြောင်း ၈၃ စု စုစုပေါင်း ၃၂၈ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို အသက် ၁၀ နှစ်ပြည့် ၁၉၉ ကတ်၊ အသက်၁၈ နှစ် ပြည့် ၆၁၉ ကတ်၊ လဲလှယ် ၇၃ ကတ်၊ ပျောက်၊ ပျက် ၁၃၆ ကတ် စုစုပေါင်း ၁၀၂၇ ကတ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်ရှိသည့် ဌာနဆိုင်ရာ၊ ရပ်ကွက်နှင့် ကျေးရွာနေ ပြည်သူများအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စောသန္တာဦး(ပြန်/ဆက်)**



# မြေပုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများပေးအပ်

**မြေပုံ စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် မြေပုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ထားရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ပေးအပ်ပွဲကို ယမန်နေ့က ဝက်ခေါင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဦးနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဇော်ဇော်လွင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃(က) ၆၄ ကတ်၊ ၆(က) ၇၂ ကတ်နှင့် အိမ်ထောင်စုစာရင်း ၇၈ စောင်အား ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းငေါ့မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မိုင်းငေါ့ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းငေါ့မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ မြို့ဦးစီးမှူး ဦးအောင်ကျော်စိုး ဦးဆောင်သောဝန်ထမ်းများက မိုင်းငေါ့မြို့အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်လိုသူများကို ပန်းခင်းစီမံချက်ဖြင့် ယမန်နေ့နံနက်ပိုင်းက ကွန်ကောက်ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့ဦးစီးမှူးနှင့် ဒုလဝကမှူး ဦးခမ်းရီတို့က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများ လွယ်ကူလျင်မြန်စွာရရှိနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကွန်ကောက်ကျေးရွာအုပ်စုမှ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၄၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးကြောင်း မြို့လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးမှ သိရသည်။

**မြင့်သွယ်(ပြန်/ဆက်)**

**လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍**
**အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား**
**ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)**

- မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊
- ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရွှေ့ပြောင်းလျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း၊
- မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများ ထံပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း၊
- မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊
- ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း၊

# “မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်” အစီအစဉ် ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ “မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော်”တွင်ရှိသည့် ဘုရားစေတီများ၊ သာယာလှပသည့် သဘာဝပတ်ဝန်းကျင်များ၊ လေ့လာဖွယ်ရာ အထင်ကရနေရာများ၊ ဒေသအစားအစာများနှင့် ဒေသထွက်ကုန်များအပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် စက်မှုလက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများကို ရိုက်ကူးထုတ်လွှင့်ခြင်းအားဖြင့် အများပြည်သူ ဗဟုသုတအဖြစ် သိမြင်ခံစားနိုင်စေရန် ရည်ရွယ်၍ “မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်” အစီအစဉ်ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုးတို့က “မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်” အစီအစဉ် ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်စေလိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ရိုက်ကူးမည့်အစီအစဉ်များကို ပြည့်ပြည့်စုံစုံဖြစ်စေရေးအတွက် ဆွေးနွေးပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးစီးအရာရှိ ဦးဝင်းထွဋ်အောင်က ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က “မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော်”အစီအစဉ်ရိုက်ကူးထုတ်လွှင့်ပြသမည့် ကဏ္ဍကိုးခုနှင့်ပတ်သက်၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အစီအစဉ်ထုတ်လွှင့်ပြသမှု အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးကြသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ “မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်” အစီအစဉ် အခန်းကဏ္ဍကိုးခုအနေဖြင့် တန်ခိုးကြီးဘုရားစေတီများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားများ၊ နေပြည်တော် စည်ပင်သာယာလှပသည့် ပုံရိပ်မြင်ကွင်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဒေသထွက်ကုန်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဆည်မြောင်းတာတမံများ၊ ကမ်းပြိုကာကွယ်ရေးကဏ္ဍ၊ သစ်တောနှင့် ပတ်ဝန်းကျင်ကဏ္ဍ၊ အထင်ကရနေရာများ(ဗဟုသုတရှာမှီးရာပြတိုက်များ)၊ အထင်ကရနေရာများ(ခရီးသွားလည်ပတ်အပန်းဖြေရာနေရာများ)၊ စက်မှုလက်မှုလုပ်ငန်းများ(ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ)စသည်တို့ကို ရိုက်ကူးထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်းသိရသည်။

ထွန်းထွန်းဝင်း

(ပြန်/ဆက်)

# ချင်းရွှေဟော်မြို့အဝင် တံတားအနီး၌ ပေါက်ကွဲစေတတ်သောပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၆**

လောက်ကိုင်မြို့နယ်နှင့် ကွမ်းလုံမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့သည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ဩဂုတ် ၃၁ ရက်က ကွမ်းလုံ-လောက်ကိုင်သွား ကားလမ်း ချင်းရွှေဟော်မြို့အဝင် တံတားအနီးတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် ကွမ်းလုံဘက်မှ ချင်းရွှေဟော်ဘက်သို့ လောက်ဖျင် မောင်းနှင်လာသည့် Crown အမျိုးအစား အဖြူရောင်ယာဉ်နှင့် မာတူး(ခ)Zတူးလျာ မောင်းနှင်လာသည့် Crown အမျိုးအစား ခဲရောင်ယာဉ်နှစ်စီးကို မသင်္ကာဖွယ် တွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးရာ Crown အမျိုးအစား အဖြူရောင်ယာဉ်နောက်ဖုံးအတွင်း၌ ၂ ဒသမ ၅ လက်မ x ၅ လက်မခန့်ရှိ Receiver ဘူး ၂၀၊ ၂၀၀ ဂရမ်ရှိ TNT ယမ်းတောင့် ၅၄ တောင့်၊ အစိမ်းရောင် ရှေ့ထွက်မိုင်း လေးလုံး၊ လျှပ်စစ်ဒီတိုနေတာ ၃၀၀ နှင့် New Leaders တံဆိပ်ပါ 9V ဓာတ်ခဲနှစ်လုံးတို့ကို တွေ့ရှိခဲ့ပြီး Crown အမျိုးအစား ခဲရောင်ယာဉ် ရှေ့/နောက် ထိုင်ခုံများအောက်ရှိ ယာဉ်ကြမ်းခင်းကို ဖွင့်လှစ်စစ်ဆေးရာ ၂၀၀ ဂရမ်ခန့်ရှိ TNT ယမ်းတောင့် ၄၄၈ တောင့် တွေ့ရှိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)** **ကိုကိုဇော်**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ


**နေပြည်တော် စက်တင်ဘာ ၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၂ စီး၊ သွင်းကုန် ၄၂ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၂၁၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၂၀၅ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Lactasoy (125 ml x 60) (100 Pkgs)၊ (300ml x 36) (20 Pkgs) နှင့် Lipovitan-D (100 ml x 50) (25 Pkgs) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း(IDPs)များတွင် ခိုလှုံနေကြသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

စစ်တွေ စက်တင်ဘာ ၆

**ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း(IDPs)များတွင် ခိုလှုံနေကြသည့် အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများနှင့် ကျေးရွာများတွင် နေထိုင်ကြသည့်ပြည်သူများအား ယနေ့နံနက်ပိုင်းက ဘောဒူဖကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် ဘောဒူဖ(၁) နေရပ်စွန့်ခွာစခန်း (IDPs)များ၌ ပထမအကြိမ် Sinovac ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးလျက်ရှိသည်။**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးစစ်ဆေးပေးစဉ်။

### ကာကွယ်ဆေးထိုးနှံပေး

ထိုသို့ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများနှင့် စစ်တွေတပ်နယ်မှ ဆေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင် ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြခြင်းဖြစ်ကာ ဆေးထိုးနှံပြီး နောက်တွင်လည်း မိနစ် ၃၀ အကြာ စောင့်ကြည့်ပြီးမှ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်း သိရသည်။

### လူအရေအတွက်အပေါ်မူတည်ပြီး စီစဉ်ထား

ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် စပ်လျဉ်း၍ ခေါင်းဒုက္ကာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောလှ(ဦးရော်ဖီး) က "ဒီနေ့ ကျွန်တော်တို့ ဘောဒူဖကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်းနဲ့ ဘောဒူဖ(၁) နေရပ်စွန့်ခွာစခန်း (IDPs) နှစ်ခုမှာ ကိုဗစ်ရောဂါ ကာကွယ်ဆေးကို လူဦးရေ ၆၀၀ အတွက် ထိုးနှံပေးဖို့ စီစဉ်ထားပါတယ်။ ကျေးရွာစာသင်ကျောင်းမှာ လူဦးရေ ၃၀၀ နဲ့ ဘောဒူဖ(၁)စခန်းမှာ လူဦးရေ ၃၀၀ ထိုးနှံပေးဖို့ စီစဉ်ထားပါတယ်။ ဆေးထိုးဖို့လာရောက်တဲ့လူအရေအတွက် အပေါ်မူတည်ပြီးတော့ ထိုးနှံပေးဖို့စီစဉ်ထားပါတယ်။ အခုလိုမျိုးပေ့ါ ကာကွယ်ဆေးတွေကို ကျွန်တော်တို့ စခန်းတွေ၊ ကျေးရွာတွေအထိ လာပြီးတော့ ထိုးနှံပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ တပ်မတော်က ဆေးဝန်ထမ်းတွေနဲ့ ကာကွယ်ဆေး ထိုးနှံနိုင်ဖို့ စီစဉ်ပေးတဲ့ နိုင်ငံတော်အစိုးရကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်"ဟု ပြောသည်။



နေရပ်စွန့်ခွာစခန်း(IDPs)များတွင် ခိုလှုံနေသူများအား ကာကွယ်ဆေးထိုးနှံပေးစဉ်။

### ပူးပေါင်းကူညီဆောင်ရွက်

ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသော သက်ကြီးရွယ်အိုများအား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး၊ IDPs စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများက လိုအပ်သောကိစ္စများကို ပူးပေါင်း ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

### ကာကွယ်ဆေးသီးသန့်ခွဲဝေချပေးထား

စစ်တွေမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာစခန်း (IDPs)များတွင် အသက် ၄၅ နှစ်နှင့်အထက် ပြည်သူများအား Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဩဂုတ် ၂၈ ရက်မှ စတင်၍ ထိုးနှံပေးလျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများနှင့် IDPs စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် Sinovac ကာကွယ်ဆေးအလုံးရေ ၅၀၀၀၀ ကို ပြည်ထောင်စုအစိုးရအဖွဲ့က သီးသန့်ခွဲဝေချပေးထားပြီး ဖြစ်ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ - ကံထွန်း(ဟံတာမြေ)**

# အမ်းမြို့နယ် နေရပ်စွန့်ခွာစခန်းများ၌ ခိုလှုံနေကြသော အသက် ၁၈ နှစ်အထက် ပြည်သူ ၁၁၄၀ ပထမအကြိမ် ထိုးနှံပေး

**အမ်း စက်တင်ဘာ ၆**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် နေရပ်စွန့်ခွာစခန်းများ၌ ခိုလှုံနေကြသော အသက် ၁၈ နှစ်အထက် ပြည်သူ ၁၁၄၀ အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခြင်းနှင့် ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိသူများအား ရွှေအမ်းတောင်ခန်းမ၌ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက မြို့နယ် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး ထိုးနှံပေးသည်။

အမ်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မိုးလုံလေလုံအားကစားခန်းမ နေရပ်စွန့်ခွာခိုလှုံနေသော တိုက်ပွဲရှောင်စခန်း(၂)ရှိ အသက် ၁၈ နှစ်အထက် ပြည်သူ ၅၈၂ ဦးတွင် ထိုးနှံရန် ကျန်ရှိသူများ၊ ဈေးရပ်ကွက် ဆွေမျိုးများနေအိမ်၊ လေယာဉ်ကွင်းရပ်ကွက် ဆွေမျိုးများ နေအိမ်၊ ဈေးတောင်ရပ်ကွက် ဆွေမျိုးများနေအိမ်၊ ပျဉ်းတောကျေးရွာ ဆွေမျိုးများနေအိမ်တို့တွင် နေရပ်စွန့်ခွာ ခိုလှုံနေသူ ပြည်သူများနှင့် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူ ၁၁၂ ဦးတို့အား မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့်သူများကို တွေ့ရစဉ်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံရန်အတွက် နေရပ်စွန့်ခွာ ခိုလှုံနေသူများဖြစ်သည့် ပဲပဒုံစခန်း(၁) နေရပ်စွန့်ခွာ ခိုလှုံနေသူများ၊မိုးလုံလေလုံအားကစားခန်းမ နေရပ်စွန့်ခွာ ခိုလှုံနေသူများ၊ ဈေးရပ်ကွက်ဆွေမျိုးများ နေအိမ်၊ ဈေးတောင်ရပ်ကွက် ဆွေမျိုးများ နေအိမ်၊ လေယာဉ်ကွင်းရပ်ကွက် ဆွေမျိုးများ နေအိမ်၊ ပျဉ်းတောကျေးရွာ ဆွေမျိုးများနေအိမ်၌ နေထိုင်ကြသူ အသက် ၁၈ နှစ်အထက် ပြည်သူများအား စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံရန် မြို့နယ်တွင် Sinovac ဆေးအလုံးရေ ၅၇၀ အတွက် ဆေးတစ်လုံးလျှင် လူ နှစ်ဦးနှုန်းဖြင့် လူဦးရေ ၁၁၄၀ ကို ထိုးနှံပေးပြီး ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm အမျိုးအစား ထိုးနှံရန် ကျန်ရှိသူ ၁၁၂ ဦးတို့ကို ဆက်လက်ထိုးနှံပေးကြောင်း သိရသည်။ **ဝင်းအိမွန်(ပြန်/ဆက်)**

# အကြမ်းဖက်သူများက မြို့နယ်အချို့ရှိ ဆက်သွယ်ရေးတာဝါတိုင်များအား ဖျက်ဆီးမှုများ ပြုလုပ်

နေပြည်တော် စက်တင်ဘာ ၆

**နိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်သူလူထုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုသည့် ဆက်သွယ်ရေးကွန်ရက်များအား နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်နိုင်စေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီစဉ်ညွှန်ကြားမှုများဖြင့် ဆက်သွယ်ရေးတာဝါတိုင်များအား အမြို့မြို့၊ အနယ်နယ်တိုင်း၌ တွန်းအားပေးစိုက်ထူ ဆောင်ရွက်ထားရှိခဲ့သည်ကို အေးချမ်းစွာနေထိုင်လိုခြင်း မရှိဘဲ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သူများက အဆိုပါဆက်သွယ်ရေး တာဝါတိုင်များအနက် အချို့ကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများဖြင့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လာကြသည်ကို တွေ့ရှိရသည်။**

ထိုသို့ ဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် စက်တင်ဘာ ၅ ရက် နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူး မြို့နယ် ကျည်တောက်ပေါက် ကျေးရွာ ဓမ္မာရုံအနီးနေ မသန်းသန်းတိုး(၄၅ နှစ်) (ဘ)ဦးတိုင်းအောင်၏ နေအိမ်ခြံဝင်းအတွင်း စိုက်ထူထားသည့် Ooredoo ဆက်သွယ်ရေး တာဝါတိုင်၏ ဆက်သွယ်ရေးစက်များ တပ်ဆင်ထားသည့် အထိုင်စက်ပုံးကို အကြမ်းဖက်သူများက မီးရှို့ ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှု ဖြစ်ပွားခဲ့ရာ အနီးရှိပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဆက်သွယ်ရေး စက်ပုံးအတွင်းမှ စက်ပစ္စည်းများနှင့် ကေဘယ်လ်ကြိုးများ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

### မီးပုလင်းဖြင့် ပစ်ပေါက်

အလားတူ နံနက် ၃ နာရီခွဲ အချိန်တွင် မိတ္ထီလာမြို့ရှောင်လမ်း အနီး သာစည်မြို့နယ် ကျည်းကန် ကျေးရွာနေ ဦးဟန်ရှိန်(၅၂ နှစ်) (ဘ) ဦးမြင့်မောင် ပိုင်ဆိုင်သော တောင်ယာကွက်ထဲ၌ စိုက်ထူထားရှိသည့် Mytel/Telenor/Ooredoo ဆက်သွယ်ရေးစက်များနှင့် ဘက်ထရီအိုးများ ထည့်သွင်းထားသည့် စက်ခန်းအတွင်းသို့ အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ စက်ခန်းအတွင်း တပ်ဆင်ထားသည့် AC ပါဝါကေဘယ်လ်ကြိုး မီတာ ၃၀၊ Singel Bigger လေးလုံး၊ ဆိုလာပါဝါကေဘယ်လ်ကြိုး မီတာ ၂၀ ခန့်တို့အား ဖျက်ဆီးခံထားရပြီး မီးပုလင်းပစ်ခဲ့မှုကြောင့် မီးလောင်ကျွမ်းမှုမရှိဘဲ စက်ခန်းအနီးမှ ဓာတ်ဆီနံ့ရှိသော ပုလင်းကွဲများ တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် အနီးစခန်းနှင့် ဆင်လမ်းဆည်သို့ ဆက်သွယ်ထားသည့် မြေသားလမ်းဘေးနေ ဒေါ်ဘောက်မိုင် (၅၆ နှစ်) (ဘ) ဦးဂွန်ဂျာ၏ နေအိမ်ခြံဝင်းအတွင်း၌ စိုက်ထူထားသည့် Ooredoo / Telenor ဖုန်းလိုင်းများ၏ထပ်ဆင့် ထုတ်လွှင့်ရေး ဆက်သွယ်ရေး တာဝါတိုင်၌ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ Ooredoo ဖုန်းလိုင်း ထပ်ဆင့် ထုတ်လွှင့်ဆက်သွယ်ရေး စက်ပုံး၏ အောက်ခြေ၌ အကြမ်းဖက်သူများ ဖောက်ခွဲခဲ့သည့် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် Ooredoo ဆက်သွယ်ရေး စက်များထည့်ထားသည့် စက်ပုံးပျက်စီးခဲ့ပြီး အနီးရှိ Telenor ဆက်သွယ်ရေးစက်များ အနည်းငယ်ပျက်စီးကာ ဆက်သွယ်ရေး ဖိုက်ဘာကြိုး ငါးချောင်း ပြတ်တောက်ပျက်စီးခဲ့သဖြင့် တန်ဖိုးငွေကျပ် ၂၀၀၅ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။



စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ၌ စိုက်ထူထားသည့် Ooredoo ဆက်သွယ်ရေးတာဝါတိုင်၏ အထိုင်စက်ပုံးကို မီးရှို့ခံရသဖြင့် ပျက်စီးမှုကို တွေ့ရစဉ်။

### အရေးယူနိုင်ရေးဆောင်ရွက်

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သာစည်မြို့နယ် ကျည်းကန်ကျေးရွာရှိ Mytel/Telenor/Ooredoo ဆက်သွယ်ရေးစက်ခန်းအတွင်းမှ ကေဘယ်လ်ကြိုး၊ ပါဝါကြိုးများ ဖျက်ဆီးခံရမှု။



ပြင်ဦးလွင်မြို့နယ် အနီးစခန်းနှင့် ဆင်လမ်းဆည်သို့ ဆက်သွယ်ထားသည့်လမ်းဘေး စိုက်ထူထားသည့် ဆက်သွယ်ရေးတာဝါတိုင်ကို မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့မှု။

## မရမ်းကုန်းမြို့နယ် ဘောဂသိဒ္ဓိအိမ်ရာဝင်းအတွင်းရှိ ကားပါကင်၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ၎င်းအပါအဝင် အမျိုးသားနှစ်ဦးသေဆုံး

**နေပြည်တော် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘောဂသိဒ္ဓိအိမ်ရာဝင်းအတွင်းရှိ ကားပါကင်၌ အကြမ်းဖက်သမားတစ်ဦးက လက်လုပ်မိုင်းထောင်စဉ် ပေါက်ကွဲမှု ဖြစ်ပွား၍ ၎င်းအပါအဝင် အမျိုးသားနှစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၅ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဘောဂသိဒ္ဓိလမ်းရှိ ဘောဂသိဒ္ဓိအိမ်ရာ ကားပါကင်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကွန်ဒိုကားပါကင်ဝင်ပေါက်အနီး၌ ကွန်ဒိုလုံခြုံရေးအစောင့်ဖြစ်သူ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် မုဒိတာအိမ်ရာနေ ဦးကျော်ဝင်း (၆၅ နှစ်) (ဘ) ဦးပွနှင့် ၎င်းနှင့် ၁၀ ပေခန့်အကွာတွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ)တို့ နှစ်ဦး၏ ခန္ဓာကိုယ်အနှံ့ မိုင်းစထိမှန်ဒဏ်ရာများ၊ ပွင့်ထွက်ဒဏ်ရာများဖြင့် သေဆုံးနေပြီး (စိစစ်ဆဲ) အမျိုးသား၏အနီးတွင် ပေါက်ကွဲထားသည့် Keypad ဖုန်းအပိုင်းအစများ၊ စက္ကူများနှင့် ကျိုးပဲ့နေသော ပလတ်စတစ်ထိုင်ခုံ အပိုင်းအစများကို တွေ့ရှိခဲ့ရသည်။ **(ဝဲအောက်ပုံ)**



ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို သိရှိနိုင်ရေးအတွက် အဆိုပါကွန်ဒိုတွင် တပ်ဆင်ထားသည့် CCTV မှတ်တမ်းများအား ကြည့်ရှုစစ်ဆေးခဲ့ရာ (စိစစ်ဆဲ) အမျိုးသားမှာ ကားပါကင်၌ ဖောက်ခွဲရန် လက်လုပ်မိုင်းကို တပ်ဆင်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

ထိုသို့ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့၍ သေဆုံးခဲ့ရသည့် အကြမ်းဖက်သူ အမျိုးသားတစ်ဦးနှင့် ဦးကျော်ဝင်းတို့၏အလောင်းများကို တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

**ရဲပြန်ကြား**

## KNLA တပ်မဟာ(၅)အဖွဲ့၏ ပစ်ခတ်မှုကြောင့် ဖာပွန်ခရိုင်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ကုသလျက်ရှိသည့် အသက် ၇၈ နှစ်အရွယ် အဘွားအိုတစ်ဦး ထိခိုက်ဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၆**

KNLA တပ်မဟာ (၅) အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ဖာပွန်ခရိုင် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက် ကုသမှုခံယူလျက်ရှိသည့် အသက် ၇၈ နှစ်အရွယ် အဘွားအို တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။



KNLA တပ်မဟာ(၅)အဖွဲ့၏ ပစ်ခတ်မှုကြောင့် ခရိုင်ပြည်သူ့ဆေးရုံ (ဖာပွန်)ရှိ အဆောက်အအုံ ပျက်စီးမှုကို တွေ့ရစဉ်။

